
www.burmeseclassic.com

ဝိုး ဝိုး စာ ပေ

# အကြည်ပြေဝေါက်



www.burmeseclassic.com

www.burmeseclassic.com



ဃောကမှာ ဘယ်သူမှ အပြစ်မကင်းပါဘူး။
သိစ်ညာဖြင်းကို အပြစ်လို့သတ်မှတ်ပြီးကတည်းက . . .

××××

www.burmeseclassic.com



ဩောကမှာ ဘယ်သူမှ အပြစ်မကင်းပါဘူး။
ဃိစ်ညာဗြင်းကို အပြစ်လို့သတ်မှတ်ပြီးကတည်းက ...

××××



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ဟမ်းဖုန်းစရောက်သည့်နေ့က ဤပြဿနာ စပါသည်။

မိဘာလုပ်စာ အေးအေးဆေးဆေးထိုင်စား၊ ထိုင်သုံးဖြုန်းနေရသော ဘဝက ငြီးငွေ့လွန်း၍ ဩစတြေးလျရှိ မိဘနှစ်ပါးအား လက်အား၍ ဟမ်းဖုန်းတစ်လုံးကိုင်ချင်ကြောင်း ပူဆာလိုက်ရာမှ ဤပြဿနာစပါသည်။

"သားရယ်. . . အိမ်မှာလည်း လိုင်းဖုန်းရှိနေရဲ့ သားနဲ့ ဟမ်းဖုန်းက ဘာလုပ်မှာလဲ၊ အဖေတို့ဆို အလုပ်ရှုပ်လွန်းလို့ ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ထားရတာ"

ဩဇီ(ဩစတြေးလျ)မှ ဖခင်၏စကား။

"ဟာ. . . အဖေကလည်း အိမ်ဖုန်းဆိုတာ အိမ်မှာပဲသုံးရတာ၊ သားအိမ်မှာမရှိရင် အဖေတို့နဲ့ ဘယ်လိုဆက်သွယ်မလဲ၊ အဖေတို့ကို လမ်းမှာသတိရရင်တောင် သားကဘယ်လိုလုပ်မှာလဲ"

အမှန်တော့ မိဘဆိုတာ ပိုက်ဆံလိုမှသတိရတာ။ ကျန်တဲ့အချိန်ဆို သတိရဖို့ဝေးလို့ ရှိတယ်တောင်မထင်။

"မင်းသုံးဖြုန်းနေတာလဲ များပြီနော၊ တလောကလည်းသားက ရေငတ်လို့ ရေဆင်းသောက်တာ ကရိန်းနဲ့တောင်ပြန်ဆွဲတင်ရတယ်ဆို"

မှန်ပေ၏။ မကြာသေးခင်ကမှ ကားက မြောင်းထဲကျသွား၍ မနည်းပြန်ဆွဲတင်၍ ပြင်ရသေး၏။

"အလုပ်အကိုင်ကလည်းမရှိ၊ ဒီလောက်တောင် သုံးဖြုန်းနေရင် နိုင်ငံခြားရောက်နေတဲ့ မိဘနှစ်ပါးလည်း အချုပ်နဲ့နီးပြီနော"

"လုံခြုံတာပေါ့အဖေရာ၊ အဲလေ ဒီလောက်နဲ့ ဘာမှမဖြစ်ပါဘူး"

"ငါဖြစ်တာက အကြောင်းမဟုတ်ဘူး၊ နင့်အမေလည်းဟိုအတန်းရောက်တော့မယ်"

"ဖွဟဲ့. . . လွဲပါစေ ဖယ်ပါစေ၊ ဘယ်အတန်းလဲအဖေ"

"ဂုဏ်ထူးတန်းကိုပြောတာကွ၊ အခု ဩဇီမှာ ကျောင်းပြန်တက်နေတာကိုပြောတာ"

ကိုယ်ထင်တာမဟုတ်လို့ သက်ပြင်းချမိသည်။ နောက်နှုတ်က လွှတ်ခနဲ. . .

"ဩော်. . . ဒီအမေကလည်း အသက်ကြီးမှ လက်ပေးသည့်တုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်. . . မင်းအမေကို ခွေးလို့ပြောတာလားကွ၊ ဟေ. . . ခွေးမသား"

"ဟင်. . . ဟင် ကျွန်တော်ပြောတာမဟုတ်ဘူးလေ၊ အဖေပြောတာ"

"ငါဘာပြောလို့လဲကွ"

"ခွေးမသားဆို၊ အမေဘာဖြစ်သွားပြီလဲ"

"ကိုန်"

အဖေတောက်ခတ်လိုက်ပုံရသည်။ သို့သော် ဖုန်းသံက မကြည်၍ အထက်ပါအသံသာ ကြားလိုက်ရသည်။

"ကျွန်တော်ပြောတာက ရိုးရိုးပါအဖေရာ၊ အမေက အသက်ကြီးမှ လက်ပေးပြီး စာပြန်သင်နေတာကိုပြောတာပါ။ အခုဟာက အမေ့ကို သတိရရင်လည်း ဆက်စရာဖုန်းက အဲ. . . အိမ်မှာတော့ ရှိတာပေါ့၊ လမ်းမှာဆို ဝက်သားတုတ်ထိုးဆိုင်မြင်ရင် အမေ့ကိုလွမ်းတယ်အဖေရာ၊ အရက်ဆိုင်မြင်တော့ အဖေ့ကိုလွမ်းတယ်အဖေရာ ဒါနဲ့စကားမစပ် အဖေရောချသေးလား"

"ချတယ်. . . အဲ. . . ဟေ့ကောင် ငါအရက်ဖြတ်ထားတာ ကြာပြီကွ၊ ညအိပ်ရာဝင်ခါနီးမှ လေးပက်သောက်တာ၊ အာ. . . ရှုပ်ကုန်ပြီ၊ ကဲ ကဲ မင်းလိုချင်တဲ့ ဟမ်းဖုန်းကို မင်းဦးလေး ကဗျာဆရာရှူးဆီမှာပြောပြီး ငွေထု[illegible]လိုက်၊ အေး. . . သူပေးရင်တော့ယူ၊ မပေးရင်မယူနဲ့ ဒါပဲ"

ဂွပ်ခနဲ ဖုန်းချသွားသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ တယ်လီဖုန်းတစ်လုံးရဖို့ ငါးဆယ်ရာခိုင်နှုန်း သေချာသွားပြီ။ အဖေ့၏ ညီ ကဗျာဆရာ (လူအမည်သဲမောင်) သားအိမ်ကောင်းကို ချော့ရပေဦးမည်။

နာမည်ရင်း သဲမောင်ဖြစ်သော်ငြား အဆိုတော် ထူးအိမ်



www.burmeseclassic.com

www.burmeseclassic.com



သင်ကို တစ်ဖက်သတ်လေးစားရချိမ့်တကား သူ၏ကလောင်အမည်ကို ထူးအိမ်သင်အဖြစ် ပြောင်းလဲချင်သော်လည်း အများက အပြစ်တင်မည်ကြောက်၍ကတစ်ကြောင်း၊ နေ့နံမကိုက်သည်ကတစ်ကြောင်း တို့ကြောင့် နေသင့်နံသင့် သားအိမ်ကောင်းဟူသောကလောင်အမည်နှင့်သာ ပျော်မွေ့နေရလေတော့သည်။ ဒါကို ဘဝတူကဗျာဆရာများ ကဗျာရေးဖော်များက သူ့အား ချစ်စနိုးဖြင့် သားအိမ်ကောင်းဟု ခေါ်ရမည့်အစား ရေးတော့အမှန် ဖတ်တော့အသံဆိုသည့်အတိုင်း

"(သား)သအိမ်ခေါင်း၊ ကိုသအိမ်၊ ဦးသအိမ်ခေါင်း"ဟုသာ ခေါ်တွင်ကြလေသည်။ ဤသည်ကိုလည်း သူက ပီတိဖြစ်၏။

ယခုလည်း. . .

×××××



www.burmeseclassic.com

www.burmeseclassic.com



"ဦးသားအိမ်(အသံထွက်ဖြင့်သာဖတ်ပါ။)

ဘောပင်ကိုင်ထားလျက် သဘောခွေသွားပုံရသည်။ ပျော့ကျသွား၏။ သူကလောင်အမည်ကို လွန်စွာတန်ဖိုးထား၍ ဖြစ်၏။

"ဦးသားအိမ်ကဗျာတွေ အခုတက်လာတယ်နော်"

အမြောက်ကြိုက်မို့ မြှောက်ပြောလိုက်ခြင်းဖြစ်၏။ ဒါကိုကြီးရင်ပြီးရော အမြောက်သာမက စိန်ပြောင်းပါကြိုက်သော ဝမ်းတွင်းရှူး ဦးဖြစ်သူက. . .

"ဒါပေါ့ကွ. . . သားအိမ်ကသန္ဓေတည်လာတဲ့ သဘောပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးလား၊ မိန်းကလေးလား"

"ယောက်ျား၊ အဲ. . . ဘာ. . . ဘာပြောတာလဲကွ၊ ကဗျာမှာ ယောက်ျားမိန်းမ မရှိဘူး၊ လောဘ၊ မောဟ မရှိဘူးကွ၊ ဒေါသရှိတယ် မာန်မာနရှိတယ်၊ အဲဒါမှတ်ထား"

ပြောပုံကိုက ကဗျာသံစာသံပါနေ၏။ ဒါကို အလိုက်တသိ ပြန်လျှော့ရင်း. . .

"ဩော်. . . ဟုတ်သား၊ အဲ အခုတလော ဦးသားအိမ်ရေးတဲ့ ကဗျာတွေက သိပ်ခမ်းနားတာပဲနော်"

"ဘယ်ရမလဲ. . . မင်းသိပါတယ်၊ သားအိမ်ကောင်းကကြီးတယ်"

"ခစ်"

ကျွန်တော့်ခိုးရယ်သံကြောင့် သူမျက်မှောင်ကျုံ့၍ လှည့်ကြည့်သည်။

"ဟေ့ကောင်. . . မင်းဘာခိုးရယ်တာလဲကွ ဟေ"

မျက်နှာပိုးကို ချက်ချင်းပြန်ယတ်ရင်း. . .

"ခိုးရယ်တာမဟုတ်ပါဘူး၊ ကဗျာဆရာ သားအိမ်ကောင်းက ခေတ်ရှေ့ပြေးပြီး ကဗျာအသုံးအနှုန်းတွေမြင့်တယ်လို့"

နဂိုက ဝမ်းတွင်းရှူးမို့ ချက်ချင်းပြန်ဝင့်သွားသည်။

"မှန်ပါ့. . . သားအိမ်ကောင်းက ကြီးလည်းကြီး၊ မြင့်လည်း မြင့်တယ်"

"ကလေးလိုချင် ချက်ချင်းရနိုင်တဲ့ အနေအထားပေါ့နော်"

"ဘာ"

"ဩော်. . . ကဗျာကလေးများ လိုချင် ချက်ချင်းရနိုင်တာ ပေါ့လို့၊ အဲ. . . အခုတလော ဦးလေးရဲ့ကဗျာတစ်ပုဒ် သိပ်လူပြော များနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်မှောင်ကျုံ့သွား၏။

"အေး. . . ရေးတာလည်းများ၊ နာမည်ကြီးတာလည်းများ တော့ ဘယ်ကဗျာလဲမသိဘူး"

အမှန်တော့ ကဗျာနုသစ်တို့၊ အသစ်တို့၏ကဗျာ၊ ရင်ဖွင့်သံ ကဗျာတို့ စသည်ဖြင့် ကလောင်သစ်ကဏ္ဍမှာတင် သုံးလေးပုဒ်လား ပါဖူးတာ။ ဒါကိုတောင် သူ့ကိုယ်သူ ဝါရင့်ကလောင်ရှင်ကြီးအတိုင်း။

ကိုယ်ကလည်း တယ်လီဖုန်းလိုချင်နေသူမို့ အချိုသတ်၊ အကြိုက်ပေးရမည်မဟုတ်ပါလား။ ထို့ကြောင့်. . .

"ဟိုလေဗျာ. . . သားအိမ်ကောင်းရဲ့ကင်ဆာဆိုတာလေ"

သူက အမှတ်ရသွားသလိုဖြင့် ရှေ့စားပွဲကို လက်ဖြင့်တဖြန်း ဖြန်းပုတ်ပြီး. . .

"ဩော်. . . သားအိမ်ကောင်းကင်ဆာ၊ သားအိမ်ခေါင်း ကင်ဆာ၊ အဲဒါကိုပြောတာလား"

သူ့ဘာသာသူပြောပြီး မြိန်သွားသည်။ ကဗျာဆရာနှင့်တူ အောင်ဆိုပြီး တမင်မရှိရှိအောင်ထားထားသော မေးမွေးနှစ်ပင်သုံး ပင်ကိုပွတ်ပြီး. . .

"သားအိမ်ကောင်းကင်ဆာဆိုတာ သိပ်တန်ဖိုးရှိတာပေါ့ကွာ၊ ပညာပေးလေးလည်းဆန် ကဗျာကလည်းလှတာကိုး"

"ဟုတ်ပါ့ဦးရာ. . . တိုတိုလေးနဲ့ထိတယ်ဆိုတာ အဲဒီကဗျာ မျိုး. . . ဘာတဲ့"

"တစ်စက္ကန့်တွင် အမျိုးသမီးလေးယောက်နှုန်း ဤရောဂါ နဲ့သေနေကြသည်ဆိုတာလေ"

ကျွန်တော့်စကားကြောင့် သူ့မျက်နှာကြီးရဲကာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။

"ဟေ့ကောင်. . . အဲဒါကြော်ငြာကွ၊ ငါ့ကဗျာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘောတ်. . . ဒီကောင်ကွာ ကဗျာမှန်းမသိ၊ ကြော်ငြာမှန်းမသိ"

ပြောပြီးမှ မှားသွားမှန်းသိရသည်။ မဂ္ဂဇင်းဂျာနယ်များတွင် အမြဲပါနေသော ကြော်ငြာနှင့် ကိုယ့်ဦး၏ ကလောင်အမည်ရောသွားသတိုး၊ သူရေးတာက နာမည်မကြီး။ ဟိုကြော်ငြာက နာမည်ကြီးမို့ စိတ်စွဲသွားခြင်းဖြစ်သည်။ နောက်မှ အသေအချာပြန်စဉ်းစားပြီး. . .

"သြော်. . . မှတ်မိပြီ၊ မှတ်မိပြီ၊ ဟိုလေ"

"ညကလကိုလိုက်၊ လက ညကိုလိုက်

လူကလကိုလိုက်၊ ညကလူကိုလိုက်

ညကလကိုစား၊ ညကလူကိုစား

လိုက်စားခြင်းများစွာ. . . ရောဂါ ကင်ဆာ"

"ဆိုတာလေ ဦးရယ် သိပ်အဓိပ္ပာယ်ရှိတာပဲ၊ အဲဒါ ဘာတွေ ရေးထားတာလဲဟင်"

"အင်. . . အင်"

ပထမတော့ ကော်လံတထောင်ထောင်လုပ်နေသေး၏၊ ဘာရေးထားတာလဲဟုမေးလိုက်မှ အုန်းသီးကြီးအလုံးလိုက် မျိုချလိုက်ရသူလို နင်သွားပုံရ၏။

"မင်းကလည်းတစ်မျှောင့်၊ သိပ်အဓိပ္ပာယ်ရှိတယ်လည်းပြောသေး၊ ဘာရေးထားတာလဲပြောသေးဆိုတော့ ငါက ဘာကိုပြောပြရမှာလဲ"

"ဟိုလေ. . . ဘာအဓိပ္ပာယ်နဲ့ရေးထားလဲလို့ သိချင်တာပါ အဖော်"

မနည်းမျက်နှာကို ဖြဲ၍ဖားရ၏။ ဒါကို ကဗျာဆရာသားအိမ်ကောင်းက ကိုယ်ကိုမတ်၍

"သိပ်လေးနက်တာပေါ့ကွာ၊ အသေအချာနားထောင်"

ဆိုကာ သူ၏ကင်ဆာကို အသေအချာရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညကလကိုလိုက် ဆိုတာ ညကလကိုလိုက်တာပေါ့ကွာ၊ မှတ်နော်၊ မှတ်မှတ်၊ အဲ လကညကိုလိုက်ဆိုတာက လကညကိုလိုက်တာပေါ့၊ ရှင်းတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရှင်းပါတယ်"

ရှင်းတာမှ အတော်ရှင်းပါတယ်ကွယ်။ ဘာမှကိုမရှုပ်တာ။

"အဲ. . . အဲဒီလိုပဲ လူကလကိုလိုက်ဆိုတာ လူကလကို လိုက်တာပေါ့၊ ညကလူကိုလိုက်ဆိုတာက ညကလူကိုလိုက်တာပေါ့၊ အဲဒီကမှ တစ်ဆင့်"

"ဦးလေး. . . ဦးလေး"

"ဟင်. . . ဟင်"

စကားမဆုံးခင် ဖြတ်တားလိုက်ရသည်။ သည်အချိန်မှာမှ အကွက်ကောင်းမည်ကိုး။

"အဲဒီကဗျာအဓိပ္ပာယ်ကို ကျွန်တော်သိချင်တာမဟုတ်ဘူးဗျ"

"ဟင်. . . ဘာ. . . ဘာ"

သားအိမ်ကောင်းကြီး ပြူးလာသည်။ မျက်လုံး။

"ကျွန်တော့်သူငယ်ချင်း ကောင်မလေးဗျ"

"ဟယ်"

သူရင်ဘတ်သူဖိသည်။ တစ်ချက်ပစ်၊ တစ်ချက်ထိမို့ ဆက်တွန်းရသည်။

"ဟုတ်တယ် ဦးလေးရ၊ သူက ကဗျာဆရာ သားအိမ်ကောင်းကို သိပ်လေးစားတာ"

"အဟွန့်"

အမူလွန်သွားခြင်းဖြစ်၏။ မသိသူများအတွက်တော့ အမူးလွန်နေသလို။



www.burmeseclassic.com

www.burmeseclassic.com



“ကောင်မလေးက ဖြူဖြူချောချော လေးဗျ၊ အဲဒါ သူကကျွန်တော့်ကို မိတ်ဆက်ပေး နဲ့ အမြဲပြောတာ”

“ခေါ်. . . ခေါ်လာလိုက်လေကွာ၊ ခင်းတလည်း ဒီလောက်လေးစားနေမှတော့ သူ သူလည်းတွေ့. . . တွေ့ချင်ရှာမှာပေါ့၊ ဂလု”

တံတွေးမျိုချသံက အတော်ကျယ်သည်။ ကျွန်တော်လည်း ဟန်ကျပန်ကျ ခေါင်းကုတ် ပြရသေး၏။ လူပျိုကြီးများ မိန်းမနှင့်မျှားလျှင် ရသည်ချည်း။ (ကိုယ်တွေ့)

“ချက်ချင်းကြီးခေါ်လာလို့ ရင်းနှီးမှု တွေ လွန်ကဲသွားရင်”

“ခစ်. . . ခစ်. . . ခစ်”

ဝမ်းသာလုံးဆို့ပြီး တကက်မလိုပါဖြစ် သွား၏။ ပြီးမှ ဘယ်လိုမှ ပြန်တည်၍မရသော နှပ်ကြီးဖြင့်. . .

“အေးကွ. . . ငါကလည်း တစ်ခုခက် တာက ကဗျာသာမကဘဲ ရုပ်ပါအောင်နေလေ တော့ ကောင်မလေး စိတ်မထိန်းနိုင်ရင်ခက် မယ်ကွ၊ သူ့မှာက လေးစားရင်းစွဲကရှိတော့လေ၊ ဟီးဟီး”



အေးကွ. . .
ငါကလည်း
တစ်ခု
ခက်တာက
ကဗျာသာမက
ဘဲ
ရုပ်ပါအောင်
နေလေတော့

အမှန်တော့ သူ့လိုရုပ်မျိုး ဘယ်မိန်း မလေးမှ လက်သနခံ၍ပါးပင်ချချင်မည်မထင်။ တော်တရော်တွေးလျှင် ထိုသို့ပင်တွေးရမည်။

“အဲဒီတော့ ဦးလေးအနေနဲ့ တယ်လီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလေးနဲ့အရင်"

"ဟေ. . . ဒီလိုလား"

အသံက တက်ကြွမှုဖြင့် အောင်ပြီးကြည်နေသည်။ ပြီးနောက် ငုတ်တုတ်ထထိုင်ပြီး. . .

"ဒါ. . . ဒါဆိုလည်း သွား သွားဆက်ခိုင်းလိုက်လေကွာ၊ ငါစောင့်နေမယ်"

အတင်းတွန်းလွှတ်မလိုပါ ဖြစ်နေ၏။ ကိုယ်ကသာ ဟန်မပျက်ဖြင့်. . .

"အဲဒီလိုလည်းမဖြစ်ဘူးဗျ၊ သူဆက်မှာမဟုတ်ဘူး"

"ဘာ. . . ဘာဖြစ်လို့လဲ"

"သူက သိပ်ချမ်းသာတာဗျ၊ မာနလည်းကြီးတယ်၊ ဦးလေးကို မို့ သူစကားပြောချင်တာ၊ အိမ်ပေါ်က အိမ်အောက်လည်း ဆင်းတာ မဟုတ်ဘူး၊ နောက်ပြီး ဟမ်းဖုန်းမရှိတဲ့သူဆို သူက စကားပြောချင် တာမဟုတ်ဘူး"

"ဟော"

မျက်လုံးအစုံ ပြူးသော်လည်း မျှော်လင့်ချက်တွေ လျှော့ကျ သွားတာမြင်ရ၏။ နောက် မသက်သာသလိုမျက်နှာကို ပြန်ဝှေ့ကြည့်ပြီး

"မင်းမိတ်ဆွေတွေထဲမှာ အဲဒီလောက်အဆင့်မြင့်တဲ့သူ ငါတစ်ခါမှ မကြားဖူးဘူးနော၊ ဘယ်ကေတီဗီကကောင်မလဲ ဟေ့ကောင်"

"အာ. . . ဦးလေးကလည်း တကယ်ဗျာ၊ ရုပ်ကလည်းသိပ် ချောတာ"

"ဟုတ်မှလည်းလုပ်ပါ ငါ့ကောင်ရ၊ ငါတော့ အညာခံနေရ ပြီထင်တယ်"

မသက်သာသလို ပြန်မေးသည်။ ကိုယ်လည်း ကိုးယို့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တော့မှာမို့. . .

"တကယ်ပြောတာဗျ၊ သူက ဦးလေးကို သိပ်လေးစားတာ၊ ဒါပေမဲ့ ဦးလေးမှာက ဟမ်းဖုန်းမရှိတော့"

"ကဗျာဆရာက ဟမ်းဖုန်းဘယ်လိုကိုင်နိုင်မှာလဲကွာ၊ နောက်ပြီး အလုပ်ကလည်း ရှိတာမဟုတ်ဘူး၊ အခုတောင် မင်းအဖေကိုကပို့တာလေး ချွေတာစားနေရတာ၊ ဟမ်းဖုန်းတော့"

"အာ. . . ဦးလေးကလည်း ခေတ်ရှေ့ပြေး ကဗျာဆရာလုပ်ပြီး တုံးပါ့ဗျာ၊ အခုခေတ်မှာ မြင်ကြည့်လိုက်ပါ။ အခုဒီစာရေးနေတဲ့ စာရေးဆရာ အကြည်တော်ဆိုရင် ဟမ်းဖုန်းသုံးလေးလုံးတောင် ခါးချိတ်ထားတာ၊ အရှူးကြီးကျနေတာပဲ"

ဦးသားအိမ်ကောင်း ခေါင်းထောင်သွား၏။ ပြီးနောက် မျက်နှာကို ရှုံ့မဲ့ရင်း. . .

"အာ. . ဒီကောင်က အကြွားထူပါကွာ၊ စာအုပ်ထဲမှာမို့ အပြင်မှာဆို ဒီကောင့်ကို ငါ နားရင်းအုပ်တယ်" (တွေလား ဇာတ်ကောင်က စာရေးဆရာကို စော်ကားတယ်ဆိုတာ အဲဒီလိုမျိုး။ မှတ်ထား)

"အဲဒါပြောတာဗျ၊ ဒီလိုလူတောင် ဟမ်းဖုန်းကိုင်ရင် ဦးလေးက သူ့ထက်ငွေးညီ ကဗျာဆရာပဲ ဘာလို့ဟမ်းဖုန်းမကိုင်နိုင်ရမှာလဲ"

သူ မရိုးမရွဖြစ်သွားပုံရ၏။ သို့သော်. . .

"မင်းကလည်းကွာ. . . မင်းအဖေပိုက်ဆံက ငါ့ပိုက်ဆံမှ မဟုတ်တာ၊ လိုချင်ရင် မင်းအဖေကို ပြောရမှာကျ၊ ငါပြောရင် ဖြစ်မယ် မထင်ပါဘူးကွာ"

"ကျွန်တော်ပြောပြီးပြီ"

"ဟင်"

သူ၏မျက်လုံးများ ရောင်စဉ်ခုနစ်သွယ် လဲ့ဖြာသွား၏။



www.burmeseclassic.com

www.burmeseclassic.com


"တကယ်. . . တကယ်လား"

ကျွန်တော် ခေါင်းခပ်သွက်သွက်ညိတ်ပြလိုက်၏။

ပြီးနောက်. . .

"အဲဒါ. . . မင်းဦးလေးကိုပြောပြီး ပိုက်ဆံထုတ်လိုက်တဲ့"

ကျွန်တော့်စကားကို ဦးဖြစ်သူ သားအိမ်ကောင်းက ချက်ချင်းခုန်ထပြီး. . .

"ဟား. . . ဟား ဟမ်းဖုန်းသာရလို့ကတော့ကွာ အိမ်ရှေ့ကို ထွက်ပြီး ဟမ်းဖုန်း နားနားကပ်ပြီး. . ."

"ဟဲလို. . . သားအိမ်ကောင်းပါ၊ ကင်ဆာအကြောင်း ဆွေးနွေးချင်လို့လား"

"ဟဲလို"

××××



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

ထိုကဲ့သို့ အင်မတန် ဆတ်ဆော့ချင်စရာကောင်းသော ပစ္စည်းကြီး လက်ထဲရောက်လာသည့်အခါ နဂိုဆတ်ဆော့ချင်စိတ် ပြင်းသော ကျွန်တော့်အဖို့ လွန်စွာဝမ်းမြောက်ဖွယ်ရာ ဖြစ်နေတော့သည်။

"ဦးထွန်းလွင်လားခင်ဗျာ"

". . . . . . . . ."

"ဩော်. . . မဟုတ်ဘူးလား၊ ဒါနဲ့ ဒေါ်သီတာရောရှိလား"

". . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ. . . ဒေါ်သီတာ သေပြီ၊ ဘယ်တုန်းက သေသွားတာလဲခင်ဗျာ၊ သူသေမယ်ဆိုတာ ကျွန်တော့်ကိုလည်း မပြောသွားဘူး"

". . . . . . . ."

"ဩော်. . . ဟုတ်ပါရဲ့ သေပြီးမှတော့ ဘယ်ပြန်ရှင်ပါ့တော့မလဲနော်"

". . . . . . . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ဟဲလို. . . ဟဲလို"

တစ်ဖက်မှ ဖုန်းချသွားသည်။

သူငယ်ချင်းများဆီဆက်။ အသိမှန်သမျှဆီဆက်။ ပြီးနောက် ဆက်စရာမရှိတော့သောအခါ တွေ့ကရာနံပါတ်နှိပ်၍ ကြုံရာလူနှင့် ပြော၊ ပြောလို့ဝလျှင် ခဏနား။ ပြီးလျှင် ကြုံရာနံပါတ်ကို ထပ်နှိပ်။ ယောကျ်ားကြီးများဆိုလျှင်နောက်။ မိန်းကလေးများဆိုကျူနှင့် လွန်စွာပီတိဖြစ်ဖွယ်ရှိနေ၏။ အများအခေါ်တော့ ဖုန်းသရဲပေါ့။

တယ်လီဖုန်းကို ပြန်ကိုင်ပြီး တွေ့ကရာနံပါတ် ထပ်နှိပ်လိုက်သည်။

"ဟဲလို"

"အဒေါ်. . . အဒေါ်သမီးရှိလား"

"ဟင်. . . ဘယ်သူ့ကိုပြောတာလဲ"

"ဟိုလေ. . . ဉမ္မာလေ"

"ဟဲ့. . . ငါ့သမီးထဲမှာ ဉမ္မာမရှိဘူး၊ နီလာနဲ့ ကလျာပဲရှိတယ်"

"အဲဒါဆို နီလာကိုခေါ်ပေး"

"နီလာကို. . . အေး ဘယ်သူလို့ပြောရမလဲ"

"သူ့သူငယ်ချင်းလို့ ပြောလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . နီလာမှာ သူငယ်ချင်းရှိလား၊ နီလာရေ နင့်သူငယ်ချင်းတဲ့"

ခဏတိတ်သွားသည်။ ခဏနေမှ. . .

"ဟဲလို"

"နီလာလား"

"ဟုတ်ကဲ့ချင့်"

စကားတတ်ကာစ ကလေးလေး။ သူရယ်ချင်သွား၏။

"နီလာ ဘာလုပ်နေလဲ"

"ချိုဘူးကြို့နေတာချင့်"

"ကြို့လို့ကောင်းလား"

"ကောင်းတယ်ချင့်"

"ဒါဆို ဦးလည်းလာကြို့မယ်နော်"

"မေမေ. . . ဦးဦးက ချိုကြို့ချင်လို့တဲ့"

"သေချင်းဆိုးကြီးလို့ ပြန်ပြောလိုက်"

"တေကောပန်းကြီး"

"ဟား. . . ဟား. . . ဟား"

ဟက်ဟက်ပက်ပက် ရယ်မိရင်း တယ်လီဖုန်းကို ပြန်ချလိုက်သည်။

"ခစ် ခစ် ခစ်"

ကလေးစကားများကို ပြန်ကြားယောင်ရင်း အတန်ကြာရယ်နေမိသည်။ ဖုန်းသရဲလုပ်ရတာ အင်မတန်ပျော်စရာကောင်းနေသည်၊ ကိုယ့်ကို ဘယ်သူမှမတွေ့ရတာကိုး။ ပြောချင်တာ လွတ်လွတ်လပ်လပ်ပြောလို့ရသည်ပဲ။

ခဏနားပြီး ဝီစကီတစ်ဖန်ခွက်စပ်လိုက်သည်။ ဦးဖြင့်သူသားအိမ်ကောင်း မြို့ထဲသို့ ကဗျာပို့ထွက်သွား၍ အိမ်မှာ ပုံပ်ချင်



www.burmeseclassic.com

www.burmeseclassic.com


တိုင်းလုပ်လို့ရနေသည်။ ဦးသားအိမ်ကောင်း မဂ္ဂဇင်းတိုက်များသို့ ကဗျာပို့ထွက်လျှင် တော်ရုံနှင့် ပြန်ရောက်မည်မဟုတ်။ မဂ္ဂဇင်း အယ်ဒီတာများဖြစ်သော သျှိသူအောင်၊ လွမ်းဝေနိုင်၊ ကျော်သီဟတို့ နှင့်တွေ့လျှင် ယမကာဆိုင်သို့ သေချာပေါက်ရောက်မည်။ ထိုသို့ ရောက်လျှင် လေးဘက်ထောက်လောက်မှ အိမ်ပြန်ရောက်ပေတော့ မည်။ မဟုတ်လျှင်လည်း ကေတီဗီတွင် ညနက်ပေတော့မည်။

ဝီစကီခွက်ကို နှုတ်ခမ်းနားတေ့စုပ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေပြန်သည်။ သူငယ်ချင်းများနှင့် တစ်နေရာရာချိန်းပြီး လျှောက် လည်ရလျှင် အကောင်းသားဟု စိတ်ထဲတွေးမိသေး၏။ နောက်မှ. .

"မထူးပါဘူးလေ၊ ဖုန်းသရဲလုပ်နေတာပဲ အန္တရာယ်ကင်းပါ တယ်"

ဟု စဉ်းစားမိပြီး တွေ့ကရာနံပါတ်နှိပ်လိုက်သည်။

"တူ"ခနဲ တယ်လီဖုန်းမြည်သံ။

"ဟဲလို"

တစ်ဖက်မှ မိန်းကလေးအသံချိုချိုကြားတော့ နှုတ်ခမ်းဝ တေ့ထားသော ဝီစကီခွက်ကိုပင် ဖူးခနဲ မှုတ်ထုတ်မိသည်။

"ဟဲလို"

တစ်ဖက်မှ ထပ်မံထူးသံ။ ပြောစရာစကားများ ကြိုတင် ကြံစည်ထားခြင်းမရှိ။

ထို့ကြောင့်

"မင်း ကိုယ့်ကိုလက်ထပ်မလား"

"ရှင်"

တစ်ဖက်မှ အသံတိတ်သွား၏။ ထိုတော့မှ ကိုယ်ပြောတာ လွန်သွားမှန်းသိပြီး ပြန်တောင်းပန်ရန် ပြင်ဆင်ချိန်

"ဟုတ်ကဲ့. . . လက်ထပ်ပါ့မယ်၊ အခုပြောနေတာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



သဲဟင်"

"ဟင်. . . ဗျာ"

တစ်ဖက်မှစကားကြောင့် ရုတ်တရက် ကြောင်သွားမိသည်။ သူ့နာမည်တောင်မသိဘဲ ချက်ချင်းကြီးလက်ခံလိုက်တော့ ကြောင်နေမိသည်။ နောက်မှ ကတုန်ကယင်နှင့်. . .

"ကျော်. . . ကျော်ရဲပါ"

"သြော်"

တစ်ဖက်မှ အသံတိတ်သွားပြန်သည်။ နောက်မှ. . .

"ရှင်. . . ကျွန်မကို တကယ်လက်ထပ်မယ်ဆိုရင် မနက်ဖြန်နေ့လယ်နှစ်နာရီမှာ ကန်တော်ကြီးထဲက ကရဝိက်အရှေ့က ဆက်ဆက်စောင့်နေပါ၊ ကျွန်မလာခဲ့မယ်၊ ရှင့်မှာကားရှိလား"

"ဟုတ်. . . ဟုတ် ရှိပါတယ်"

"ဒါဆို ကားနံပါတ်ပြော"

"၄ခ. . . ပါ"

အလိုလိုနေရင်း အဖြေပေးမိနေသည်။

"မှတ်ပုံတင်နံပါတ်က"

"၁၀/ အလမ(နိုင်)"

ဘာမှန်းမသိဘဲ ယောင်ယောင်ကန်းကန်းနှင့် မေးသမျှဖြေနေမိသည်။

"နေရပ်လိပ်စာက"

"အင်းယားမြိုင်လမ်း"

"ဟုတ်ပြီ၊ ရှင့်နေရပ်လိပ်စာရော၊ ဖုန်းနံပါတ်ရောရပြီ၊ မနက်ဖြန်နှစ်နာရီမှာ ကရဝိက်ရှေ့မှာ ကျွန်မကိုလာခိုးပါ၊ မလာလို့ကတော့ ရဲတိုင်ပြီး ဖမ်းခိုင်းမယ်၊ ဒါပဲ"

ဖုန်းကို ခွပ်ခနဲချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟဲလို. . . ဟဲလို"

တစ်ဖက်မှ အသံမကြားတော့။

ဘာကြောင့်ရယ်မသိ ရင်တွေတဒိုင်းဒိုင်း ဖုန်းချသွားသံ တီတီသာ အဆက်မပြတ်ကြားနေရသည်။ ဖုန်းကို နားနားက မခွာနိုင်သေး။ ခုန်နေမိသည်။

သက်သာလိုသက်သာငြား ဝီစကီဖန်ခွက်ကိုမော့သောက်လိုက်သည်။ ရင်ခုန်သံက ပြောင်းမသွား။ ဘာဆက်လုပ်ရမှန်းလည်း မသိ။

"အချစ်ဆိုတာ တစ်ရာဖိုးသုံးထည်ကွ၊ သျှိသျှအောင်ကွာ ကဗျာဆရာလုပ်ပြီး ဒီတစ်ခွန်းပဲတတ်တယ်"

သားအိမ်ကောင်းတို့ အမူးလွန်ကာ လေးဖက်ထောက်၍ ပြန်ရောက်လာသည်။

"ဟော့ကောင်. . . ကျော်ရဲ ငါဒီနေ့ ဘယ်သူနဲ့တွေ့လာတယ် ထင်လဲ"

ဦးလေးမှာ မြို့ထဲသွားပြီး အနုပညာရှင်တွေနဲ့ ခင်ရတာ လွန်စွာပျော်သူဖြစ်သည်။ ထိုကဲ့သို့ တစ်ယောက်ယောက်နှင့် ခင်ရလျှင် ပြောမဆုံးကြွားမဆုံး။

"ဘယ်သူနဲ့လဲ ဦးလေး"

"ဟိုလေကွာ. . . သီချင်းလည်းရေးတယ်၊ သီချင်းလည်းဆိုတယ်၊ စာလည်းရေးတယ်ကွ၊ အခု ဇာတ်ညွှန်းတောင်ရေးဆိုလား"

သူပြောသမျှဆို အစုံလုပ်၊ စွယ်စုံရမို့ စိတ်ဝင်စားသွားသည်။

"ဘယ်. . . ဘယ်သူလဲဦးလေး"

"ဟိုလေကွာ. . . နာမည်တောင်မေ့သွားပြီ၊ ဒီကောင့်ကို ကြည့်ရင် သားရေနဲ့ အမွှေးပဲပါတာလေ၊ သူ့နာမည်က သားရေလား၊ အမွှေးလား တစ်ခုခုပဲလို့"


www.burmeseclassic.com

www.burmeseclassic.com



"အရိုးပါဆိုနေမှ ဦးလေးရာ"

"အေး. . . အဲဒီအရိုးနဲ့တွေ့ခဲ့တာ သူက"

လူကသာ ခေါင်းမထောင်နိုင်တာက ကြွားရမည်ဆိုလျှင် ခိုးမိုးလိုက်သူမို့ လေးဖက်ကြီးသာ ကြွားနေလေတော့၏။

ကိုယ်လည်း ဘုမသိဘမသိနှင့် ဖုန်းဆက်ကောင်းပြီး မိန်းမ ခိုးရတော့မှာမို့ ရင်တွေတဒိုင်ဒိုင်းခုန်နေသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com


ကင်းဘဘ်(စ်)စအဖြူကို ဘောင်ကျစ်ထားပါ။
ရှေ့တွင် ရောင်စုံဆေးခွက်များရှိ၏။
စိတ်ကြိုက်ဆေးခြယ်လိုက်ပါ။
ထိုအရာသည် ခင်ဗျားဘဝဖြစ်၏။
အကယ်၍ ကိုယ်တိုင်ဆေးမခြယ်ချင်လျှင်
အဖြူအတိုင်းထားပါ။
ပတ်ဝန်းကျင်က ဆေးခြယ်ပေးလိမ့်မည်။
ထိုအရာသည်လည်း သင်၏ဘဝပင်ဖြစ်လိမ့်မည်။
လောကတွင် ကိုယ်တိုင်ရွေးချယ်ခြင်းနှင့်
ပတ်ဝန်းကျင်က ရွေးချယ်ပေးခြင်း
နှစ်မျိုးသာရှိသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ဟုတ်သေးရဲ့လား ကျော်ရဲရာ"

အောင်သူရက မေးသည်။

"ဟုတ်. . . ဟုတ်ပါတယ်ဆိုနေမှကွာ၊ ငါကိုယ်တိုင်ဆက်တာ ပါကွ"

"မင်း ဦးသဲမောင်အရက်တွေ ခိုးသောက်ပြီး ကယောင်တတမ်းဖြစ်နေတာလည်း ဖြစ်နေပါဦးမယ်ကွာ၊ ဘယ်နှယ့် ကောင်မလေးတစ်ယောက်ကို တစ်ခါမှမမြင်ဘူးပဲ ဖုန်းထဲကလက်ထပ်ခွင့်တောင်းတာ ချက်ချင်းအဖြေပြန်ပေးတယ်ဆိုတော့ စဉ်းစားဦးနော်"

မင်းမခက စောဒကတက်သည်။



www.burmeseclassic.com

www.burmeseclassic.com





ဒါဆိုရင်
ဒီဖုန်းဆက်တဲ့
ကောင်မဟာ
လင်တရှူး
ဖြစ်ရင်ဖြစ်၊
မဖြစ်ရင်
ပုံဆိုးပန်းဆိုး
ကြီးပဲဖြစ်ရမယ်

"မင်းတို့ကလည်းကွာ ငါလုံးဝကို မသောက်ရသေးတာ၊ အရက်ခွက်ကို နှုတ်ခမ်းတော့ရုံလေး"

"ဒါဆိုရင် ဒီဖုန်းဆက်တဲ့ကောင်မဟာ လင်တရှူးဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ပုံဆိုးပန်းဆိုးကြီးပဲဖြစ်ရမယ်"

ရဲနောင်က ကောက်ချက်ချ၏။ ထိုကောက်ချက်သည် ကိုးဆယ်ရာခိုင်နှုန်း မှန်ပေလိမ့်မည်။

စကားသံများ တိတ်ဆိတ်သွားပြန်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ. . . ငါတော့စိတ်ဝင်စားတယ်"

အားလုံးခေါင်းများက ကျော်ရဲဖက် ပြန်လှည့်လာသည်။

"ကြည့်လုပ်ဦးနော်ပေ့ကောင်၊ မဟုတ်တရုတ်တွေနဲ့တွေ့လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

စိတ်ပူတတ်သော ရဲနောင်က ဟန့်တားသည်။ စပ်စုသောအောင်သူရက. . .

"စိတ်တော့ဝင်စားစရာကွ"

ဒါကို အမြဲအရွှင်နေသော မင်းမခက. . .

"လုပ်ကြည့်တာပေါ့ကွာ၊ မဟုတ်တော့လည်း ရယ်ရတာပေါ့ ဟုတ်ဘူးလား ဟီးဟီး"

သူတို့စကားကို ရဲနောင်ကသူ့လက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ဝတ် သူပြန်နမ်းပြီး. . .

"ငါတော့ လက်ထိပ်နဲ့ရသလားလို့"

ကျော်ရဲမှပင် ကြားဖြတ်၍. . .

"အမှုတော့ မဖြစ်လောက်ပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ဗဟု

သုတအလို့ငှာ သွားကြည့်ကြတာပေါ့"

အားလုံးက တိုင်ပင်မထားပါဘဲ တညီတညာထဲ ထွက်လာ

သည်၊

"ဘယ်နှနာရီလဲ"

"နှစ်နာရီ"

xxxxx



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးက ထုံးစံအတိုင်း စည်ကားနေပါသည်။

အလကားနေရင်း ရေမြင်လျှင် ကြည်နူးချင်သူတို့ ကမ်းစပ်တွင် မဟာဇနကမြင်ရနိုးနှင့် ငေးကြည့်နေကြသည်။

စိမ်းစိုသော သစ်ရိပ်ကို ကြိုက်နှစ်သက်သူများကလည်း သီဟိုဠ်ပြည်ကြီး မီးရှို့ခဲ့သော ဟာနုမာန်တပ်ဖွဲ့လို အရိပ်ကောင်းရာ၌ ပျံ့ကျဲလို့။

အလကားနေရင်း ကိုယ့်အိမ်မှာ စားပွဲကုလားထိုင်နှင့် ထမင်းစားရတာ မမြိန်သူများကလည်း မြက်ခင်းပြင်ပေါ် ဖျာလေးချပ်ခင်း၍ စူဇကာဇာတ်ခင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီက ဆောင်းရာသီ။

အချိန်က နှစ်နာရီထိုးလုထိုးခင်။

"ကရဝိက်မှာ ပွဲရှိတယ်ထင်တယ်နော်၊ ကားတွေက မနည်းဘူး"

မင်းမခစကား။ မှန်ပေသည်။ ဝတ်ကောင်းစားလှများ ကရဝိက်ဝမ်းဗိုက်အောက် ပျောက်ပျောက်သွားကြသည်ပဲ။

"မင်းကိုချိန်းထားတာ ဒီမှာရောဟုတ်ရဲ့လားကွာ"

ရဲနောင်က ပတ်ဝန်းကျင်ကို ဝေ့ကြည့်ရင်း မေးသည်။

"သေချာပါတယ်ကွာ၊ အချိန်က နှစ်နာရီတဲ့၊ ဟော. . . ဟော ဟိုမှာလာနေတဲ့ တစ်ယောက်လားမသိဘူး"

ကရဝိက်ဝင်ပေါက် ကတ္တရာလမ်းတောက်လျှောက် သိမ်ကျစ်လိမ်ကျစ်နှင့် ပြေးဝင်လာသော မိန်းကလေးတစ်ယောက်။

သူ့ခမျာ လွန်စွာအရေးကြီးလာကြောင်း သိသာသည်။ ဘေးဘီဝေ့ကြည့်ရင်း ရှုံ့မဲ့စွာပြေးလာ၏။

"အေး. . . ရုပ်ကလေးကတော့ မဆိုးဘူးဟေ့ကောင်၊ မျက်နှာမဲ့နေတာတစ်ခုပဲ"

"ဒီလောက်ကတော့ သည်းခံလို့ရတယ်ကွာ၊ ဟေ့ကောင် မြန်မြန်သွားခေါ်၊ ဟီဟိ"

မင်းမခ၏ လောဆော်မှု။ ကျော်ရဲ ဝမ်းသာအားရပင် ထိုကောင်မလေးနား ပြေးသွားမိသည်။

"လာ. . . ညီမလေးလာ. . . ဒီဖက်မှာ"

ကောင်မလေးက ကြောင်ပြီး. . .

"ဟင်. . . ဒီဖက်မှာ ဟုတ်လား"

"ဟုတ်တယ်၊ ဒီဖက်မှာ ပြောထားတဲ့ကိစ္စရှင်းဖို့ မဟုတ်လား"

ကောင်မလေးက ယောင်တောင်တောင်နှင့် ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com


သည်။

"ဒါဆို မြန်မြန်လာ၊ ဒီကိစ္စမျိုးက အချိန်ဆွဲထားလို့မကောင်းဘူး"

"အင်း. . . မကောင်းဘူး၊ မကောင်းဘူး၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဆိုကာ ပြေးလိုက်လာ၏။ ကားနားရောက်တော့ ကားတံခါးကို ကမန်းကတန်းဖွင့်ပေးရင်း. . .

"ကဲ. . . ညီမလေးအထဲဝင်"

ကားတံခါးဖွင့်တာမြင်တော့ ကောင်မလေးက အံ့အားသင့်သွားသည်။

"ဟင်. . . ဒီ. . . ဒီအထဲမှာ"

"အေးလေ. . . ကားထဲမှာရှင်းလည်း ရတဲ့ဟာကို"

သူ့စကားကို ကောင်မလေးက ခေါင်းကို ခပ်သွက်သွက် ခါရင်း. . .

"ဟင့်အင်း. . . ဟင့်အင်း ကားထဲမှာတော့ မရှင်းချင်ဘူး၊ အိမ်သာ. . . အိမ်သာမှာပဲရှင်းမယ်"

"ဟင်"

အားလုံး အံ့အားသင့်သွားကြသည်။ ဒါကို ကောင်မလေးက သူ့ဗိုက်သူနှိပ်ပြီး. . .

"အီး. . . ဒီမှာ ထွက်. . . ထွက်တော့မယ်၊ အိမ်သာအမြန်ပြပေး၊ မပြပေးရင် သူ့စကားအတိုင်း ကားထဲမှာပဲ"

သူ့စကားကြောင့် အားလုံးမျက်လုံးပြူးသွားရသည်။ သူမ၏ ခြေတစ်ဖက်က ခြေနင်းခုံပေါ်တင်နေပြီ။ နှစ်ဖက်လုံး တင်မိပါက အခြေအနေမကောင်း။ ထို့ကြောင့်. . .

"အဲ. . . အဲ. . . အဲလိုတော့မလုပ်ပါနဲ့"

"ဒါ. . . ဒါဆို အိမ်သာ. . . အိမ်သာ. . . အား"


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တကယ်မရှုံနိုင်မကယ်နိုင် ဖြစ်နေပုံရသည်၊ ကရဝိက်ဝင်းထဲမှာ အိမ်သာက ဘယ်နားရှိမှန်းမသိ။ ဒါကို အောင်သူရက. . .

"ကျပ်ပြားလေး ရှာမျိုလိုက်ရင်တော့ ပိတ်သွားမယ်ထင်တယ်"

"အို. . . ဒီအချိန် ကျပ်ပြားရှာမျိုလို့ မှီတော့မှာလား၊ ဘယ်. . . ဘယ်လို အို ကြာပါတယ် ကားထဲမှာပဲ"

ကောင်မလေးက အတင်းတိုးသည်။ ဒါကို အနည်းငယ်သတိမှုံသော ကျော်ရဲမှပင် ကောင်မလေးလက် ဖမ်းဆွဲပြီး. . .

"ဖြတ်လမ်းတော့ရှိတယ်"

"ဘယ်. . . ဘယ်မှာလဲ၊ ဘယ်လိုသွားရမှာလဲ"

ကောင်မလေး၏ အလောတကြီးအမေး။ ဒါကို ကျော်ရဲက တန်စပ်ဖက်လက်ညှိုးညွှန်ပြရင်း. . .

"ဒီတည့်တည့်သွား"

"ဟင်. . . ရေထဲ"

"အဲဒါ. . . အဲဒါ အနီးဆုံးလမ်းပါပဲ"

"အား"

ကောင်မလေးက စကားပြန်ပင်မရဘဲ ကျော်ရဲညွှန်ပြရာသို့ မှုံနေအောင် ပြေးချသွားသည်။

အားလုံးက ကောင်မလေးကို ကြောင်ငေးကြည့်မိနေကြသည်။ အတန်ကြာမှ ကျော်ရဲ သက်ပြင်းချ၍. . .

"ဟူး. . . တော်ပါသေးရဲ့၊ ကားထဲဝင်မရှင်းသွားလို့"

အောင်သူရက နှာခေါင်းတရှုံ့ရှုံ့လုပ်ရင်း. . .

"ရှူး. . . ရှူး. . . အနံ့တော့ကျန်ခဲ့သလားပဲ"

ရဲနောင်က တစ်ဖက်လှည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ သုတေသနလုပ်၊ ဒီမှာစိတ်ရှုပ်ရတဲ့အထဲ"

မင်းမခကပါဝင်၍. . .

"အေး. . . ဟုတ်တယ် ကျော်ရဲ၊ မင်းကိစ္စက မဟုတ်တော့ဘူးနဲ့တူတယ်၊ နှစ်နာရီလည်းကျော်"

"ဂျိမ်း"

"ဟဲ့. . . ပလုတ်တုတ်"

မင်းမခစကားပင် မဆုံးလိုက်။ ကားတံခါးပိတ်သံကြား၍ လန့်အော်မိကြသည်။ ကြောင်တောင်တောင်နှင့် ကားပေါ်ပြန်ငေးကြည့်မိသည်။

"ဟင်"

ကားပေါ်တွင် ဝတ်ကောင်းစားလှနှင့် ကောင်မလေးတစ်ယောက်။ ဘယ်ကဘယ်လို ရောက်လာသည်မသိ။ သူတို့အားလုံးလမ်းမဖက်သာငေးနေပြီမို့ လမ်းမဖက်ကတော့ မဟုတ်နိုင်။ ဖြစ်နိုင်သည်က ကရဝိက်ထဲက ထွက်လာခြင်းသာ။

"မောင်း. . . မောင်းလေ ဘာလုပ်နေတာလဲ၊ သေသွားချင်လို့လား"

ကောင်မလေး၏ အလေသတကြီးစကား၊ ကျော်ရဲကအူကြောင်ကြောင်နဲ့. . .

"ဒါ. . . ဒါလည်း ကိစ္စရှင်းဖို့ပဲလားဟင်"

ခုနကောင်မလေးလိုထင်ပြီး မေးမိသည်။

"ကျော်ရဲဆိုတာရှင်လား"

"ဟုတ်. . . ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ"

"ဒါဆို မောင်းလေ၊ မြန်မြန်မောင်း၊ ဟိုမှာလိုက်လာပြီ"

ကရဝိက်အတွင်းမှ လူနှစ်ယောက်သုံးယောက် ပြေးထွက်လာတာတွေ့ရ၏။ ကောင်မလေးက ခေါင်းကိုင့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com


“ဟဲ့. . . မမောင်းသေးဘူးလား၊ အမူးခြစ်ချင်လို့လား၊ မြန်မြန်မောင်းပါတော့”

“ဟုတ်. . . ဟုတ်. . . ဟော့ကောင်တွေ အားလုံးတက်”

ဟိုကောင်တွေ ကားပေါ်ကမန်းကတန်း တက်ကြသည်။

ကျော်ရဲလည်း ဘုမသိဘမသိနှင့် ကားပေါ်တက်ပြီး ဝူးခနဲမောင်းထွက်မိ၏။

“ဒီဝင်းအပြင်ရောက်အောင် မြန်မြန်မောင်း”

“ဟုတ်. . . ဟုတ်”

ဂီယာကို လျှင်မြန်စွာ ချိန်းလိုက်သည်။

“ဟီဟိ. . . ဟိုတစ်ယောက်တော့ မင်းပြောတဲ့အတိုင်း ဖြတ်လမ်းနည်းနဲ့ ရေထဲဆင်းစိမ်နေပြီ”

အလိုပြည့်သောမျက်နှာ။ ဘာလုပ်မိလို့လုပ်မိမှန်းမသိသော မျက်နှာနှင့် ကောင်မလေးတစ်ယောက်ရေထဲ ရင်ခေါင်းမျှဖော်ပြီး ဆောင့်ကြောင့်ထိုင်နေသည်။ လူများက သူ့ကိုအထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်၊ လုံခြုံရေးက သူ့ကို ကမ်းပေါ်ခေါ်သည်။ သူမကတော့ ခေါင်းခါ၍ ရေထဲဆက်ထိုင်နေ၏။

သိပ်မကြာခင်အတွင်း ကန်တော်ကြီးဝင်းအပြင် ရောက်သွားသည်။

“ဘယ်. . . ဘယ်ကိုမောင်းရမှာလဲဟင်”



ကရဝိက်
အတွင်းမှ
လူနှစ်ယောက်
သုံးယောက်
ပြေးထွက်
လာတာ
တွေ့ရ၏။
ကောင်မလေး
က ခေါင်းကို
ငုံ့ပြီး. . .


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ခေါင်းမဖော်သေး။

"မောင်း. . . မောင်း ဒီနေရာနဲ့ဝေးရာကိုသာမောင်း"

"ဩော်. . . ဟုတ်"

ကျော်ရဲလည်း ဘာရယ်မဟုတ် သူ့အိမ်ဖက်လမ်းကို ဦးတည်မိသည်။ ကျန်သည့်သူများက ကောင်မလေးကိုသာ ကြောင်ငေးကြည့်မိနေကြသည်။ ကောင်မလေးက လုံးဝခေါင်းမဖော်သေး။ ဟားက ကန်တော်ကြီးဝင်းနှင့် အတော်ဝေးရာကို ရောက်မှ သူမ၏ ခေါင်းတဖြည်းဖြည်းပေါ်လာ၏။ ဘေးဘီဝေ့ကြည့်သည်။ နောက်. .

"ဟား. . . ဟား. . . ဟား. . . ဟား"

"အဲ"

ကောင်မလေး၏ရယ်သံကြားတော့ အားလုံးလန့်သွားကြသည်။ နောက် သူ့ခေါင်းပေါ်မှ ပန်းကို လမ်းမပေါ်သို့လွှဲပစ်ကာ. . .

"သွားပေဦးတော့ လွမ်းသူ့ပန်းခွေရေ ဟား. . . ဟား. . . ဟား"

သူဘာသာသူ သဘောကျစွာ ရယ်ပြန်သည်။ သူ့ပုံက အခုမှ လွတ်လပ်သွားပုံ။

ရုပ်ရည်ကတော့ အင်မတန်သည်းခံချင်စရာကောင်းသော ရုပ်ပင်။ သို့သော်. . .

"ဟော့ကောင်. . . ရူးနေတာလားမသိဘူးနော်"

ရဲနောင်က စကားစသည်။ ဒါကို ကောင်မလေးက ဆတ်ခနဲ နောက်ပြန်လှည့်ရင်း. . .

"ဘာရူးတာလဲ၊ စကားကိုဆင်ခြင်ပြော၊ အားလုံး အချုပ်ထဲ ရောက်သွားချင်လား"

"အင်"

ကောင်မလေးစကားကြောင့် ရဲနောင် နင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ရင်း အောင်သူရ သား. . .

"တယ်စွာပါလား၊ သူ့ကိုယ်သူ လူမိုက်များထင်နေလားမသိ ဘူး"

ဒါကို ကြားဖြစ်အောင်ကြားသော ကောင်မလေးက. . .

"အေး. . . မျိုးနဲ့ရိုးနဲ့ လူမိုက်ပဲ၊ အဘိုးက ဓားပြ၊ အဘွားက သူပုန်၊ အဖေက လူမိုက်၊ အမေက သားသတ်လိုင်စင်နဲ့၊ ဦးလေး နှစ်ယောက်က ထောင်ထဲမှာ၊ မိုက်တယ်ကွာ၊ မလိမ့်ဘူး၊ လူဆိုး ဆိုတာ ငါတို့အမျိုး၊ ကဲ ဘာပြောချင်သေးလဲ"

"အိ(စ်)"

အောင်သူရ သူ့ပါးစပ်ပင် သူပိတ်အုပ်မိသည်။

"ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ"

ကောင်မလေးက သူ့ဘာသာသူ သဘောတွေကျနေသည်။

"ဝူး. . . ဟူး. . . ဟူး"

ကားအပြင်ဖက် ခေါင်းထုတ်၍ အော်လိုက်သေးသည်။ ဒါကို ဘကျော်ရဲက. . .

"နေပါဦး မအဝ့၊ အခု ဘယ်ကိုသွားမှာလဲ"

သူမ ကျော်ရဲကိုပြန်ကြည့်သည်၊ ပြီးနောက်. . .

"မောင်းလေ. . . မောင်း"

ဟုဆိုကာ ပြန်လှည့်သွား၏။ ပြီးတော့ သူ့ဘာသာသူ ပျော်နေ ပြန်သည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

ကြည့်ရတာ ရူးနေပုံတော့မပေါ်။ မြူးနေပုံသာပေါ်၏။

"မောင်းတာတော့ ဟုတ်ပါပြီ၊ ဘယ်ကိုမောင်း"

"မောင်းပါ. . . မောင်းပါ၊ ကားနဲ့မောင်းပို့တာပဲ စိတ်မဆိုး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

"အင်"

ဘာပြန်ပြောလို့ ပြောရမှန်းမသိတော့။ ရဲနောင်က အသံတိုးတိုးဖြင့်. . .

"ဒီလိုလုပ်၊ မင်းအိမ်ကိုသာမောင်း၊ သူ့ကို အသေအချာစစ်ဆေးပြီး လိုအပ်တဲ့နေရာ ပြန်ပို့မယ်ကွာ၊ ရှုးနေရင်လည်း အရှုးထောင်၊ ဒါမှမဟုတ် သူ့အိမ်ပေါ့"

ရဲနောင်စကားကြားတော့ ကောင်မလေးမျက်နှာ ပျက်သွား၏။ နောက် ဘာမှပြန်မပြောဘဲ ငြိမ်ကျသွား၏။

ကားကလေးက ကျော်ရဲအိမ်လမ်းဖက်သာ။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲကို ကားလေးဝင်လာပြီး ကားထဲမှ ကျော်ရဲတို့နှင့် အတူ မိန်းကလေးတစ်ယောက် ဆင်းလာသည်မြင်သည်နှင့် ကဗျာ ဆရာကြီးမှာ ဟမ်းဖုန်းရှိလျှင် သူ့ကို လာရောက်မိတ်ဆက်မည်ဟု ပြောထားသော မိန်းကလေးထင်ပြီး ရှူးကြောင်မူးကြောင်နှင့် အိမ်ထဲ မှ ပြေးထွက်လာကာ ဝမ်းသာအားရဖြင့် လက်ကမ်းကာ. . .

"ကျွန်တော် သားအိမ်ကောင်းပါ"

ကောင်မလေးက သူ့ကို ခပ်တည်တည်ပြန်ကြည့်ရင်း. . .

"သားအိမ်ကောင်းဆို အထဲမှာနေလေ၊ ဘာလို့အပြင်ထွက် နေတာလဲ၊ မီးဖွားခါနီးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ခြော်. . . အင်း. . . ဖွား. . . ဖွား"

ကဗျာဆရာကြီး ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်တောင်တောင်နှင့် ခေါင်းကုတ်သည်။ ပြီးတော့ ယောင်တိယောင်နနှင့်. . .

"ခြော်. . . သားအိမ်ကောင်းဆိုတော့ အထဲမှာ၊ ဖွားခါနီးမှအပြင်၊ အေးလေ ကဗျာဆရာဆိုတော့ အထဲမှာပဲနေသင့်တာပေါ့"

ဆိုကာ ကွက်ကြည့်ကွက်ကြည့်နှင့် အိမ်ထဲပြန်ဝင်သွား၏။ ကောင်မလေးကတော့ သူ့အိမ်သူ့ယာ သူပြန်ရောက်သလို အိမ်ထဲ လှည့်ပတ်ကြည့်နေလေတော့၏။ အားလုံးကလည်း သူ့ကို ကြောင်တောင်တောင်နှင့် သူလုပ်သမျှ လိုက်ကြည့်နေမိကြသည်။

"ကျော်ရဲ"

"ရှိ. . . အဲ. . . ခင်ဗျာ"

ကြောက်လန့်တကြား ထထူးမိသည်။

"ဒါ. . . နင့်အိမ်လား"

"ဟုတ်. . . အဲ. . . ဟုတ်ပါတယ်"

သူမ ခေါင်းတညိတ်ညိတ်လုပ်သည်၊ ပြီးနောက် ကျေနပ်ဟန်ဖြင့်. . .

"မဆိုးပါဘူး၊ ဒါပေမဲ့ အိမ်ကခမ်းနားပြီး လူက စုတ်ပြတ်နေတာတော့ ဆိုးတယ်၊ ဒီကြားထဲ ဟိုအရက်သမား အဘိုးကြီးရှိနေတာလည်းမကောင်းဘူး၊ မကောင်းဘူး"

သူ့စကားစတုန်းက ပဏ္ဏာယူရန်ထွက်လာသော ဦးလေးပင် ဖတ်ခနဲ လိုက်ကာနောက် ပြန်ပြေးဝင်သွား၏။

ကောင်မလေးက ဆိုဖာဆက်တီတစ်ခုတွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်၊ ကောင်မလေးထိုင်တာမြင်တော့ ကျော်ရဲတို့ အုပ်စု ကြောက်ပြီး ဆတ်ခနဲ မတ်တပ်ထရပ်မိကြသည်၊ နောက်မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရှိုးတိုးရှမ်းတန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com


ငြန်ထိုင်လိုက်ကြသည်။

"ဒါနဲ့"

ကျော်ရဲစကားစသည်နှင့် ကောင်မလေးက ဆတ်ခနဲ ပြန်ထသွားသည်။ စကားစသာ တိုးလို့တန်းလန်း။

ကောင်မလေးက ဦးလေးဝယ်စုထားသော ပန်းချီကားများကို သေချာစွာ လိုက်ကြည့်သည်။ ကျော်ရဲတို့အုပ်စုလည်း လိုက်ပဲရှင်းပြရမလား။ ထိုင်ပဲနေရမလား မသိတော့။ ကောင်မလေးက ဖြေးဖြေးနှင့်ပြေ လက်နောက်ပစ်၍ လိုက်ကြည့်နေသည်။

သူကြည့်၍အားရတော့မှ ကျော်ရဲတို့ရှိရာ ဆက်တီတွင် လာပြန်ထိုင်သည်။

"ဘာမေးမလို့လဲ၊ မေး၊ မရှင်းတာရှိလို့လား"

ကောင်မလေးက အရင်စပြော၍ အားလုံးခေါင်းခါမိသည်။ နောက်မှ ကျော်ရဲက သတိရပြီး. . .

"အဲ. . . မဟာဝှာ၊ ဒီကိုဘယ်လိုရောက်လာလဲဆိုတာ"

"မနေ့ကပဲ ရှင်ချိန်းတာလေ၊ ရှုးချင်ယောင်ဆောင်မနေနဲ့"

"အဲ"

ဟုတ်သား။ မနေ့ကပဲ ဖုန်းထဲမှနေ၍ ရှုးကြောင်မူးကြောင်နဲ့ သူကိုယ်တိုင် လက်ခံခဲ့သား။ ဒါကိုက ပြောစရာမရှိ။ ဒါဆိုရင်. . .

"ဒါပေမဲ့. . . ဟိုလေ အခုလိုကြီးလိုက်လာတော့ ဘယ်လိုပြောရမလဲ နောက်ကြောင်းလေးလည်း ရှင်းပြပါဦး"

ကောင်မလေးထံမှ သက်ပြင်းချသံကြားရ၏။ နောက် မျက်နှာလေးတောင် ငယ်သွားသလားထင်ရသည်။

"ကျွန်မနာမည်က မစိန်ပုပါ"

"စိန်ပု"

နာမည်နှင့်လူက တစ်စီကလေးမှ မလိုက်ဖက်၍ အားပေးထ


www.burmeseclassic.com

www.burmeseclassic.com



အော်မိသည်။

ထိုစဉ် နာရီထိုးသံ ဒေါင်. . . ဒေါင်. . . ဒေါင် ဟူ၍ သုံးချက်တိတိကြားရသည်။ မသိလျှင် လက်ဝှေ့ပွဲစရန် ခေါင်းလောင်းတီးလိုက်သလို။ ဒါကို ကောင်မလေးက မျက်နှာငယ်ကလေးနှင့်

“ဟုတ်ပါတယ်၊ အဖေ့နာမည်က ဦးအောင်စိန်၊ အဲမေက ဒေါ်အေးပုမို့ အဖေရော အမေနာမည်ပါအောင် စိန်ပုလို့ မှည့်ခဲ့တာပါ၊ နောက်ပြီး ခုနက ကျွန်မရဲ့နေပုံထိုင်ပုံကိုကြည့်ပြီး တစ်မျိုးမထင်ပါနဲ့၊ အမှန်တော့ ကျွန်မ ကြောက်နေပါတယ်၊ ဒါပေမဲ့ ကြောက်မှန်းသိရင် ပိုပြီးကြောက်စရာကောင်းအောင် ပြုမူတတ်တဲ့ လူတွေနဲ့ ကြုံခဲ့ရပေါင်းများလို့ ကျွန်မ မကြောက်တတ်သလို နေခဲ့တာပါ၊ အမှန်တော့ ကျွန်မ အင်မတန်ကြောက်နေပါတယ်၊ တကယ်ပါ၊ ကျွန်မဘဝဟာ အကြောက်တရားနဲ့ချည်းပဲ နေခဲ့ရတာပါ”

ကောင်မလေး၏ အသားများ တဆတ်ဆတ်တုန်လာ၏။ နောက် ငိုသံဝဲဖြင့်. . .

“ကျွန်မ စပြီးကြောက်တတ်ခဲ့တာ ရှစ်နှစ်သမီးကတည်းကပါရှင်”

စကားများက လေထဲမှနေ၍ နားစည်ကို လာရိုက်ခတ်နေသည်။ ထိုစကားများတွင် မျက်ရည်အမှုံအမွှားများ ကပ်ပါလာသည်ကို သိရ၏။

xxxx

“သိပ်သနားစရာကောင်းတဲ့ ကလေးမလေးပါပဲကွာ၊ ဟင့်”

အင်မတန် စိတ်ခိုင်သော ရဲနောင်ပင် ကျော်ရဲပခုံးဖက်ပြီး ငိုချင်နေသည်။ အမြဲရှပိုးထိုးနေသော မင်းမခပင် လက်သီးကျစ်ကျစ်ပါအောင်ဆုပ်၍. . .

“တောက်. . . ငါတော့ ဒီလောက်အသုံးမကျတဲ့ ဘူအဖေ



www.burmeseclassic.com

www.burmeseclassic.com



အောင်စိန်မျက်နှာ လက်သီးနှစ်လုံးလောက် ပစ်ထည့်လိုက်ချင်တာ ပဲ"

ဒါကို အောင်သူရက

"အိုကွာ. . . ငါတော့ သူ့မိထွေးတွေဆိုတာကိုပဲ ရေနွေးပူနဲ့ ပက်ချင်တာ"

အားလုံး ကြိတ်မနိုင်ခဲမရ ဖြစ်ကုန်ကြ၏။ မှန်ပေသည်။ မကျေမနပ်ဖြစ်ချင်လည်း ဖြစ်စရာ။ သူ့မဘဝမှာ လွန်စွာသနားစရာ ကောင်းတော့သည်။ သူ့မဘဝက ဤသို့။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



သူမ ရှစ်နှစ်သမီးအရွယ်ဌင် သူမအားကိုးရသော မိခင် ဒေါ်အေးပု ကွယ်လွန်ပြီး ဖခင်မှာ ဒေါ်တင်နွယ်ဆိုသော အမျိုးသမီး နှင့် တစ်ပင်ထူပြန်၏။ ယခင်ကတည်းက သူမ၏မိခင်နှင့် ဖခင်မှာ ကိုယ့်အားကိုယ်ကိုး၍ စားသောက်ဆိုင်လေး တစ်ဆိုင် အရင်းပြုခဲ့ရာ မှ အဆင်ပြေလှစွာ စားသောက်ဆိုင်ကြီး ဖြစ်နေပြီမို့ မိထွေးဖြစ်သူ ဒေါ်တင်နွယ်အတွက် ရေကန်အသင့် ကြာအသင့်ပင်။

ထို့အပြင် ဒေါ်တင်နွယ်မှ သူတစ်ယောက်တည်း မနေချင်၍ သူ၏ညီမများဖြစ်သော စုနန္ဒာနှင့် နေခြည်တို့ နှစ်ဦးကို ထပ်မံခေါ် လိုက်ရာ ထိုနှစ်ဦးနှင့်ပါ ဦးအောင်စိန်နှင့် ထပ်မံ၍ညားကြလေ

www.burmeseclassic.com



သတည်း။

ဤသို့ဖြင့် မစိန်ပုလေးခမျာ မိထွေးသုံးယောက်၏ အနိုင်းစေခံ၊ စားသောက်ဆိုင်တစ်ခုလုံး ဒိုင်ခံလုပ်ပြီး အသက်ဆက်ရရှာသည်၊ ပန်းကန်ဆေးလည်းသူ၊ ထင်းခွဲလည်းသူ၊ မီးဖိုပေါ်မှ အမယ်များကလည်း သူ၊ သူတစ်ယောက်တည်းပင်။

မိထွေးသုံးယောက်က ကျော့ကော့နေအောင် ဖြီးလိမ်းပြီး ဆိုင်ကောင်တာတွင် ခုံသုံးလုံးချ၍ စီမံလေသည်။

၎င်းသည်ကိုပင် မိထွေးသုံးယောက်က ဂုဏ်တုဂုဏ်ပြိုင်လုပ်ပြီး မတင်နွယ်က ပါတိတ်ဝမ်းဆက်ဆိုလျှင် စုန္ဒာက သီရိဒုံဝမ်းဆက်၊ နေခြည်က စကာဒ်အတိုအပြတ် စသည်ဖြင့် ပွဲဆာ၊ မရလျှင် အချင်းချင်းသောင်းကျန်း။ နောက်ဆုံး သူတို့၏ဒေါသက မစိန်ပုဆီသာ ကျလေတော့သည်။

တစ်ယောက်က မစိန်ပုခေါင်းကို ပန်းကန်စောင်းနှင့်ခေါက်လျှင် တစ်ယောက်က ယောင်းမနှင့် ရိုက်သည်။ ဒါကိုမြင်လျှင် တစ်ယောက်က အသည်းယားပြီး ငရုတ်သီးနှင့် ဝင်ပွတ်သည်။ ဖခင်ကလည်း မိန်းမသုံးယောက်ကြား ဘာမှမပြောနိုင်။

ဒီကြားထဲ စုန္ဒာနှင့် နေခြည်တို့မှာ နောက်ယောကျ်ားများ ထပ်ယူပြီး မစိန်ပုတို့အိမ်ပေါ်သို့သာ အခန့်သင့်တင်ထားကြသည်။

ထို့အပြင် သူတို့၏ယောကျ်ားများမှာလည်း အရက်သမားများမို့ တစ်ချိန်လုံး မူးရူးနေပြီး တစ်ချိန်လုံး မစိန်ပုကိုသာ ရိသဲ့သဲ့လုပ်နေကြသည်။ ဒါကိုမြင်သော မိထွေးများကလည်း ပျော်၏။

အကြိမ်ကြိမ် အနှိပ်စက်ခံရ၍ အိမ်မှထွက်ပြေးရန်လည်း အမြဲတမ်းကြိုးစားခဲ့သည်၊ သို့သော် လူခြောက်ယောက်၊ မျက်လုံးဆယ့်နှစ်လုံး အမြဲတစေ ဒေါက်ထောက်ကြည့်နေ၍ အခွင့်မသာခဲ့။ သည်ကြားထဲ ဆိုင်ကိုအမြဲလာနေသော သူတို့၏မောင်ဝမ်းကွဲ ငမူး



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်နှင့် အတင်းပေးစားရန် ကြိုစည်နေသည့်အတွက် စိန်ပုခမျာ မလှုပ်သာမလှည့်သာ ဖြစ်နေရသည်။

ယခုမှသာလျှင် မိထွေးသုံးယောက်က ကရဝိက်တွင် သူတို့သူငယ်ချင်း၏ သမီးတစ်ယောက် မွေးနေ့ပွဲကိုလာရင်း သူတို့၏ ဝေယျာဝစ္စများကို လိုက်လံဆောင်ရွက်ရန် ခေါ်လာရင်း အခွင့်သာလို့ ထွက်ပြေးလာရခြင်းဖြစ်ကြောင်း

ငိုရင်းတစ်လီ၊ မျက်ရည်ဝိုင်း၍တစ်ဖုံ လေးနာရီတိတိကြာအောင် ပြောပြသွားလေသည်။

သုံးနာရီမှစ၍ပြော၍ လေးနာရီကြာသောအခါ နာရီမှ ခုနစ်ချက်တိတိ ကြားရလေတော့သည်။ ထိုအချိန်တွင် ပုံပြင်ထဲမှ မိထွေးနှိပ်စက်ခံရသော စင်ဒရဲလားပင် မျက်ရည်ကျနေလေပြီ။

"ကဲ. . . ဘယ်လိုလုပ်မလဲ"

ရဲနောင်၏အမေး။ ကျော်ရဲ ကောင်းကင်ကို မော့ကြည့်မိသည်။ ဆောင်းတွင်းကာလမို့ အစောကြီးမှောင်နေပေပြီ။ သို့သော် သံယောဇဉ်က လင်းနေပြီလေ။

"ညကလည်းမှောင်နေပြီကွ၊ ဒီအချိန်ကျမှ သူ့ကို ဘယ်ပို့ရမှာလဲ၊ သူအိမ်ပြန်သွားရင်လည်း သူ့မိထွေးသုံးယောက်နဲ့က မလွယ်လောက်ဘူး၊ အနည်းဆုံး နားရွက်လောက်တော့ပြတ်မှာ"

"အေး. . . ဒီကြားထဲ ဟိုအရက်သမားတွေရန်ကလည်း မအေးလှဘူးနော်"

"စုနန္ဒာနဲ့ နေခြည်ယောက်ျားတွေက တော်သေး၊ ဟို ငမူးစိုးအောင်က ပိုဆိုးသေးပြောတာနော"

အားလုံး သက်ပြင်းချမိကြသည်။ နောက်မှ အောင်သူရက

"ကဲ. . . ဒါဆိုလည်း သူ့ကို ဒီညတော့ ဒီမှာပဲပေးအိပ်လိုက်ပေါ့ကွာ၊ မနက်ကြမှ တစ်ခုစီစဉ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုဆုံးဖြတ်ချက်သာ အမှန်ဆုံးဖြစ်ပေလိမ့်မည်။

"မင်းတို့လည်း မပြန်ကြနဲ့တော့ကွာ၊ ဒီမှာပဲအိပ်ကြ၊ တော်ကြာ. . ."

"ဘာလဲ စိတ်မထိန်းနိုင်မှာစိုးလို့လား၊ စိန်ပုက နာမည်သာဆိုးတာ၊ လူတော့အတော်လှတယ်နော့"

မင်းမခစကားကြောင့် အားလုံး ပေါ့ပါးစွာရယ်ဖြစ်ကြသည်။ မှန်ပေသည်။ မစိန်ပုမှာ နာမည်သာဆိုး၊ ဘဝသာဆိုးသော်လည်း အင်မတန်မှကို သည်းခံချင်စရာကောင်းသော ရုပ်ရည်ရှိပါသည်။

"အခု . . . မင်းသူ့ကို ဘယ်အခန်းမှာထားလဲ"

အောင်သူရ မေးသည်။

"အမေ့အခန်းမှာပါပဲကွာ၊ အမေလည်း ရှိမနေတော့ အမေ့အဝတ်အစားတွေပဲ တော်ရာယူဝတ်ထားဖို့ ပြောထားတယ်၊ သူ့ဟိုတယ်ပေါ်က ဆင်းလာတဲ့ဝတ်စုံနဲ့ဆို ရှက်စရာကြီး၊ ပြောင်ပြောင်လက်လက်နဲ့"

"အေးလေ"

အားလုံးအသံတွေ ပြန်လည်တိတ်ဆိတ်ကုန်၏။

"ဟာ. . . ဟော့ကောင် သူ့မိထွေးတွေက ဒီလောက်နှိပ်စက်ပြီး လက်တိုလက်တောင်း



အမေလည်း
ရှိမနေတော့
အမေ့အဝတ်
အစားတွေပဲ
တော်ရာ
ယူဝတ်ထားဖို့
ပြောထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းနေတာ ဒီလိုဝတ်စုံမျိုးပေးဝတ်ပါ့မလား"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တွေဝေကုန်ကြ၏။ သူမကိုယ်ပေါ်မှ မင်္ဂလာပွဲတက်အဝတ်အစားကို ပြန်မြင်ယောင်မိကြသည်။ ဒါကို ကျော်ရဲကသာ. . .

"မင်း. . . မင်းတို့ကလည်းကွာ မင်္ဂလာပွဲကိုလာတဲ့ဟာပဲ တစ်ခါတလေတော့လည်း အကောင်းစားပေးဝတ်ထားမှာပေါ့၊ ဟုတ်ဘူးလား ဟေ့ကောင်တွေ"

ကျန်သည့်ကောင်များ သဘောညီသည်။ အားလုံးက မျက်နှာတစ်ဖက်လှည့်ရင်း. . .

"ဒါ မသင်္ကာစရာပဲ"

"ဟုတ်တယ်၊ နောက်ပြီး သူ့ရုပ်က ပင်ပင်ပန်းပန်းလုပ်ခဲ့ရ တဲ့ရုပ် မဟုတ်ဘူးနော်"

"အေး. . . ဒါလည်းဟုတ်တယ်၊ အဲသည်လိုလုပ်ခဲ့ရရင် ခြေမွေးလက်မွေးတော့ မီးလောင်နေမှာပဲ၊ ဟိုဟာ တစ်မွေးမွေးတော့ ကျွတ်ရိပ်သန်းရမယ်"

အားလုံး၏စကားများကို ကျော်ရဲမှပင်. . .

"ဟေ့ကောင်. . . ဟေ့ကောင်တွေ မင်းတို့အတွေးတွေက ဒီထက်အတွင်းကျဖို့ မကောင်းတော့ဘူး၊ မင်းတို့သံသယရှိရင် သူ့ကို သာခေါ်မေးကြနော်"

အားလုံးခေါင်းများက အိမ်ဖက်ပြန်လှည့်ကုန်၏။ သို့သော်

"ဒါနဲ့နေဦး. . . ညဖက်လည်းဖြစ်နေပြီဆိုတော့ ခေါ်မေးလို့ ကောင်းပါ့မလား"

ရဲနောင်မှ ချင့်ချိန်သည်။ ကျော်ရဲကပါ

"အဲဒါတော့ဟုတ်တယ်၊ မေးချင် မနက်ကျမှ ရှင်းရှင်းလင်း လင်းမေးသင့်တယ်၊ ဒီညတော့ သူလည်း ပင်ပန်းရှာပြီ၊ အိပ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



သောကွာ"

ကျော်ရဲကို ဇဝေဇဝါနှင့် ပြန်ကြည့်ကြသည်။ ကျော်ရဲက ရွှားဖြဲဖြဲပြီး. . .

"ငါ. . . ငါက စေတနာနဲ့ပြောတာပါ"

ခေါင်းတွေပြန်လှည့်ကုန်၏။ အားလုံး စကားမပြောဖြစ်ကြတော့၊ မသာမယာလမင်းကြီးကိုသာ ငေးနေကြသည်။ အတန်ကြာမှ အောင်သူရက. . .

"ငါလည်းအိပ်တော့မယ်ကွာ၊ ဟော့ကောင်ကျော်ရဲ ဘယ်အခန်းအိပ်ရမှာလဲ"

"ဟော့ကောင်ရ. . . ငါ့အခန်းလာအိပ်ပေါ့ကွ"

သူ ခြေလှမ်းကိုတုန့်ရင်း

"မင်းအမေ့အခန်း လူရှင်းတယ်မဟုတ်လား"

မစိန်ပုကို ရည်ရွယ်ခြင်းဖြစ်သည်။

"ခွေးကောင် အာမှုဖြစ်လိမ့်မယ်"

အားလုံးဝိုင်းရယ်ကြသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



လကလင်းလာလေပြီ။ ဆောင်းညကလည်း အေးရှာပြီ။

ကျော်ရဲတို့အုပ်စုမှာလည်း ဘာရယ်မဟုတ် ဆောင်းညထဲ တိတ်ဆိတ်စွာ ပျော်ဝင်နေကြသည်။ ကိုယ်စီအတွေးနဲ့မို့ ငြိမ်သက်နေမိကြသည်။

"အိပ်တော့မယ်ကွာ"

"ဟုတ်တယ်၊ ညနက်ပြီ"

ရဲနောင်နှင့် မင်းမခတို့၏စကား။

"ငါနေခဲ့ဦးမယ်ကွာ"

ကျော်ရဲက ထိုင်ရာကမထသေး။



www.burmeseclassic.com

www.burmeseclassic.com



"လေလည်းဖြတ်သွားပါဦးမယ်"

"ဟုတ်တယ်၊ မိန်းမမရခင် အောက်ပိုင်းသေသွားတယ်ဆို ကြားမကောင်းဘူး"

နှင်းမှုန်များဝေဆိုင်းပြီး ပတ်ဝန်းကျင်ကို ဖြူဖွေးစွာ ဖိတ်မှောင်နေ၏။ တစ်ခါတစ်ခါ ကားမီးရောင်ကသာ အဖြူရောင် ကြား မှုံဝါးဝါး၊ ဘရိတ်နင်း၍ နီသောဝါသောမီးများက သာ၍ပင် ကြည့်ကောင်းသေး၏။

နှင်းမှုန်တွေ ဘယ်လောက်ဖွဲဖွဲ နှင်းခွဲ၍ ထွက်လာသော သမင်းကြီးက ပြုံးယောင်သန်းနေသလို။

မြင်မြင်သမျှ ကြည်နူးဖွယ်ရာအတိ။

ကျော်ရဲ သူ့ကိုယ်သူ ပြန်စဉ်းစားမိသည်။ "သူတို့နှစ်ဦး သဘောတူ ခိုးပြေးကြတာလား။ ဒါဆိုရင် သူတို့နှစ်ယောက်ဟာ. . .

ရင်ထဲ လှိုက်ခနဲဖြစ်သွားသည်။ သူ့ဘဝက မိန်းမရသလို၊ မရသလို၊ မျက်နှာပေါ် ဖြန်းပက်လာသော နှင်းမှုန်အရသာကို ခံယူ ရင်း မျက်လုံးမှိတ်ထားလိုက်သည်။ ဘာကြောင့်ရယ်မသိ အရာရာ သူမမျက်နှာ။

××××



www.burmeseclassic.com

www.burmeseclassic.com





ပထမတော့
လန့်နိုးပြီး
ကြောင်သွား
သေး၏။
လာနှိုးသူ
များက
တခြားသူများ
မဟုတ်။

"ကျော်ရဲ. . . ကျော်ရဲ. . . ကျော်ရဲ"

ပခုံးကိုကိုင်၍ အတင်းလှုပ်နှိုးသံ ကြားတော့ ကျော်ရဲမျက်လုံးပွင့်လာ၏။

"ဟင်. . . ဘယ်သူတွေ. . . ဩော်"

ပထမတော့ လန့်နိုးပြီးကြောင်သွားသေး၏။ လာနှိုးသူများက တခြားသူများမဟုတ်၊ အောင်သူရ၊ မင်းမခနှင့် ရဲနောင်။ နံနက်က လင်းခြင်းနေပြီ။

"မင်းကွာ လေမဖြတ်တာကံကောင်း"

ရဲနောင်စကား။ အောင်သူရက. . .

"အဲဒါအရေးမကြီးဘူး၊ မရှိတော့ဘူးကွ၊ မရှိတော့ဘူး"

"ဘာမရှိတော့တာလဲ၊ သားအိမ်ကောင်းမရှိတော့တာလား"

"အာ. . . မင်းဦးလေးက မူးရူးပြီး အိပ်နေတုန်း၊ အခုမရှိတော့ဘူးဆိုတာ ကောင်မလေးမရှိတော့တာကို ပြောတာကွ"

"ဟင်"

ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်လိုက်သည်။ နောက် ရင်ဘတ် ပြန်စမ်းမိသည်။ ရင်ခုန်သံက တဒိုင်းဒိုင်း။

"ဘယ်ကနေဘယ်လို"

"အဲဒါတော့မသိဘူးကွ. . . ဘယ်အချိန်မှာ ဘယ်လိုထထွက် သွားမှန်းမသိဘူး"

"မင်းတို့ဟာ သေချာရဲ့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ကွာ၊ အခန်းတံခါးပိတ်နေလို့ ငါဝင်ချောင်းခဲ့သေးတာ၊ ဟီဟိ"

မင်းမခက သူလုပ်ရပ်သူ သဘောကျသည်။ ကျော်ရဲကသာ တမန်းကတန်းထပြီး. . .

"ဒါ. . . ဒါဆို သွားကြည့်ကြရအောင်"

သူနောက်က ကြိုးနှင့်သီထားသလို ဟိုကောင်တွေ ကပ်ပါသာ၏။

×××××



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်. . . ဒေါက်. . . ဒေါက်"

"မစိန်ပု. . . မစိန်ပု"

အထဲမှ ပြန်ထူးသံမကြား။ မင်းမခက တံခါးလက်ကိုင်ဘုလေးကို ညွှန်ပြရင်း

"ငါ အဲဒီနေရာက ချောင်းခဲ့တာ၊ ဘယ်သူမှမရှိပါဘူးဆိုနေကွာ"

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"မစိန်ပု"

ထူးသံမကြား။



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ညလုံးထချောင်းနေတာကွ၊ မနက်ကျမှ အိပ်ငိုက်သွားတဲ့ ဝင်အိပ်လိုက်တာ၊ ဘယ်အချိန်ထလစ်သွားလဲ မသိပါဘူးကွာ၊ အဲဒီတစ်ချက်လေး လွတ်သွားတာ၊ ဟီဟိ"

"ဩော်. . . ဖွဲ့ဆုတောင်းပေးဖို့ကောင်းနေပြီ"

"ကဲ. . . ထူးသံမကြားရင်လည်း တံခါးဖွင့်ကြည့်လိုက်ကွာ"

"ကောင်းပါ့မလားကွာ၊ မတော်အခန်းထဲရှိနေရင်"

"မရှိပါဘူးဆိုနေကွာ"

အချင်းချင်း ငြင်းခုန်နေရသေး၏။ နောက်မှ. . .

"ကဲ. . . ဘာပဲဖြစ်ဖြစ်ကွာ တံခါးတော့ဖွင့်ကြည့်မှပဲ၊ တို့အိမ်ပဲမဟုတ်လား"

"တော်ကြာ ရေချိုးနေရင်ရော"

"ရေချိုးနေရင် ငါ ဂျီးဝင်တွန်းပေးလိုက်မယ်၊ ဟီဟိ"

အရေးထဲ နှာဘူးကတစ်မျောင့်။

"ကဲ. . . ဘာမှစဉ်းစားမနေနဲ့၊ တံခါးသာဖွင့်လိုက်"

အားလုံးစိတ်စောစွာ ဆုံးဖြတ်လိုက်ကြသည်။

"ကျွီ"

"စိန်ပု"

ပြန်ထူးသံမကြား။ တံခါးကိုဟ၍ ခေါင်းလေးလုံးက အထဲကိုချောင်းနေသည်။ အားလုံးမြင်သာအောင် တံခါးကို တွန်းဖွင့်လိုက်သည်။

"စိန်ပု"

"ဟင်"

အခန်းဟွင်း၌ မည်သူမှမရှိတော့။ မနေ့က သူဝတ်ခဲ့သော ဝတ်စုံအကောင်းစားကိုသာ ခုတင်ပေါ် အခန့်သင့်တွေ့ရသည်။

"ဘယ်ရောက်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com




အကျီ၏
ခေါင်းရင်းတွင်
သပ်ရပ်စွာ
ခေါက်တင်
ထားသော
စာတစ်စောင်
ကို တွေ့ရ
သည်။

"မရှိပါဘူးဆိုနေကွာ"

အားလုံး ခြေလှမ်းများက အခန်းထဲ ရောက်လာသည်။ မင်းမခက ရေချိုးခန်း၊ အိမ်သာထဲ လိုက်ချောင်းသေး၏။ အောင်သူရက ကောင်မလေးထားခဲ့သော ဝတ်စုံအကောင်းစားကို ကိုင်ကြည့်ရင်း

"ဟာ. . . ဟော့ကောင် ဒီမှာစာတစ်စောင်ကွ၊ ဘာတွေရေး ထားလဲမသိဘူး"

အကျီ၏ခေါင်းရင်းတွင် သပ်ရပ်စွာ ခေါက်တင်ထားသော စာတစ်စောင်ကို တွေ့ရသည်။ ကျော်ရဲလည်း သိချင်သွားပြီး. . .

"ပေးစမ်း. . . ဖတ်ကြည့်ရအောင်"

ခေါင်းလေးလုံး ပူးကုန်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျော်ရဲ့"

အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဒီအိမ်မှာ မသမာသူတွေနဲ့ နေရတာ မလုံခြုံလို့ထွက်သွားပြီ။

ဝတ်လာတဲ့အဝတ်အစားတွေ အဆင် မပြေလို့ ဒီအိမ်က ဝတ်စုံတစ်ခုဝတ်သွားတယ်။

ကျန်ခဲ့တဲ့ဝတ်စုံကို မိုလ်ချုပ်ဈေး၊ ဗီရိုက "....." ဝတ်စုံအငှားဆိုင်ပြန်ပို့ပေးပါ။ အဲဒီ ဝတ်စုံပြန်အပ်လိုက်ရင် ပိုက်ဆံပြန်ရပါလိမ့်မယ်။ ပြန်ရတဲ့ပိုက်ဆံကို သုံးပုံပုံပေးပါ။ ကူညီလို့ ရေးအတွက်ပါ။

အဲဒီသုံးပုံထဲကမှ တစ်ပုံကိုသုံးပါ။ တစ်ပုံကိုဖြုန်းပါ။ ကျန်တဲ့ တစ်ပုံကျမှ ဘယ်သူ့ကိုမှမပေးပါနဲ့။

အကယ်၍ ဝတ်စုံပြန်မအပ်ရင် နေ့စဉ်အတိုးတက်နေပါ လိမ့်မယ်။ ဒါကြောင့် မြန်ဖြစ်အောင်ပို့လိုက်ပါ။

ကျွန်မကိုတော့ လိုက်ရှာဖို့မကြိုးစားပါနဲ့။

တစ်ခါက အပြစ်မဲ့ စိန်ပွင့်...

တဲ့တာ။

စာကိုဖတ်ပြီး အားလုံး ပက်လက်လန်သွားကြသည်။

××××

www.burmeseclassic.com



"ကဲ. . . အခုဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ သူပြောတဲ့အတိုင်း ငှားထားတဲ့ အဝတ်တွေ သွားပြန်အပ်ရုံပေါ့"

"ဟာ. . . မပေးတော့လည်း ဘာဖြစ်မှာလဲ၊ ကိုယ့်ပစ္စည်းမှ မဟုတ်တာ"

"ဟာ. . . အဲဒါဆို အတိုးတွေတက်နေမှာပေါ့၊ ဘယ်သူရှင်းမလဲ"

"အေးလေ. . . ကိုယ်ရှင်းစရာမှမလိုတာ၊ သူ့ဘာသာသူရှင်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းပါဘူးကွာ၊ လူမှုရေးအရပေါ့",

အားလုံး သူဌေးသားကယောင်တွေချည်းမို့ အရေးတစ်ခုခု ဖြစ်လျှင် ငြင်းနေရသေး၏။

"ဘာတွေဘယ်လိုဖြစ်နေကြတာလဲဟေ့"

ကဗျာဆရာကြီး နိုးလာ၏။

"မနေ့ညက သာနေတဲ့လမင်းကြီး ပျောက်သွားလို့ဗျ ဦးလေး ရ"

ရဲနောင်က အကြောင်းသိမို့ ကဗျာဆန်ဆန်ပြောသည်။ ဒါကို ကဗျာရှူးဦးလေးက

"ကြယ်ကင်ဆာ"

တစ်လုံးထဲ ရေရွတ်၏။ နောက်မှ. . .

"ဟုတ်တယ်၊ လမင်းကြီးပျောက်သွားလို့ လမင်းကြီးကိုမျှော်နေတဲ့ မင်းတို့က ကြယ်လေးတွေပေါ့၊ အဲဒီကြယ်လေးတွေက ကင်ဆာဖြစ်ကုန်တာ၊ ဟုတ်ပြီ၊ ဒါဟာ ကဗျာတစ်ပုဒ်ပဲ၊ သားအိမ်ကောင်း၊ ကြယ်ကင်ဆာ၊ ဒီကဗျာခေါင်းစဉ် ကောင်းပြီ" ဆိုကာ ကဗျာရေးရန် အခန်းထဲ ခပ်သုတ်သုတ်ဝင်ချသွားပြန်သည်။ မကြာပါ အခန်းထဲမှ "ညကလကိုလိုက်၊ လကညကိုလိုက်"ဟူသော ကဗျာရွတ်သံ ကြားရသည်။

အားလုံး သက်ပြင်းချမိကြသည်။ ရဲနောင်မှစ၍

"မင်းဦးလေးရောဂါလည်း ကုသင့်ပြီ"

ကျော်ရဲက တစ်ဖက်လှည့်ရင်း. . .

"သွားမပြောပါနဲ့ကွာ"

"ဘာလို့လဲ"

"တစ်ခါ သူ့ကဗျာကို ငါဝေဖန်ဖူးတယ်"

"သူဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com


"မုန့်တီမျှင်ဝယ်ပေးတဲ့"
"ဘာလုပ်ဖို့တဲ့လဲ"
"သူ့ကိုယ်သူ မုန့်တီမျှင်နဲ့ ကြိုးဆွဲချမလို့တဲ့"
"သေနေပါဦးမယ်ကွာ"
အားလုံး တိုးတိုးကြိတ်ကြိတ် ရယ်မိကြသည်။
"တဲ့. . . ဒီလိုလုပ်"
အားလုံး ပြန်လည်စိတ်ဝင်စားသွားကြသည်။
"ဒီဝတ်စုံကို သွားပြန်အပ်ကြမယ်"
"အကြောင်းက"
"ဒါဆို သူ့အကြောင်းကိုလည်း စုံစမ်းလို့ရမယ်"
"စုံစမ်းပြီးရင်"
"သိ. . . သိရတာပေါ့ကွာ၊ မင်းတို့ကလဲ"
ကျော်ရဲကို မသက်သာသလို ဇဝေဇဝါကြည့်ကြသည်။
"ဒါဆိုလည်း ဒီငတိဆန္ဒဖြည့်ပေးလိုက်ကြတာပေါ့"
ဆုံးဖြတ်ချက်သည် ပြင်ဆင်ချမှတ်ရန် အလွယ်ဆုံးဖြစ်သည်။

××××

ကင်းဘတ်(စ)စအဖြူကို ဘောင်ကျစ်ထားပါ။
ရောင်စုံဆေးခွက်များရှိ၏။
သင် မည်သည့်စုတ်တံမျိုးကို အသုံးပြုရန်လိုအပ်ပါသနည်း။
လောက၌ မိမိကိုယ်မိမိ အရောင်ဆိုးရန် လိုအပ်သောစုတ်တံ ရွေးချယ်တတ်ရန်လည်း လိုပေသေးသည်။

××××

ဗိုလ်ချုပ်ဈေးထဲ မိန်းမဝတ်စုံကြီးပိုက်၍ ဝင်ရသည်မှာ လွယ်လှသည့်ကိစ္စတော့မဟုတ်။ သည်ကြားထဲ ဗိုလ်ချုပ်ဈေးဆိုတာ လည်း မကျွမ်းကျင်တော့ သူမှာသွားသည့် စီရုံဆိုတာ ဘယ်နားရှိမှန်း



www.burmeseclassic.com

www.burmeseclassic.com



သော်၊ အားလုံး ဈေးထဲယောင်လည်လည်ဖြစ်နေကြသည်။

"ဟော့ကောင် . . . ဒီအတိုင်းဆို လွယ်မှာမဟုတ်ဘူး၊ ဘစ်ယောက်ယောက်ကိုမေးလိုက်ရင် ကောင်းမယ်"

"မင်းမေးကွာ"

ဆတ်ဆော့တတ်သော မင်းမခကိုသာ တိုက်တွန်းကြသည်။

"နေဦးကွ . . . မေးသင့်တဲ့သူ လိုက်ရှာဦးမယ်"

နေရာမေးဖို့တောင် တွေ့ကရာလူမမေး။ နှာဘူးထစရာက ရှာသေး၏။ ခပ်လှလှ ကောင်မလေးကိုတွေ့မှ . . .

"ညီမ . . . ဒီ . . . ဒီလိပ်စာလေး"

"ဩော် . . . ဒါက ဟိုဖက်မှာလေ၊ သတို့သမီးဝတ်စုံတွေငှားတဲ့ဆိုင်တွေရှိတယ်၊ အဲဒီဖက်မှာ သွားရှာလိုက်ပါ"

"ဟင်"

အားလုံးကြောင်သွားသည်။ နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး . . .

"သတို့သမီးဝတ်စုံ"

တိုင်ပင်မထားဘဲ နှုတ်မှ ပြိုင်တူထွက်သွားကြသည်၊ ပြီးနောက် ကြောင်တောင်တောင်နှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ရဲနောင်က ကျော်ရဲလက်မောင်းကို ကြောင်ကုပ်သလိုကုပ်ပြီး . . .

"ပြန် . . . ပြန်ကြရအောင်ဟော့ကောင်"

"ဘာ . . . ဘာဖြစ်လို့လဲကွ"

"အမှု . . . အမှုဖြစ်လိမ့်မယ်ထင်တယ်"

လုပ်သာလုပ်နေရတာ။ ဘယ်သူမှသိပ်ရဲသူမရှိ။

"အာ . . . လာစမ်းပါ၊ လိုရင်းနေရာက ရောက်တော့ ရောက်တော့မဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . . ဒါကြီးက သတ္တိသမီးဝတ်စုံဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"မဖြစ်နိုင်ပါဘူးကွာ၊ သတ္တိသမီးဝတ်စုံဆို ဒီထက်လှမှာပေါ့၊ အခုဟာက"

"ဒီဟာလည်း လှသလိုပဲနော် ဟော့ကောင်"

"ဟာ. . . ထားစမ်းပါကွာ၊ လာ သွားရအောင်"

ကျော်ရဲတစ်ယောက်ကသာ စိတ်လောနေသည်မို့ သိချင်စိတ် ပြင်းထန်နေသည်။

"ဟော. . . ဟိုမှာပဲဟော့ကောင်၊ အဲဒီဆိုင်ပဲ၊ ဆိုင်းဘုတ်မြင်နေရပြီ"

ခြေလှမ်းကို ထပ်သွက်လိုက်သည်။ ထိုစဉ်မှာပင်. . .

"ဟာ. . . မိပြီ. . . မိပြီ၊ ဒီကောင်တွေပဲ၊ ဒီကောင်တွေပဲ"

ဆိုင်ထဲ လှမ်းဝင်သည်နှင့် ကျော်ရဲလက်ကို လူတစ်ယောက်က အတင်းဖမ်းဆွဲထား၏။ လူက မဲမဲဝဝကြီး။ အသက်တော့ သိပ်ကြီးပုံမပေါ်။ သူ့နောက်မှာလည်း လူသုံးလေးယောက်။

"ဟာ. . . ဘာဖြစ်နေတာလဲ၊ ဒီလူ ဘယ်ကလူလဲ၊ ဘာလာရှုပ်တာလဲ"

သူ့စကားကို ထိုသူက လက်ကိုမလွှတ်တမ်းဆွဲထားပြီး. . .

"ဟော့ကောင်. . . အဲဒီစကားကို ငါမေးရမှာ၊ မင်းက ဘာကိစ္စနဲ့ ငါတို့ကြားဝင်ရှုပ်တာလဲ"

"ဟ. . . ဘာရှုပ်ရမှာလဲ၊ ကျုပ်မှာ ရှုပ်ဖို့မပြောနဲ့ ခင်ဗျားတို့နဲ့တောင်မသိဘူး"

"အေး. . . ငါလည်း မင်းကိုမသိလို့ အံ့ဩနေတာကွ၊ အဲဒီ အဲဒီဝတ်စုံ ဘယ်ကရလဲ"

ကျော်ရဲလက်ထဲပိုက်ထားသော ဝတ်စုံကို လက်ညှိုးထိုးရင်း



www.burmeseclassic.com

www.burmeseclassic.com



မေး၏။ ကျော်ရဲက ပြန်ငုံ့ကြည့်ပြီး. . .

"စိန်ပုဝတ်စုံလေ. . . ဘာဖြစ်လို့လဲ"

"စိန်ပု. . . ဘယ်ကစိန်ပုလဲ၊ အဲဒီဝတ်စုံဝတ်ထားတဲ့ ကောင်မလေး အခုဘယ်မှာလဲ"

"ဘယ်သိမှာလဲဗျ၊ သူချွတ်ပြီးပေးသွားတာပဲ"

"ဟောကောင်. . . ရှုးကြောင်မူးကြောင် လုပ်မနေနဲ့၊ ဟောဒီ မှာတွေ့လား၊ အဲဒီဝတ်စုံကို ငှါးထားတဲ့ဘောက်ချာ"

ထိုသူက ဘောက်ချာတစ်ခု ထုတ်ပြသည်။ ဟုတ်ပါသည်။ ထိုဝတ်စုံငှားရမ်းထားကြောင်း ဘောက်ချာပင်။

"ဩော်. . . ခင်ဗျားဝတ်ဖို့ ငှားထားတာလား၊ ဒါဆိုယူ လေ"

"ဟောကောင်. . . ရှုးချင်ယောင်ဆောင် မနေနဲ့၊ ပြဿနာတက်သွားမယ်နော်"

အခြေအနေက ရှုတ်ရှုတ်သည်းသည်း ဖြစ်လာ၏။ ထိုသူ၏ အသံကျယ်ကျယ်ကြောင့် လူတွေဝိုင်းအုံကြည့်လာကြသည်။ ဟိုလူ၏ မဲသောမျက်နှာ ပိုမဲနေလေပြီ။

"နေ. . . နေပါဦး မောင်တင်ဆွေရယ်၊ ဒီကိစ္စကိုဒီလိုဖြေ ရှင်းလို့ပြီးမှာမဟုတ်ပါဘူး၊ ပြေပြေလည်လည်ဖြေရှင်းကြတာပေါ့၊ ကဲ. . မောင်ခင် ဒီဝတ်စုံကို ဘယ်ကရတာလဲဆိုတာပဲ အ



ဟောကောင်
ရှုးကြောင်
မူးကြောင်
လုပ်မနေနဲ့၊
ဟောဒီ
မှာတွေ့လား၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြောပါ"

သန့်ပြန့်သောလူကြီးတစ်ဦးက ဝင်မေးသည်။ ဒါကို ကျော်ရဲက. . .

"မသိဘူးဗျ၊ မနေ့က ကောင်မလေးတစ်ယောက်"

အတိုချုံးပြောပြလိုက်သည်။ လူကြီးက ခေါင်းတညိတ်ညိတ် နှင့် နားထောင်ရင်း. . .

"အင်း. . . ဟုတ်ပါပြီ၊ အဲဒီကောင်မလေးရော အခုဘယ် မှာလဲ"

"အဲဒါကိုပြောနေတာပဲလေ၊ ဒီမှာ သူ စာတစ်စောင်ရေး ထားပြီး ပျောက်သွားတာပဲ"

ဒါကို ခုနက မဲမဲဝဝကြီးက. . .

"ဟေ့ကောင်. . . မင်းတို့ဖွက်ထားတယ်မဟုတ်လား၊ အခု ပြန်ထုတ်ပေးစမ်း၊ ငါလုပ်လိုက်ရ မကောင်းရှိတော့မယ်"

သူ့စကားကို လူကြီးက ဆတ်ခနဲပြန်လှည့်ပြီး. . .

"မောင်တင်ဆွေ"

"ခင်ဗျာ ဦးလေး"

"မင်းပါးစပ်ပိတ်မလား၊ ငါပါးချလွှတ်ရမလား"

"အု"

တင်ဆွေဆိုသောသူ သူ့အသံပါ သူပြန်မျိုချလိုက်သည်။ ထိုလူကြီးကို လွန်စွာကြောက်ရပုံပေါ်၏။ လူကြီးက ကျော်ရဲတို့ဖက် ပြန်လှည့်ကာ. . .

"ကဲ. . . လူလေးတို့ကိုလည်း ဦးယုံကြည်ပါတယ်၊ အမှန် တော့ အဲဒီဝတ်စုံနဲ့ ကလေးမဟာ ဦးလေးရဲ့သမီးပါ"

"ဗျာ"

"ဟင်. . . ဒါ. . . ဒါဆို ဦးက မိန်းမသုံးယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်စိန်ပေါ့၊ တောက် ယုတ်မာလိုက်တာ"

မင်းမခက ဘာမသိဘာမသိနှင့် ဝင်ပြောသည်။ လူကြီး မျက်နှာပျက်သွားသည်။ ဒါကို ဘေးနားက တင်ဆွေကဝင်ပြီး. . .

"ဦးလေးရဲ့သမီးအပြင် ကျွန်တော့်ရဲ့. . . ကျွန်တော့်ရဲ့"

တင်ဆွေစကားမဆုံးခင် လူကြီးက ဖျတ်ခနဲပြန်ကြည့် သည်။ လူကြီးကြည့်နေတာမြင်တော့ တင်ဆွေ စကားတန့်သွားပြီး

"ကျွန်တော်နဲ့. . . ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ ဟီး. . . ဟီး"

ဆိုကာ ပြန်လျှောချလိုက်သည်။ ဒါကို လူကြီးက သက်ပြင်း ချပြီး. . .

"ကဲ. . . လူလေးတို့လည်း သွားချင်ရာသွားနိုင်ပါပြီ၊ အကယ်၍များ သမီးကိုပြန်တွေ့ရင် ဒီလိပ်စာအတိုင်း ဆက်သွယ် ပေးပါ၊ ကဲ ဦးလည်းသွားပြီ"

ဆိုကာ ကျော်ရဲလက်ထဲ လိပ်စာကဒ်တစ်ခု ပေးသွား၏။ ကဒ်ကိုကြည့်တော့. . .

"ဦးကျော်မင်းဆွေ"

. . . . ကုမ္ပဏီဒါရိုက်တာ၊

လိပ်စာကဒ်ကြည့်ပြီး ကျော်ရဲတို့ကြောင်သွားပြန်၏၊ လူကြီးနှင့် တင်ဆွေတို့အဖွဲ့က ထွက်သွားလေပြီ။

"ဟင်. . . မစိန်ပုပြောတော့ သူ့အဖေနာမည် ဦးအောင် စိန်ဆို၊ အခု ကျော်မင်းဆွေတဲ့၊ ကျော်မင်းဆွေနဲ့ အောင်စိန်ကြား လုံးတစ်လုံးပဲကွာတယ်"

ကျော်ရဲစကားကို အောင်သူရက. . .

"အလကားပါကွာ၊ အသားလွှတ်ဝင်လိမ်သွားတာဖြစ်မယ်"

မင်းမခပါ ထောက်ခံ၍



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ဟိုကပြောသွားတာတခြား၊ သူပြောတာတခြား"

ရဲနောင်က စဉ်းစားရင်း. . .

"မဟုတ်ဘူးကွ၊ လူဆိုးဂိုဏ်းတွေများလား"

အားလုံး ထိတ်ခနဲ ဖြစ်သွားကြသည်။

ရေရာသောအဖြေက ဘာတစ်ခုမှမရှိ။ ဘယ်သူက အမှန်အကန်လဲမသိ။

"နေပါစေကွာ. . . သူတို့အရှုပ်ထုပ်တွေ ပေါ်ကုန်မှာစိုးလို့လစ်ပြေးသွားတာဖြစ်မယ်၊ လာ ပြန်ရအောင်"

"ဟာ. . . ပြန်လို့ဖြစ်မလားကွ၊ ဝတ်စုံကအပ်ရဦးမှာ"

"အေး. . . ဟုတ်သား ဒါဆိုဝင်လေ"

တကယ်တမ်း ဝတ်စုံပြန်အပ်တော့လည်း ပိုက်ဆံက ပြန်မရ။ ခုနက တင်ဆွေက ဝတ်စုံကို လက်ညှိုးထိုးပြကာ ဘောက်ချာအပ်၍ ပြန်ထုတ်သွားပြီတဲ့။ ငွေကို သုံးပုံပင်မပုံလိုက်ရ။

×××××

www.burmeseclassic.com

www.burmeseclassic.com



သတိရခြင်းများက ဆပ်ပွားပြီးရင်ထဲမှာ ပြည့်သိပ်လာသည်။ ကြုံတောင့်ကြုံခဲ တွေ့ဆုံခဲ့ရသော်လည်း ပဟေဠိများ၊ လျှို့ဝှက်ချက်များက အမြဲလိုလို တမ်းတခြင်းကို ဖန်ဆင်းပေးနေသလို။

“ဘာပြဿနာများရှိလို့လဲ မိန်းကလေးရယ်”

အချိန်တိုင်းများ ရေရွတ်မိနေသလားတောင်မသိ။

အရာရာမသေချာခြင်းများစွာနဲ့ အသက်ရှူရတာကိုက မွန်းကြပ်လွန်းသည်။

ဒီပြဇာတ်ကို ကိုယ်တိုင်ဖန်တီးခဲ့တာလား။ ဒါမှမဟုတ် တံတရားက ဖန်တီးခဲ့ပြီး ကိုယ်တိုင်ဇာတ်ကောင်တစ်ခုလား။

မသိ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"လိမ်ညာခြင်းကိုတော့ ငါအမုန်းဆုံးပဲဟော့ကောင်"

ကျော်ရဲ၏နှုတ်ထွက်စကား။ အရာရာ ဝေဝါးနေပေပြီ။

အရှေ့က ဘီယာတစ်ဂျားကို သွန်ချလိုက်သလားတောင် ထင်ရ၏။

"ရှေးခေတ်လူတွေတော့မသိဘူး အခုခေတ်လူတွေမှာတော့ လိမ်ညာခြင်းကို မကင်းနိုင်ကြဘူး၊ တချို့က အခက်အခဲတစ်ခုကြောင့် လိမ်ညာနေရတယ်၊ တချို့ကတော့ ပျော်စေပျက်စေသဘောမျိုးနဲ့ လိမ်ညာနေကြတယ်၊ ဒါပဲကွာတယ်၊ ဒါပေမဲ့ ကိုယ့်ဘဝအတွက် သူတစ်ပါးဘဝ ပျက်လောက်သည်အထိ လိမ်တာကသာဆိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းမခေါ်စကား။

"ဒါမှန်တယ်"

ရဲနောင် ထောက်ခံသည်။ အောင်သူရက ခေါင်းညိတ်သည်။ သို့သော်. . .

"ငါတော့ လက်မခံဘူး ဟော့ကောင်၊ လိမ်တယ်ဆိုတာ ပျော်လို့ပဲလိမ်လိမ်၊ ပျင်းလို့ပဲလိမ်လိမ် ကိုယ့်ဘဝအတွက်ပဲလိမ်လိမ် တန်ဖိုးချင်းအတူတူပဲ၊ ဒါဟာ လိမ်ညာခြင်းပဲ၊ ဒါကြောင့် ကျရောက်မဲ့ အပြစ်ကလည်း အတူတူပဲ၊ အတူတူပဲ သတ်မှတ်သင့်တယ်"

နဂိုအငြင်းထူသော ကျော်ရဲစကား။ အားလုံးက ဘီယာဂျားကိုသာ ကြည့်ကြသည်။

"တချို့ဆိုရင်ကွာ ကိုယ်တိုင်ကလည်း နေမကောင်းဘူး၊ ဒီကြားထဲ အနိဋ္ဌာရုံစကားတစ်ခုကို ပြောရမယ်ဆို သင့်တော်ပါ့မလား၊ ဒါဆိုရင် နားထောင်တဲ့လူရဲ့ ခံနိုင်ရည်ကို ထည့်တွက်သင့်တယ်၊ အကယ်၍ နားထောင်တဲ့သူမှာ ခံနိုင်ရည်မရှိရင် အဖြစ်မှန်ထက်စာရင် လိမ်မပြောသင့်ဘူးလား"

ရဲနောင်စကားက သမာသမတ်ကျမည်ထင်သည်။ ဒါကို ကျော်ရဲက

"ဒီမှာဟော့ကောင် စကားတစ်ခွန်းဆိုတာ နောက်ပြောလည်း ဒီတန်ဖိုးပဲ၊ အခုပြောလည်း ဒီတန်ဖိုးပဲ၊ ဥပမာ သေပြီဆိုတဲ့လူအကြောင်းကို ပြောမယ်ဆို အခုပြောလည်း သေပြီလို့ပြောရမှာပဲ၊ နောက်ပြောတော့လည်း ဒီစကားပဲသုံးရမှာပဲ၊ ဒါကို ဘာလို့ ဝေ့လည်ကြောင်ပတ်လုပ်နေရမှာလဲ၊ ကဲ ဝေ့လည်ကြောင်ပတ်လုပ်တော့ရော တန်ဖိုးက တက်လာလို့လား၊ ကျသွားလို့လား"

"ငါပြောသားပဲ၊ တစ်ဖက်သူရဲ့ ခံနိုင်ရည်အပေါ်မှာမူတည်ပြီး ကွဲပြားသွားတာလို့"



www.burmeseclassic.com

www.burmeseclassic.com



"စကားတန်ဖိုးတူရင် ခံနိုင်ရည်ချင်းလည်း တူရမှာပဲ"

အားလုံး စိတ်ပျက်လက်ပျက် ခေါင်းခါကြသည်။ ကျော်ရဲက ထိုသို့မူးလာလျှင် မသိစိတ်က ခေါင်းမာတာ ပေါ်ပေါ်လာ၏။ နောက်ဆုံးတော့. . .

"အေး. . . မင်းအလှည့်ကျရင် လိမ်ညာခြင်းအပေါ် ခံနိုင်ရည်ရှိပါစေ"

အားလုံးရဲ့ ဆုပေးသံ။ ကျော်ရဲက သူ့လက်ကျန်ခွက်မြှောက်ပြီး. .

"အမြဲတမ်းခံနိုင်ရည်ရှိတယ်"

ဆိုကာ ဂွပ်ခနဲမော့သောက်လိုက်သည်။ ပြီးနောက်. . .

"ငါပြန်မယ်"

မည်သူမှ မတား။ နားငြီးသက်သာပြီးရောဆိုပြီး လွှတ်ပေးလိုက်သည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲကွာ လိမ်ညာတတ်တဲ့သူကို သူတော်ကောင်းစာရင်း သွင်းရမှာလား"

ကျော်ရဲ မကျေမနပ်နှင့် တစ်ယောက်တည်း ရေရွတ်သည်။ ဒီနေ့ကျမှ သူ့မှာ ကားပါမလာ၊ ဘီယာအမူးလွန်လျှင် တစ်ခုခုဖြစ်မည်စိုး၍ ကြိုတင်ထားခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ခေါင်းငိုက်စိုက်နှင့် ဗျစ်တောက်ဗျစ်တောက် ရေရွတ်ရင်း လမ်းရှာနေရသည်။ အမှန်တော့ ယခု သူတို့သွားထိုင်သောဆိုင်မှာ ဆိုင်အသစ်ဖြစ်ပြီး သူမကျွမ်းကျင်သောလမ်းမှာ ဖွင့်လှစ်ထားခြင်းဖြစ်သည်။

သူတို့အိမ်နှင့်ဆို ရပ်ကွက်ကြီး၏ ဟိုဘက်ထိပ်နှင့် ဒီဘက်


www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပင်။ လာနေကျအတိုင်းဆို အပြင်ဖက်မှ တစ်ကွေ့တစ်ပတ်ကြီး လျှောက်လိုက်လျှင်ရသည်။ ယခုတော့ မြန်လိုမြန်ငြား အတွင်းလမ်းကနေ လျှောက်နေခြင်းဖြစ်၏။

"အဲဒီလိုသာဖြစ်ရင် လူ့လိမ်တွေ ကြီးပွားတဲ့ခေတ် ရောက်ကုန်မှာပေါ့"

မမြင်မကန်း လျှောက်လှမ်းနေရသည်မို့ ဘယ်လမ်းရောက်လို့ ရောက်မှန်းမသိ။ ညကလည်းနက်၊ လူကလည်း ခေါင်းငိုက်စိုက်မို့ ဘာကိုမှ မသဲကွဲ။

အရက်သောက်ပြီး စကားအများကြီးပြောလျှင် ပိုမူးသည်ဟု ကြားဖူးသည်။ ယခုတော့ တစ်သက်လုံးနေခဲ့သော အိမ်လမ်းကိုပင် မေ့ပြီ။ လမ်းလည်းမကျွမ်းကျင်။ မဝင်ဖူး၍ ဘယ်ကဘယ်လို ဆက်သွားရမှန်းမသိ။

"ငါဖြင့် တစ်သက်လုံး ဒီစကားမျိုး မကြားဖူးဘူး"

လူက လိမ်မလိမ်မသိ။ လမ်းကလိမ်နေပြီ။

"ဘယ်ဖက်သွားရမှာလဲ ပြော"

လမ်းဆုံတွင်ရပ်၍ ဘယ်ဘက်သွားရမှန်းမသိဘဲ ကိုယ့်ကိုယ်ကို ပြန်မေးနေသည်။ ညက မှောင်နေ၍ ဘာမှမသဲကွဲ။

"လာကြပါဦးရှင့်. . . ဒီမှာ ဒီမှာ ကျွန်မကို အနိုင်ကျင့်နေကြလို့ရှင့်"

ကျယ်လောင်သော မိန်းကလေးအော်သံကြား၍ ကျော်ရဲလန့်ပြီး ခေါင်းထောင်သွားသည်။ ဇဝေဇဝါနှင့် ပြန်လှည့်ကြည့်မိသည်။

ဘယ်ကလဲ။ ဘယ်နားကအော်တာလဲ။ သူ မသဲကွဲ။

"ကယ်ကြပါဦးရှင့်. . . ကယ်ကြပါ"

ဆိတ်ငြိမ်ရပ်ကွက်၏ ညနက်နက်မှအော်သံ။ ဘာရယ်



www.burmeseclassic.com

www.burmeseclassic.com



ထောက် ကျော်ရဲအသံလာရာဖက် ချိုးလိုက်သည်။

မြင်ကွင်းကမလှ။ မြင်ကွင်းလည်းသေဲတွဲ။

သန်မာသော ယောကျ်ားလေးယောက်ခန့်က အားနွဲ့သော မိန်းကလေးတစ်ယောက်ကို ဝိုင်းနေသည်။ အယ်ကိုဟောက နဂိုမရှိသော ယုံကြည်မှုကို နှစ်ဆယ်ရာနှုန်း မြှင့်တင်ပေးသည်။



အယ် ကိုဟောက နဂိုမရှိသော ယုံကြည်မှုကို နှစ်ဆယ်ရာနှုန်း မြှင့်တင်ပေး သည်။

"ဟေ့. . . ရပ်လိုက်စမ်း"

တကယ်ရပ်သွားကြသည်။ ကိုယ်ပြောသည့်အတိုင်းဖြစ်လာ၍ သတ္တိကဆယ်ရာခိုင်နှုန်း တိုးလာ၏။

"မိန်းကလေးတစ်ယောက်ကို ဒီလို အနိုင်ကျင့်နေတာတော့ ကြည့်မကောင်းဘူး"

ယောကျ်ားကြီးများ ပြန်လှည့်လာ၏။ မိန်းကလေးကတော့ အမှောင်နှင့်ကွယ်နေသည်။ ဘယ်လိုပုံမှန်းကိုမသိ။ ချောချောလှလှ မဟုတ်လို့ကတော့ ဟီးရိုးလုပ်ရကျိုးနပ်မည် မဟုတ်။

"ဒီမှာညီလေး. . . ညီလေး ဘာမှမသိဘဲ ဒီကိစ္စကို ဝင်မရှုပ်ပါနဲ့၊ ဒါ. . . ကိုယ်တို့ပြဿနာပါ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူတို့ ကျွန်မကိုစော်ကားနေတာ ကူညီပါရှင်"



www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေး၏ သနားစဖွယ်အော်သံ၊ ကျော်ရဲ ရင်ကော့လိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ မြင်ကွင်းကတော့ မလှတာအမှန်ပဲ"

ကိုယ့်ကိုယ်ကို မြန်မာဗီဒီယိုကားထဲက ကယ်တင်ရှင်မင်းသားလို့လည်း ထင်နေမိသည်။

"ညီလေး. . . ဒါ ကျုပ်တို့ဆရာရဲ့ကတော်ပါ၊ သူ့မှာ ပြဿနာအများကြီးရှိတယ်၊ သူ့ကို ဆရာ့ဆီအပ်ပြီး ပြန်ရှင်းရမှာ"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ သူတို့ပြောတာမဟုတ်ဘူး"

ကောင်မလေးစကားသံကြောင့် ကျော်ရဲ ခြေနှစ်လှမ်းတိတိ တိုးလိုက်သည်။ ရှုပ်က ဒီကောင်တွေကို သေချာပေါက်နိုင်ပါတယ်ဆိုတဲ့ရုပ်မျိုး။

"မလိုပါဘူး၊ ဒီပြဿနာကို ဒီမှာဖြေရှင်းလည်းရပါတယ်"

ခေါင်းဆောင်ဖြစ်ဟန်တူသော သူက သက်ပြင်းချသည်။ ဒါကို ဘေးကလူက. . .

"အိုကွာ. . . ဒီကောင် အသားလွတ်ကြီးဝင်ရှုပ်နေတယ်၊ သူကြံစည်ထားတာပဲဖြစ်လိမ့်မယ်"

နောက်တစ်ယောက်ကပါ

"ချကွာ. . . ဒါဆိုလည်း လူလိမ်အုပ်စုပဲ၊ အပျောက်ရှင်းကြကွာ"

အားလုံး ရှေ့တိုးလာသည်။ ကျော်ရဲက အဆင်သင့်ပြင်ထားလိုက်သည်။

"ဟား. . . ဟား နာမှာမကြောက်ရင်လာခဲ့လေ၊ ဟဲဟဲ"

ထိမထင်ဟန်။

"ယား"

တစ်ယောက်ပြေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ခွပ်"

"အောင်မလေးဗျ"

ပထမဆုံးလက်သီးကပင် ကျော်ရဲမျက်ခွက်တည့်တည့် နမ်းသည်၊ ထို့နောက်. . .

"ကဲဟာ"

"ခွပ်"

"အင်းဟာ"

"ခွပ်"

ခန္ဓာကိုယ်ပေါ် အဆက်မပြတ်ကျလာသော ထိုးနက်ချက်များ၊

"ကယ်တော်မူကြပါရှင့်၊ ဒီမှာ ကျွန်မယောကျာ်းကို အနိုင်ကျင့်နေလို့"

နောက်ဆုံးကြားလိုက်ရသော အသံ၊ လိမ်ညာသံ၊ လိမ်ညာပြီးပြောသော အသံ၊ ထို့နောက်

xxxxx


www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲ အရာရာမှောင်မိုက်နေသည်။ အိပ်မက်ထဲတွင် သရဲစီးခံရသလို ရှန်းကန်နေမိ၏။

ဘာရဲက ဂုတ်ခွစီး၍ မျက်နှာကို လက်ဝါးကြမ်းကြီးနှင့် တွယ်နေလေသလားမသိ။ မျက်နှာတစ်ခုလုံး ယောင်ကိုင်းနေသည်၊ သရဲကြီးက မတ်တပ်ရပ်၍ ရင်ဝဖနောင့်နှင့်ထပေါက်သည်။

"အွန့် . . . အွန့်"

နာကျင်စွာ ညီးညူရင်း ရှန်းကန်ကြည့်သည်၊ ခန္ဓာကိုယ် တစ်ခုလုံး ချွေးစေးများ။

"အား"



www.burmeseclassic.com

www.burmeseclassic.com


အားကုန်ရှုန်းကန်ရင်း ခုန်ထလိုက်သည်။

မျက်လုံးက ဖျတ်ခနဲပွင့်လာသည်။ ခန္ဓာကိုယ်တစ်ခုလုံး ...ပါးသွားသလို။

"ဟင်"

မြင်လိုက်ရသောမြင်ကွင်းကြောင့် အံ့အားသင့်သွားရသည်။ ...ကြောင်တောင်တောင်နှင့် ဘေးဘီဝေ့ကြည့်မိသည်။ မမြင်ဖူးသော ...နှာကျက်။ မမြင်ဖူးသော အခန်းတစ်ခန်း။

"ငါ. . . ငါ ဘယ်ရောက်နေပါလိမ့်"

စိတ်ထဲမှာ ကွေးမိပြီး ဆတ်ခနဲထထိုင်မိသည်။

"အား. . . ကျွတ်. . . ကျွတ်"

ခန္ဓာကိုယ်တစ်ခုလုံး နာကျင်စွာ။ ခေါင်းကလည်း အုံခဲနေ ...သည်။

"ဘာတွေဖြစ်လာပါလိမ့်"

ပြန်တွေးကြည့်သည်။

ရဲနောင်တို့နှင့် ဘီယာဆိုင်မှာ လိမ်ညာခြင်းအတွက် ငြင်းခုန် ...များ။ နောက်. . .

"ကယ်ကြပါဦးရှင့်"

မိန်းကလေးအော်သံ။ မြန်မာဗီဒီယိုမင်းသားစတိုင်။

"ခွပ်"

"အား"

ပထမဆုံး လက်သီးပင် အမှုးလွန်ပြီး မရှောင်တိမ်းနိုင်ခဲ့။

"ဒီမှာ ကျွန်မယောကျ်ားကို ကျွန်မယောကျ်ားကို"

နောက်ဆုံးကြားရသော လိမ်ညာအော်သံ၊ ယခု ဒီအခန်း။

"ငါ. . . ငါ ဘယ်ရောက်နေပါလိမ့်"

ထို့နောက်ပိုင်း ဘယ်လိုမှ ဆက်စပ်စဉ်းစားမရ။


www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ တံခါးပွင့်လာသည်။ အငွေ့ထောင်းထောင်းထ ပန်းကန်တစ်ခုကို အရင်မြင်ရ၏။ နောက်. . .

"စိန်ပု"

ပန်းကန်လုံးကို လင်ဗန်းတစ်ခုပေါ် သပ်ရပ်စွာတင်ပြီး ကိုင်ဆောင်လာသူ မစိန်ပု။ သူမကိုမြင်တော့ ရင်ထဲလှိုက်ခနဲ။

"ကျော်ရဲ. . . သတိရလာပြီလား"

လုံးဝထင်မှတ်မထားဘဲ တိုက်ဆိုင်စွာ ပြန်တွေ့လိုက်ရတော့ အံ့အားသင့်နေမိသည်။

"ရှင်ဆာနေမယ်ဆိုတာသိလို့ ရှင့်အတွက် ဆန်ပြုတ်ပြုတ်လာတယ်"

"ဘယ်ကဘယ်လို"

"ဆန်ပြုတ်အရင်သောက်လိုက်ပါဦး"

အငွေ့ထောင်းထောင်းထ ဆန်ပြုတ်ကိုမြင်တော့ မနေနိုင်တော့။ ဇွန်းကိုယူပြီး ကမန်းကတန်း ခပ်သောက်လိုက်သည်။

"အဟု"

ပူလွန်းနေသည့်အပြင် ဘာအရသာမှမရှိ၍ နင်သွားသေးသည်။

"ဖြည်းဖြည်းသောက်ပါ၊ ဒီလောက်လောစရာမလိုပါဘူး"

စိန်ပုအသံ။ ကျော်ရဲက ဆန်ပြုတ်ကိုပြန်မွှေရင်း. . .

"ဆန်ပြုတ်က ဘာအရသာမှမရှိဘူး"

စိန်ပုက မျက်နှာကျက်တွေ၊ အိမ်နံရံတွေလိုက်ကြည့်ရင်း. .

"အင်း. . . ဒီအိမ်မှာက ဘာမှရှာမတွေ့ဘူး"

"ဘာ"

သူမဖြေသံကြောင့် ဇဝေဇဝါဖြစ်သွားရသည်။ သူမက သူ့ကို ပြန်ကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး၊ ဆန်ပြုတ်ကို ကုန်အောင်သောက်လိုက်
ဦး"

ကျော်ရဲလည်း သူပြောသည့်အတိုင်း အရသာမရှိသော
ဆန်ပြုတ်ကို ထပ်မံခပ်သောက်နေမိသည်။

"ဒါနဲ့နေပါဦး၊ ညကပြဿနာတက်နေတဲ့မိန်းကလေးဟာ
မင်းသား"

"မဟုတ်ပါဘူး"

ကျော်ရဲ အံ့အားသင့်သွားသည်။ အမှောင်ထဲမှာဆိုတော့
အသံသူမှန်းလည်း မသိလိုက်ပဲကိုး။

"ဒါဆို နင်က"

"နင်လမ်းမှာလဲနေတာတွေလို့ ငါ့ကိုကယ်ဖူးတဲ့ကျေးဇူးရှင်ပဲ
ဆိုပြီး ကယ်လာတာ"

ကျော်ရဲစိတ်ထဲ ဇဝေဇဝါ။ ညက အမှောင်ထဲမှာ ဟုတ်မှန်း
သေး၊ မဟုတ်မှန်းမသိ။ ပြန်စဉ်းစားတော့ တူသလိုတော့ထင်ရသည်။
စဉ်းစားရင်း ချထားသောဆန်ပြုတ်ကို ခပ်သောက်နေမိသည်။ ဘာပဲ
ဖြစ်ဖြစ် ကိုယ့်ကိုကယ်တင်လာတာကိုပဲ ကျေးဇူးတင်ရမည်။ နောက်
ဆုတ်လျှင် ဟိုလူများလက်ထဲ ဘာဖြစ်နေပြီလဲတောင်မသိ။

အရသာမရှိပြား ဆန်ပြုတ်အတော်စားဖြစ်သွားသည်။
ဗိုက်တ တအားဆာနေပြီကိုး။ ဆန်ပြုတ်ထက်ဝက်မျှ ကုန်ပြီး အနည်း
ငယ် နေသာထိုင်သာရှိမှ စိတ်အေးချမ်းသာစွာ အိမ်ကိုဝေ့ကြည့်ရင်း

"ဒါနဲ့. . . ဒါက နင့်အိမ်လား"

"မဟုတ်ပါဘူး၊ ပေါက်ကရ"

"ဟင်"

သူမအဖြေကြောင့် အံ့အားသင့်သွားရသည်။ ခုနစိတ်အေး
သေမျှ ပြန်ပူတက်လာ၏။ နောက် ပြူးကြောင်ကြောင်နှင့် လိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်း. . .

"ဟင်. . . ဟင်. . . ဒါဆို ဒါကဘယ်သူ့အိမ်"

"ဘယ်သိမှာလဲ"

"ဟင်. . . ဒါ. . . ဒါဆို"

ကျော်ရဲ ထပြေးရမလိုဖြစ်သွား၏။ နောက် သတိရပြီး. . .

"အိမ်. . . အိမ်ရှင်တွေကရော"

"ဘယ်သိမှာလဲ၊ သူတို့မရှိလို့ ဝင်လာလို့ရတာပေါ့"

"ဟာ"

ခေါင်းမှဆံပင်များပင် ထောင်တက်သွား၏။ ကိုယ်ရောက်နေတာတောင် ဘယ်သူ့အိမ်မှန်းမသိ။

"ဟာ. . . ဒါ. . . ဒါဆို ငါ ငါက ဘယ်လိုဒီအထဲရောက်"

"ငါထမ်းလာတာလေ၊ နင်က လူကောင်သာကြီးတာ တကယ်ကျတော့ ပေါ့ပေါ့လေး၊ နင့်လိုလူမျိုးကိုပြောတာဖြစ်မယ် လူကြီးပြီး အချိန်မစီးဘူးဆိုတာ ဟီဟိ"

အရေးထဲ သဘောကျနေသေး၏။ ကျော်ရဲသာ နေမထိထိုင်မသာဖြစ်ပြီး. . .

"ဒါဆို. . . ဒီကပြေးမှဖြစ်မယ်၊ အိမ်ရှင်တွေလာရင် ပြဿနာတက်လိမ့်မယ်"

ဆိုကာ အိမ်ရှေ့ပြေးထွက်မိသည်။

"ဟာ"

အိမ်ရှေ့သံတံခါးကြီးက ပိတ်လျက်သားကြီး။ ဒီအတိုင်းဆို စိန်ပုပြောတာ ဟုတ်ပြီ။

"ဟိတ်. . . အရှေ့ကတံခါးပိတ်ထားတယ်၊ ဆင်းပြေးရင် ဟောဒီပြတင်းပေါက်ကလာဆင်း"

စိန်ပု၏အော်သံ။ ကျော်ရဲ ကမန်းကတန်း ပြန်ပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်. . . ဘယ်ကဆင်းရမှာလဲ"

"ဒီပြတင်းပေါက်ကဆင်း"

စိန်ပုက ခုနသူအိပ်နေသော ခေါင်းရင်းမှ ပွင့်နေသည့် ပြတင်းပေါက်ကို ညွှန်ပြရင်း ပြော၏။ ကျော်ရဲလည်း ဘာမှမဆင်ခြင်နိုင်ဘဲ ပြတင်းပေါက်ပေါ်မှ ကျော်ဆင်းလိုက်သည်။ သူအောက်ရောက်ပြီး သိပ်မကြာခင် ဖုတ်ခနဲခြေသံကြား၍ လှည့်ကြည့်လိုက်တော့. . .

"စိန်ပု"

သူလည်းခုန်ချလာပုံရ၏။ သူ့ပုံကတော့ အေးဆေးပင်။ ရုပ်ရှင်ထဲက မင်းသမီး ငပလီကမ်းခြေရောက်သလို ထောက်ကြွ ထောက်ကြွနဲ့ လက်ကလေးတောင်လွှဲလို့။

ခြံစည်းရိုးကို ကျော်လိုက်သည်။ နောက် လူရှင်းမရှင်းကြည့်ပြီး ခုန်ချလိုက်သည်။ လမ်းမတစ်ခုပေါ်ရောက်နေသည်။ ဘယ်မှန်းမသိ။ ညက သူ့ရန်ဖြစ်ခဲ့သောလမ်းတော့ ဟုတ်ပုံမပေါ်။

ဖုတ်ခနဲခြေသံကြားတော့ စိန်ပုလဲ လမ်းမပေါ် ရောက်နေပြီ။

ကျော်ရဲလည်း အလန့်တကြားဖြင့် ခပ်သွက်သွက်လျှောက်မိသည်။ သူ့နောက်နားမှာ အရိပ်တစ်ခု ကပ်ပါလာသလိုလို။

"အိမ်ရှင်တွေများလား၊ ဒါမှမဟုတ် ညကလူတွေလား"

မသက်သာ၍ လှည့်ကြည့်လိုက်တော့. . .

"စိန်ပု"

လက်ထဲ ဘယ်လိုရောက်နေမှန်းမသိသော စလင်းဘက်(ခ်)ကလေးပါယမ်းလို့၊ ကျော်ရဲ ခြေလှမ်းရပ်တန့်လိုက်ပြီး. . .

"ဟိတ်. . . နင် ငါ့နောက်လိုက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



စိန်ပုက မျက်မှောင်ကျုံ့ရင်း. . .

"မလိုက်ပါဘူး၊ ဒါ ငါသွားမဲ့လမ်းပဲ၊ နင်ကသာ ရှေ့ကပိတ်နေလို့"

ကျော်ရဲ ခြေလှမ်းပြန်စလိုက်သည်။ အနောက်က လေချွန်သံကြားရသလို။ လှည့်ကြည့်လိုက်တော့ စိန်ပုပါပဲ။

မိန်းမတစ်ယောက် လေချွန်တာမကြားဘူး၍ ကျော်ရဲ အံ့အားသင့်သွားသည်။ နောက် ဘာမှမပြောဘဲ လမ်းကိုသာ ဆက်လျှောက်လိုက်သည်။

"ဟိတ်. . . နင်ဘယ်သွားမှာလဲ"

စိန်ပုက လှမ်းမေးသည်။

"အိမ်ပြန်မှာပေါ့၊ ဘယ်သွားရမှာလဲ"

"ခြေဉ်"

လျှောက်ရင်း လျှောက်ရင်း လမ်းဘေးတွင်ရပ်ထားသော ကားတန်းရှည်ကြီး တွေ့ရသည်။ ထိုတော့မှ အိမ်နှင့်အတော်ဝေးဝေး ရပ်ကွက်မှ ပွဲစားတန်းကိုရောက်နေမှန်း သတိထားမိသည်။ ထိုနေရာကို ဘယ်လိုရောက်လာမှန်းမသိ

"ညက ဘယ်လိုမျက်စေ့လည်ပြီး ရောက်ခဲ့ပါလိမ့်"

ပြန်တွေးမရ။

"ညကတွေ့တာ စိန်ပုမဟုတ်တာရော သေချာလား"

ဒါလည်းမသေချာ။

"နင်. . . လက်ဖက်ရည်လေးဘာလေး မသောက်ချင်ဘူးလား"

စိန်ပုစကား။ လှည့်ကြည့်လိုက်တော့ စိန်ပုက လမ်းလျှောက်ရင်း မသိလိုက် မသိဘာသာနှင့် ရပ်ထားသောကားတံခါးများ ဆွဲဖွင့်ကြည့်သွားသည်ကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်. . . ဘာလုပ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ အကျင့်ပါနေလို့၊ ဒါနဲ့ ငါမေးတာဖြေဦး၊ လက်ဖက်ရည်သောက်ဦးမလားလို့"

"ခုနကဆန်ပြုတ် သောက်ထားပြီးပြီပဲ၊ နင့်မှာ ပိုက်ဆံပါလို့လား"

"ဟော"

ကျော်ရဲစကားကို ပြန်အဖြေမပေး။ သူဆွဲဖွင့်ကြည့်လာသော ဘားတံခါးတစ်ခု ပွင့်သွားသည်။

သူမ ဘေးဘီဇေ့ကြည့်ရင်း ကားထဲအလိုက်သင့်တပ်ထားသော ကားသော့ကို ဆွဲဖြုတ်လိုက်သည်။ ကျော်ရဲကလန့်ပြီး. . .

"ဟဲ့. . . နင်ဘာလုပ်"

စိန်ပုက ဘာမှအဖြေမပေးဘဲ သူ့လက်ထဲပါလာသော ကားသော့ကို ကျော်ရဲထံပစ်ပေးရင်း. . .

"ရော့. . . ဒါယူထား၊ နင့်ကိုငါ လက်ဖက်ရည်တိုက်မယ်"

"ဟင်. . . အဲ. . . အဲဒါ"

"လာစမ်းပါ"

ကျော်ရဲ စကားမစခင် စိန်ပုကအရှေ့မှနေ၍ ရင်ကော့၍ ထွက်သွားသည်။ ကျော်ရဲလည်း ဘုမသိဘမသိနှင့် စိန်ပုပစ်ပေးသော ကားသော့ကို ယူပြီးလိုက်သွားမိ၏။

သိပ်မကြာပါ။ ပွဲစားပေါင်းစုံထိုင်တတ်သော လက်ဖက်ရည်ဆိုင်ရှေ့ ရောက်လာသည်။

"ဟေး. . . ကိုကြီးသောင်း"

"ဟား. . . နွယ်နွယ်လှိုင်ပါလား၊ ဘယ်ကဘယ်လို"

လက်ဖက်ရည်ဆိုင်ထဲမှ ရုပ်ခပ်သန့်သန့်လူကြီးတစ်ဦးက ထွက်နှုတ်ဆက်သည်။ ဘယ်ထဲက ဘယ်လိုသိကျွမ်းခဲ့သူမှန်းမသော့မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာတော့ အင်မတန် ရင်းနှီးကျွမ်းဝင်ပုံရ၏။

"နွယ်နွယ်လှိုင်တို့များ ပျောက်နေလိုက်တာ၊ အခုမှပဲ တွေ့ရတော့တယ်"

နာမည်က စိန်ပုကနေ ဘယ်လိုလုပ် နွယ်နွယ်လှိုင်ဖြစ်သွားသည်မသိ။

ကျော်ရဲလည်း သူမပေးထားသော ကားသော့ကြီးရှိနေတာမို့ ယောင်လည်လည်နှင့် လိုက်သွားမိသည်။ သူမက လက်ဖက်ရည်ဆိုင်ထဲ လှမ်းဝင်ရင်း. . .

"ရှိပါတယ် ကိုကြီးသောင်းရဲ့၊ ဟိုတစ်ခါကိစ္စလိုက်ပြီး လုံးပန်းနေရတာလေ၊ ကဲ အခုတော့ ပိုင်ရှင်ပါခေါ်ခဲ့ပြီ"

ကျော်ရဲကို လက်ညှိုးထိုးပြသည်။ ကျော်ရဲလည်း ကြောင်တောင်တောင်နှင့် ခေါင်းညိတ်ပြလိုက်သည်။ ဘာမှန်းတော့မသိ။ လူမှုရေးအရသာ။ ဒါကိုကိုကြီးသောင်းဆိုသူက ဝမ်းသာအားရထလာပြီး

"ဩော်. . . မသိလို့ခွင့်လွှတ်ပါ၊ တွေ့ရတာဝမ်းသာပါတယ် ကိုမြင့်နိုင်"

"ဟင်"

မဆီမဆိုင်နာမည်ပြောပြီး လာနှုတ်ဆက်နေ၍ ကျော်ရဲတွန့်သွား၏။ ဒါကို စိန်ပုလား နွယ်နွယ်လှိုင်လားမသိသော သူမက ကျော်ရဲနံကြား တံတောင်နှင့်တွတ်ပြီး. . .

"ဟုတ်တယ် ကိုကြီးသောင်းရဲ့၊ သူလည်း ကိုကြီးသောင်းလို ဝါရင့်ပွဲစားကြီးနဲ့ တွေ့ရလို့ ဝမ်းသာလုံးဆို့ပြီး ဘာမှပြောမထွက်ဖြစ်နေတာ၊ နော် ကိုမြင့်နိုင်"

ခေါင်းညိတ်မိသေး၏။ အတော်လည်း စိတ်ညစ်သွားမိသည်၊ ကိုယ်လည်း ကိုမြင့်နိုင်မဟုတ်ပါဘဲ ကိုမြင့်နိုင်ဖြစ်နေရတဲ့ဘဝ။

"ထိုင်လေ. . . ထိုင်ကြလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူက ညည်းဝတ်ကျေစွာ ပြောဆိုသည်။ ကျော်ရဲလည်း စိတ်ပျက်လက်ပျက်နှင့် ဝင်ထိုင်မိပြီး ကားသော့ကို စားပွဲပေါ် ပစ်ချလိုက်မိသည်။ ဒါကိုကြည့်ပြီး ကိုကြီးသောင်းမှ. . .

"သြော်. . . ကားနဲ့လာကြတာလား၊ ဘယ်နားရပ်ထားတုန်း"

"မြောင်းထဲမှာ"

"ဗျာ"

ကျော်ရဲလည်း စိတ်အချဉ်ပေါက်ပေါက်နှင့် ပြောထည့်လိုက်သည်။ ဒါကို စိန်ပုက ကြားဝင်ပြီး. . .

"သြော်. . . ဒီလိုပါ၊ ဟိုးနားက မြောင်းမှာလေ ကားကို ကွေ့ရပ်လိုက်တာ၊ သူ့ကားဘီးတစ်ခြမ်း မြောင်းထဲကျသွားလို့ မကျေမနပ်ဖြစ်နေတာ၊ ကားက နောက်ဆုံးပေါ်ကြီးဆိုတော့ ဟင်း ဟင်း"

"သြော်. . . ဟင်း. . . ဟင်း"

ဟိုကလည်း လိုက်ရယ်ပေးရှာသည်။

"ဟင်း ဟင်း ဟင်း"

သူလည်း ဘာရယ်မဟုတ် ပါးစပ်ဖြဲ၍ ရယ်ပြလိုက်သည်။

"ကဲ. . . အလုပ်ကိစ္စပဲပြောရအောင်"

ဘာအလုပ်ကိစ္စလဲမသိ။ ကျော်ရဲလည်း စိတ်ရှုပ်စွာ တစ်ဖက်လှည့်နေလိုက်သည်။ ဖြစ်နိုင်လျှင် အိမ်ပြန်ပြီး ရေချိုးချင်လှပြီ။

"အခု သူ့ကဗိုက်နာနေတာ"

"သြော်. . . ဟုတ်ကဲ့"

ဘယ်သူ့ကိုရည်ရွယ်မှန်းမသိ။ မျက်လုံးများက ကျော်ရဲဆီ ရောက်လာသည်။

"ဒ မှုတစ်ခုဖြစ်နေလို့"

"ဘာမှုလဲ"

"ဘာမှုမဟုတ်ပါဘူး၊ အမှုသေးပါ၊ မုဒိန်းမှုတင်"



www.burmeseclassic.com

www.burmeseclassic.com


"ဟင်. . . ဟုတ်လား၊ မထင်ရဘူးနော်၊ ထောင်မကျသေးဘူးလား"

မုဒိန်းမှုကိုများ အမှုသေးတဲ့။ သူတို့ဘာသာသူတို့တော့ အတိုင်အဖောက်တွေ ညီနေသည်။

"အဲဒါပြောတာပေါ့၊ ကောင်မလေးကလည်း ခပ်ပျက်ပျက်ဆိုတော့ အမှုလုပ်မယ်အကြောင်းပြပြီး ငွေညှစ်နေတာ၊ မပေးရင် တရားစွဲမယ်တဲ့"

"ဟယ်. . . အဲလို"

"အဲဒါကြောင့်ပြောတာ၊ အခု သူဗိုက်နာနေပြီ၊ နော် ကိုမြင့်နိုင်"

သူ့ဖက်လှည့်၍ မေးလာသောကြောင့် ကျော်ရဲလည်း တင်းသွားပြီး. . .

"ဘာလို့ဗိုက်နာရမှာလဲ၊ ခုနကတောင် ဆန်ပြုတ်သောက်လာတာ"

ခေါင်းချင်းပြန်ပူးကုန်၏။

"တွေ့လား. . . ဆန်ပြုတ်တောင်သောက်နေရပြီ၊ တောင်ဒဂုံက မြေနှစ်ကွက်လည်း ရောင်းပြီးပြီ၊ အကြွေးက မကြေသေးဘူး၊ အဲဒါ နွယ်ဟိုတစ်ခါ ကိုကြီးသောင်းကိုပြတဲ့ပစ္စည်းပဲ ရောင်းထုတ်တော့မလို့တဲ့"

လူက ရှေ့တင်ထားပြီး မဟုတ်ကဟုတ်က အတင်းတုတ်နေတာတော့ အင်မတန်ခံရဆိုးပါတယ်။ ကျော်ရဲလည်း ကိုယ်မဟုတ်ကိုယ့်အနာ သဘောမျိုးပဲထားပြီး လက်ဖက်ရည်တစ်ခွက်နှင့် ပေါက်စီတစ်လုံး မှာစားနေလိုက်သည်။

"ဘိုးဘွားပိုင်မို့ သူကတော့ မရောင်းချင်ဘူးလေ၊ အခုတော့ မတတ်နိုင်တော့ဘူး၊ ရောင်းမှကိုဖြစ်မှာ၊ နောက်ပြီး သတင်းကောင်း


www.burmeseclassic.com

www.burmeseclassic.com



=

ခေါင်းတွေပွထူးကုန်ပြန်၏။

"ဆယ့်ငါးပြားတောင် နွယ် ထပ်ဆစ်ထားတယ်"

"ဟင်. . . တကယ်"

ခေါင်းနှစ်လုံး ပြိုင်တူညိတ်၏။

"အဲဒါက နွယ်နဲ့ကိုကြီးသောင်းအတွက်နော်၊ ဟိုဖက်ကို ပေတ်လိုက်နဲ့"

"စိတ်ချ. . . စိတ်ချပါ၊ နပ်ပြီးသားပါ နွယ်နွယ်လှိုင်၊ အဲ နွယ်ရယ်၊ အဲ. . . ပစ္စည်းက"

"ပြန်ယူရမှာလေ"

"ဒါ. . . ဒါဆို ပြန်ယူလေ"

"ဒီလိုဘယ်ဖြစ်ပါ့မလဲ၊ ထုံးစံအတိုင်း စရန်လေးတော့ ချမှဖြစ်မှာပေါ့"

"စရန်. . . အို ပစ္စည်းမြင်မှ"

"ဘာလဲ. . . နွယ့်ကိုမယုံလို့လား"

ကိုကြီးသောင်းမျက်နှာကြီး ပြိုကျသွား၏။

"မယုံလို့မဟုတ်ပါဘူး၊ ဟီးဟီး ဒါပေမယ့် အလုပ်သဘော အရ"

"ဒီလိုလုပ်"

"အင်း"

"ဒီမှာကားသော့. . . ကားကဟိုးမှာ၊ ကားထားခဲ့မယ်၊ စရန် သာပေးလိုက်၊ အငှားကားနဲ့ပဲ ခုချက်ချင်းသွားထုတ်ပေးမယ်"

"ဩော်. . . အဲလိုလား"

ကိုကြီးသောင်း ခေါင်းကုတ်သွား၏။ သူ့စိတ်ထဲ ချီတုံချတုံ ဖြစ်နေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မယုံလို့လား၊ ရတယ်လေ တခြားတစ်ယောက်နဲ့ပဲ"

"နိုး. . . နိုး. . . နိုး မလုပ်ပါနဲ့၊ ကိုကြီးသောင်း စဉ်းစားနေတာက ဟိုလေ ငွေအမောင့်က သိပ်များနေတော့ စရန်ကို ဘယ်လိုပေးရမယ်ဆိုတာပဲ"

"ရပါတယ်၊ စရန်က သိပ်မလိုပါဘူး၊ အဓိကကတော့ အလုပ်ဖြစ်တယ်ဆိုတဲ့ သဘောလောက်ပါပဲ၊ ကိုကြီးသောင်းဖက်ကလည်း ခိုင်အောင်ပါ"

"ဘယ်. . . ဘယ်လောက်ဆိုရမလဲ"

"ပါသလောက်ပါပဲ"

"ဟမ်"

ကိုကြီးသောင်း မျက်လုံးပြူးသွားသည်။ ဒါကို သူမက. . .

"ဩော်. . . ပါသလောက်ဆိုတာ ဒီလိုပါ၊ အခုသွားယူပြီး အခုအလုပ်ဖြစ်မယ့်ကိစ္စ မဟုတ်လား၊ စရန်က သိပ်အရေးမကြီးဘူးဆိုတဲ့သဘောပါ၊ ကိုကြီးသောင်းအနေနဲ့လည်း ခိုင်အောင်ပါ"

ကိုကြီးသောင်း ခေါင်းကုတ်သည်။

"ဟုတ်ပါတယ်၊ စရန်က အရေးမကြီးဘူးဆိုပေမဲ့ ဟိုဖက် ဝယ်လက်က"

"ဖုန်းဆက်လိုက်လေ"

"ဩော်. . . ဟုတ်သား"

ကိုကြီးသောင်း ဖုန်းထုတ်လိုက်သည်။ နောက်. . .

"ဟဲလို. . . ကိုမြဆောင်လား၊ ကိုကြီးသောင်းပါ၊ ဟိုတစ်ခါပြထားတဲ့ပစ္စည်းလေ တစ်ရာပြားနှစ်ဆယ်ဆိုတာ အင်း အဲဒါ ဝီနေ့ရမယ်၊ ငွေအဆင်သင့်များရှိမလားလို့"

xxxxx



www.burmeseclassic.com

www.burmeseclassic.com



"မရတော့. . . မရတော့ဘူးလေ၊ ဒါအနည်းဆုံးဈေးပါပဲ၊ ယူချင်သူတွေကများတယ်နော၊ ကျွန်တော်က ကိုမြဆောင်ကို ရစေချင်လို့"

". . . . . . ."

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ အဲဒါဆို ကျွန်တော်ဒီကပဲ စရန်သုံးပုံးလောက်ချထားလိုက်ပါ့မယ်၊ ဒါပဲနော် ငွေသာအသင့်ပြင်ထား၊ အိုကေအိုကေ"

ဖုန်းကိုချလိုက်သည်။ ဒါကို သူမက မျက်နှာကိုမဲ့ပြီး

"ကိုကြီးသောင်းတို့ကလုပ်ပြီ၊ နွယ်ဆီကကျွေတော့ တစ်ဆိုငါး



www.burmeseclassic.com

www.burmeseclassic.com


ပြားကို အတင်းဆစ်နေပြီး ဝယ်လက်ကိုကျတော့ တစ်ရာနှစ်ဆယ်တဲ့ ဟွန်း"

ကိုကြီးသောင်း၏မျက်နှာသည် လိုချင်စိတ်နှင့် ဖြစ်နေ၏။

"ဟဲ . . . ဟဲ . . . ဒါကလည်း နွယ်ကသိတဲ့အတိုင်းပေါ့ နှစ်ဖက်မှ မခွရရင် ပွဲစားက ဘယ်ကိုက်ပါ့မလဲ၊ ဟဲဟဲ"

"ဟွန်း. . . နွယ့်ကျတော့"

"ဟဲ. . . ဟဲ ပွဲပြီးရင် တစ်ပွဲပေးမယ်လေ၊ စိတ်ကြိုက်ပေါ့ ဟဲဟဲ"

သူမကစကားဖြတ်၍

"ကဲပါ. . . ဒါဆိုလည်း မြန်မြန်ကိစ္စပြတ်သွားအောင်"

"ရမယ်. . . ရမယ်၊ ရော့ဒီမှာ ပါသလောက်"

ကိုကြီးသောင်း သူ့အိတ်ထဲမှ ပါသလောက်ငွေ ဆွဲထုတ်လိုက်သည်။

"ကဲ. . . ဒီမှာရော့ ငွေသုံးပုံး ကျန်တာကတော့ ပြန်လာမှပေါ့"

ငွေသုံးသိန်း သူတို့ရှေ့ချပေးသည်။ သူမက ခပ်တည်တည်နှင့် ငွေများကို ကောက်ယူလိုက်သည်။ ကျော်ရဲစိတ်ထဲမှာ သူမ တကယ်များ ပွဲစားလားဟူ၍ ဇဝေဇဝါဖြစ်နေသည်။ ဘာလုပ်နေမှန်း ဘာရောင်းနေမှန်းလည်းမသိ။

"ကဲ. . . ဒါဖြင့် ကားထားခဲ့မယ်လေ၊ စနေနေ့မှပြန်လာခဲ့မယ်၊ ဒြော် ဒီစရန်အတွက် စာချုပ်လိုလား"

"မလိုပါဘူး နွယ်ရယ်၊ ခဏနေပဲ အချော့ချုပ်မဲ့ဟာကို အားလုံးပြီးမှ ပေါင်းချုပ်လိုက်တာပေါ့"

"အိုကေ. . . ဒါဆို ခဏစောင့်၊ လာ ကိုမြင့်နိုင်"

ဆိုကာ ဆိုင်ထဲမှထွက်လိုက်သည်။ ဆိုင်အပြင်မှာတော့. . .


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကောင်လဲကွ. . . ငါ့ကားသော့ခိုးသွားတာ"

ဟူသော အသံကျယ်ကျယ်ကြားရ၏။ ဒါကို သူမက. . .

"မြန်မြန်လျှောက်. . . မြန်မြန်လျှောက်၊ ဘယ်သူ ခေါ်ခေါ် လှည့်မကြည့်နဲ့"

ဟု လောဆော်ရင်း သူလည်းသွက် သွက်လျှောက်၏။ ကျော်ရဲလည်း ဘုမသိ ဘမသိနှင့် မြန်မြန်လျှောက်သည်။

"ဟော့. . . တင်တင်အေး၊ ရေးကြီး သုတ်ပျာနဲ့ ဘယ်တုန်း"

သူမလက်ထောင်ပြသည်။ လှည့်တော့ မကြည့်။

"သူမနာမည် ဘယ်သို့ တင်တင်အေး ဖြစ်သွားပါလိမ့်"

စဉ်းစားနေရင်း ပွဲစားတန်းလမ်းချိုး ရောက်သည်နှင့်. . .

"ပြေးပြေး. . . မြန်မြန်ပြေး၊ မြန်မြန် ပြေး"

သူမအော်သံကြောင့် ကျော်ရဲလန့် သွားသည်။ ထို့ကြောင့်

"ဟင်. . . ပြေး. . . ပြေးရမယ်"

ဒါကို သူမက. . .

"ပြေးပါဆိုမှ သေချင်လို့လား၊ ပြေး ပြေး"

ကျော်ရဲလည်း ကြောက်အားလန့်အား



ကျော်ရဲ
စိတ်ထဲမှာ
သူမ
တကယ်များ
ပွဲစားလားဟူ၍
ဝေခွဲဝေဇဝါ
ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြေးသည်။ သူမကလည်း လုံးနေအောင်ပြေးလိုက်သည်။

"ဘယ်ဖက်ချိုး"

သူမပြောသည့်အတိုင်း ချိုးလိုက်သည်။

"ညာဖက်ချိုး"

"ဟာ"

ကားလမ်းမကြီးပေါ် အလွယ်တကူရောက်သွားသည်။

"ဟဲ. . . ဟဲ. . ဟဲ"

သူမထံမှ ရယ်သံကြားရ၏။ ကျော်ရဲသာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသည်။ သူမကတော့ လေချွန်ပင်မပျက်။

"ဒါနဲ့နေပါဦး နင့်နာမည်က"

"နင်အိမ်ပြန်မယ်မဟုတ်လား၊ ငါကားငှားပေးလိုက်မယ်"

ကျော်ရဲစကားစသည်နှင့် သူမဖြတ်ပြောသည်။

"ရပါတယ်၊ အိမ်နားနီးနေပြီပဲ လမ်းလျှောက်ပဲသွားလိုက်မယ်"

"မရဘူး၊ လမ်းလျှောက်သွားရင် နင့်ကို ဟိုလူတွေ ပြန်တွေ့သွားမှာပေါ့၊ ကားငှားပြန်၊ ငါကားငှားပေးလိုက်မယ်"

ကျော်ရဲ အံ့အားသင့်စွာ သူမကိုပြန်ကြည့်သည်။ သူမကတော့ အေးဆေးပင်။

"ဒါနဲ့ နေပါဦး ခုနက နင်တို့ဘာစပ်ရောင်းနေတာလဲ"

"အိမ်ဖော်ပါ၊ သူတို့က အိမ်ဖော်လေးတစ်ယောက် လိုချင်တယ်ဆိုလို့"

ကျော်ရဲ ဇဝေဇဝါဖြစ်သွားသည်၊ သည်မျှလောက် များသောငွေကြေးနှင့် အိမ်ဖော်ဖြစ်နိုင်ပါ့မလား။

"အိမ်ဖော်ဆိုရင်"

"ဟိုမှာကားလာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com


စကားမစခင် ကားကရောက်လာပြန်သည်။

"ကားဆရာ အင်းလျားမြိုင်ကို ဘယ်လောက်လဲ"

"....."

သူမ ကားတံခါးဖွင့်ပြီး ကျော်ရဲကို တွန်းတင်လိုက်သည်။

"ရော့...ကားဆရာ၊ ဒီမှာကားခ၊ ရော့ ဒါကနင်သုံးဖို့"

ဆိုကာ ငွေတချို့ ကျော်ရဲကို ကမ်းပေး၏။

"ဟာ...ငါကဘာလို့ယူရမှာလဲ၊ ငါနဲ့ဘာဆိုင်လို့လဲ"

"မယူလို့မရဘူး"

"ဘာလို့"

"ငါ့အမှုတွဲထဲ နင်မပါမှာစိုးလို့၊ ဟဲဟဲ"

ကားကလေးက ဝူးခနဲမောင်းထွက်လာသည်။ သူမကတော့ သမ်းတစ်ဖက်ကူးရင်း ကားငှားနေသည်ကို တွေ့ရ၏။ သူမရွေးချယ်သောလမ်းက သူနှင့်ဆန့်ကျင်ဘက်။

××××


www.burmeseclassic.com

www.burmeseclassic.com


မိမိစိတ်ကူးထဲကပုံရိပ်ကို
တားဆီးနိုင်သူ မည်သူမှမရှိ။
ကိုယ်တိုင်ပင်တားဆီးချင်သော်လည်း
မသိစိတ်က အလိုလိုပေါ်လာ
တာမျိုးဖြစ်တတ်၏။

တစ်ခါတစ်ရံ မျက်နှာကိုမမြင်ရ။
သို့သော် သူမ မှန်းသိသည်။
တစ်ခါတစ်ရံ၌လည်း
အကောင်အထည်ကို လုံးဝဖမ်း မရ။
သို့သော် သူမရှိနေမှန်းတော့သိသည်။

တစ်ခါတစ်ရံ၌လည်း
လက်တွေ့ဘဝမှာ လုံးဝလက်ခံလို့မရ။
သို့သော် စိတ်ကူးထဲမှာ
အလိုလို ရှိနေသည်။

မည်သို့သော အကြောင်းအရာက
စိတ်ကို ပိုင်စိုးနိုင်မည်နည်း။
မကောင်းမှန်းသိလျက်နှင့်
သတိရနေတတ်ခြင်းကလည်း
လူ၏ စိတ်ပင်။

×××××



www.burmeseclassic.com

www.burmeseclassic.com





ငါတို့က
မင်းကိုသေပြီ
တောင်
မှတ်နေတာ၊
ဘီယာသောက်တဲ့
ညထဲက
မူးရူးပြန်
သွားလို့လေ

အိမ်တွင်းအောင်းနေသည့်ရက်က များလာ၍(နှစ်ရက်တိတိ မျက်နှာကဒဏ်ရာတွေ အကင်းမသေလို့။) ပျင်းရိလွန်းလှပြီ။ ထို့ကြောင့် ဒီနေ့မှ အပြင်သို့ထွက်လိုစိတ် ပြင်းပြစွာဖြစ်ပေါ်နေခြင်း ဖြစ်၏။ တစ်ယောက်တည်းဆိုလျှင်လည်း ပို၍ငြီးငွေ့ဖွယ်ဖြစ်ပေတော့မည်။ ထို့ကြောင့်. . .

"ဟဲလို"

"အေး. . . မင်းမခလား"

"ဟေ့ကောင် ကျော်ရဲ မင်းဘယ်ပျောက်နေတာလဲ၊ ငါတို့က မင်းကိုသေပြီတောင်မှတ်နေတာ၊ ဘီယာသောက်တဲ့ညထဲက မူးရူးပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့လေ"

"ဟာ. . . မင်းက ပါးစပ်ပုပ်ကြီးနဲ့ကွာ၊ ဒီနေ့ ငါပျင်းနေလို့ကွ၊ အဲဒါ လမ်းထိပ်ကလက်ဖက်ရည်ဆိုင်မှာ ဆုံရအောင်"

"ဘာလဲ. . . ငါက မင်းအပျင်းပြေအောင် လာကပြရမှာလား"

"မဟုတ်ပါဘူးကွာ၊ မင်းကို ထူးဆန်းတာတွေပြောပြဖို့"

"အေးလေ. . . ဒါဆိုလည်း ငါ ဟိုကောင်တွေကို ဆက်သွယ်လိုက်ဦးမယ်"

"အေးအေး. . . ဒါပဲနော် ဟေ့ကောင်"

ဖုန်းကိုချပြီး အပြင်သို့ထွက်လိုက်သည်။ ဦးလေးသဲမောင်ကိုတော့ မတွေ့ရ၊ အရက်နာကျပြီး အိပ်ရာမထနိုင်ဖြစ်နေပုံရ၏၊ မနေ့ညကလည်း အယ်ဒီတာများချိန်း၍ အပြင်ထွက်သွားသည်ပဲ။

ရာသီဥတုက အေးအေးချမ်းချမ်းရှိလှသည်၊ လမ်းသွားလမ်းလာများချိန် ဖြစ်လင့်ကစား နှင်းမှုန်နှင့်ရော၍ ပျောက်နေသည်၊ အင်္ကျီတွင်ပါသော ခေါင်းဆောင်းကို ဆွဲယူဆောင်းလိုက်သည်။

ကိုယ့်ကိုယ်ကို လူမိုက်လိုလိုဘာလိုလို ထင်သွားမိသော်လည်း အထိုးခံထားရတာကို သတိရပြီး ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားရသည်။ သို့သော် ခေါင်းစွပ်ကိုတော့ ပြန်မချွတ်တော့၊ နှင်းကျနေမင့်ကိုး။

"ကိုကျော်ရဲအတွက် ကော်ဖီခါးခါးတစ်ခွက် ဆရာရေ့"

အကြောင်းသိနေသော စားပွဲထိုးလေး၏အော်သံ၊ ကျော်ရဲလွတ်နေသော စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ သိပ်မကြာခင် အငွေ့တထောင်းထောင်းထနေသော ကော်ဖီတစ်ခွက် ရောက်လာ၏။

"သကြားပလာတာရော ရှိသေးလား"

"ရှိသေးတယ်၊ ကိုကျော်ရဲ မှာလိုက်မယ်၊ ဟေ့ ကျော်ရဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com


သကြားကျွပ်ကျွပ်လေး"

မနက်စောစောစီးစီးမို့ ကော်ဖီပူပူတစ်ခွက်က နွေးထွေးစေပါသည်။ သကြားပလာတာကလည်း ကြော်စမို့ အငွေ့တွေရစ်သန်းနေသည်။

"ဟေ့ကောင်လေး ခုတလောပျောက်နေပါလား၊ နေထိုင်ရော စီးပွားရေးရောကောင်းရဲ့လား"

ကြိုရောက်နေသော ရပ်မိရပ်ဖ ဦးတင်ထွန်းက နှုတ်ဆက်သည်။ ဒါကို ကျော်ရဲက သကြားပလာတာကိုစား ကော်ဖီကိုဇိမ်ခံသောက်ရင်း. . .

"မကောင်းဘူးဆိုရင်လည်း လိမ်ရာကျမယ်၊ ကောင်းတယ်ဆိုရင်လည်း လိမ်ရာကျမယ် ဦးလေးရဲ့"

ဒါကို ဦးတင်ထွန်းကလည်း. . .

"ဒါဆို မင်းက မလိမ်ချင်ဘဲ လိမ်ရမဲ့သဘောပေ့ါကွ"

"အင်း. . . တစ်ခါတလေလည်း မလိမ်ချင်ဘဲ လိမ်ရတာပဲကောင်းပါတယ်၊ ကုသိုလ်ရတာပေါ့"

သူတို့စကားကြောင့် ဘေးဝိုင်းမှလူများ ခေါင်းထောင်ကုန်ကြ၏။ အဓိပ္ပာယ်ကို နားမလည်နိုင်၍ဖြစ်မည်။

နှင်းမကွဲသေး၍ ဆိုင်ထဲမှာ လူသိပ်မထူသေး။ ဆိုင်တွင်းမှ တချို့လူများက သူခေါင်းစွပ်ကြီး စွပ်ထိုင်နေ၍ထင့် ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။ နိုင်ငံခြားမင်းသားတစ်ယောက်ကို မြင်သလို အထူးအဆန်းဖြစ်နေကြပုံရ၏။

"ကြည့်ပါစေလေ. . . ချောလို့ကြည့်တာပဲ"

ဟု ပီတိပင်ဖြစ်မိသေးသည်။

သိပ်မကြာပါ။ မင်းမခ ရောက်လာ၏။

"ဘယ်လိုလဲဟေ့ကောင် မင်းဘယ်ပျောက်သွားတာလဲ၊


www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘဝမှာ သွားရှင်သန်နေတာလဲ”

မင်းမခပြောတာ နီးစပ်သည်။ သူလည်း တခြားဘဝတစ်ခု တွင် ပျော်ဝင်ခဲ့သည်မဟုတ်ပါလား။

“မပြောချင်ပါဘူးကွာ”

ပြောချင်လွန်း၍ မပြောချင်ဘူးဆိုသည်နှင့် စကားစလိုက်သည်။ လူက နွေးနွေးထွေးထွေးမို့ ခေါင်းစွပ်ချွတ်လိုက်သည်။

“မိပြီ. . . မိပြီ၊ ဒီကောင်. . . ဒီကောင်ပဲ”

ခုန သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသောဝိုင်းမှ လူတစ်ယောက်က ထပြေးလာပြီး ကျော်ရဲကို ဂုတ်ဆွဲသည်။ ကြည့်လိုက်တော့. . .

“ကိုကြီးသောင်း”

ဆိုင်ထဲဝင်လာတုန်းက ကိုယ့်အတွေးနှင့်ကိုယ်မို့ သတိမထားမိ။ သူလည်း အနွေးထည်အထူကြီးဝတ်ထား၍ ရုပ်ပြောင်းနေသည်ကိုး။ ယခုလို ဂုတ်ကဆွဲပြီး အနီးကပ်မြင်ရမှ မှတ်မိတော့၏။

“ဟာ. . . ကိုကြီးသောင်း၊ လာလေထိုင်၊ ဘာသောက်မလဲ”

ဝမ်းသာအားရ နှုတ်ဆက်မိသည်။ ဒါကို ကိုကြီးသောင်းက ဒေါသမျက်နှာနှင့် ဂုတ်ကို ကြမ်းကြမ်းဆွဲရင်း. . .

“ဟေ့ကောင်. . . ရှုးချင်ယောင်ဆောင်မနေနဲ့၊ ဟိုတစ်နေ့က မင်းကောင်မလေးနဲ့ ပြန်ယူလာမဲ့ပစ္စည်း ဘယ်မှာလဲ”

သူ့စကားကြောင့် ကျော်ရဲ မျက်မှောင်ကျုံ့သွားသည်။ မင်းမခကလည်း ဇဝေဇဝါနှင့် ကျော်ရဲတို့ကို ကြည့်နေသည်။ ကျော်ရဲ စဉ်းစားသည်။ နောက်မှသတိရပြီး. . .

“ဘယ်နေ့ကလဲ. . . ဩော် ဟို စိန်ပုနဲ့တွေ့တဲ့နေ့ကို ပြောတာလား”

“ဘယ်ကစိန်ပုလဲ၊ ဟိုလူလည်မ နွယ်နွယ်လှိုင်နဲ့မင်း ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွေည်းသွားပြန်ယူမယ်ဆိုပြီး ငွေသုံးသိန်းလိမ်ယူသွားတာလေ”

“ဗျာ. . . ခြောက် အဲဒါစိန်ပုယူသွားတာဗျ”

“ဟော့ကောင်. . . ဘာစိန်ပုယူသွားတာမှ မလုပ်နဲ့၊ မင်းကား ခေါ်တက်တော့၊ ပိုက်ဆံခွဲယူသွားတာ မြင်တဲ့သူကမြင်တယ်ကွ”

ကျော်ရဲ ဘယ်လိုရှင်းပြရမှန်းမသိတော့။ သူလည်း ဘာမှ သနကာမသိဘဲကိုး။

“ကျွန်တော်မယူပါဘူးဗျ၊ သူက ကားခပေးလိုက်တာ”

“ဘာကားခလဲ၊ ပေးပေး မင်းတို့အတူလိမ်သွားတာပဲ၊ ဟော့ကောင် အခုချက်ချင်း အဲဒီပိုက်ဆံပြန်ပေး၊ မပေးလို့ကတော့ တောက်”

ဂုတ်ကတစ်အားဆွဲနေသည်မို့ ကျော်ရဲ သည်းမခံနိုင်တော့။

“ဟော့လူ. . . ခင်ဗျားလွန်လာပြီနော်၊ လူကိုများ စွပ်စွပ်စွဲစွဲ နဲ့”

“လွန်တော့ ဘာလုပ်ချင်လဲ၊ အောင်မာလူလိမ်ကများ ငါ့ကို အခုနားရင်းအုပ်လို့”

အခြေအနေက တင်းမာလာသည်။ မင်းမခက ရိုက်ဖို့ခုံဆွဲ နေတာလား၊ ပြေးဖို့ခုံဖယ်နေတာလားမသိ။ ခုံကိုတော့ လက်နှင့်စမ်း သည်၊ ကျော်ရဲကလည်း လူသာဘာမှမဟုတ်တာ။ မိုက်သွေးလေးက အနည်းငယ်ရှိတာမို့ ကိုကြီးသောင်းလည်ဂုတ်ကို ပြန်လှည့်ဆွဲလိုက် သည်။

“ကဲဟယ်”

“ဟော့. . . ဟော့ ဘာဖြစ်ကြတာလဲကွ ဟေ”

လက်ဖက်ရည်သောက်နေသော ဦးတင်ထွန်းကမြင်ပြီး ထလာသည်။

“ဘာဖြစ်ကြတာလဲပြောစမ်း. . . မင်းတို့က ဘယ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com


လဲ"

နှစ်ယောက်လုံး တစ်ယောက်ဂုတ်တစ်ယောက် ကိုင်ထားပြီး သား။ လူအားလုံးကလည်း ဝိုင်းကြည့်နေပြီ။

"ကျွန်တော်တို့ ဘယ်သူတွေထက်စာရင် ဒီကောင်တွေက လူလိမ်တွေ"

ကိုကြီးသောင်းက ကျော်ရဲကို လက်ညှိုးထိုးပြီးပြောသည်၊ ဒါကို ကျော်ရဲကလည်း

"ဟေ့လူ. . . ခင်ဗျားစကားကို ဆင်ခြင်ပြောလို့ ပြောနေ တာနော်၊ ကျုပ်လုပ်မိတော့မယ်"

ဦးတင်ထွန်းကသာ ကြားဝင်၍. . .

"ကဲ. . . ကဲ တစ်ယောက်ကိုတစ်ယောက် လွှတ်ပြီး အေးအေးဆေးဆေး ဖြေရှင်းလို့ရပါတယ်"

"တောက်"

"တောက်"

နှစ်ယောက်လုံး မကျေမနပ် တောက်ခတ်မိကြသည်။

"ကဲ. . . ဘယ်ကဘယ်လို စဖြစ်တယ်ပြောပါဦး"

ကိုကြီးသောင်းမှစ၍. . .

"ဒီကောင်ပေါ့ဗျာ၊ တစ်နေ့က ကျွန်တော့်ဆီကို နွယ်နွယ်လှိုင် ဆိုတဲ့မိန်းကလေးတစ်ယောက်နဲ့ ရောက်လာပြီး ပိုက်ဆံသုံးသိန်း စရန် ပေး၊ ပစ္စည်းသွားပြန်ယူပေးမယ်ဆိုပြီး ငွေလိမ်သွားတယ်၊ လူလည်း ပြန်မလာဘူး၊ ပစ္စည်းလည်းပြန်မလာဘူး၊ ငွေလည်းပြန်မလာဘူး၊ ဒီကြားထဲ ကားသော့ထားခဲ့မယ်ဆိုပြီး သူများကားသော့ ခိုးဖြုတ်လာ ပြီးထားခဲ့လို့ ကားပိုင်ရှင်က ရိုက်မယ်ပုတ်မယ်က အလုပ်ခံရသေး၊ ဟီး. . . စဉ်းစားကြည့်ပါဗျာ၊ ဒါမှမလိမ်ရင် ဘယ်ဟာကလိမ်မှာလဲ ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးသောင်းမှ ပြောရင်းနှင့် မျက်ရည်ပါ့ပတစ်ခနဲ ထွက်သွား၏။ အားလုံးကြောင်ငေးပြီး ကျော်ရဲကိုတစ်လှည့်၊ ကိုကြီးသောင်းကိုတစ်လှည့် ကြည့်ကြသည်။

ဦးတင်ထွန်းက ဇဝေဇဝါနှင့်. . .

"သူပြောတာအမှန်ပဲလား ကျော်ရဲ"

ကျော်ရဲ သက်ပြင်းချလိုက်သည်။

"အမှန်ပါပဲဦးလေး"

"ဟေ"

"ဟာ"

အားလုံးကြောင်ပြီး ကျော်ရဲကို ပြန်ကြည့်ကြသည်။ မင်းမခတပါ ကျော်ရဲကို လက်ညှိုးထိုးပြီး. . .

"အဲ. . . အဲဒါဆို မင်းကလိမ်စားနေတာပေါ့ ဟုတ်လား"

ကျော်ရဲ ခေါင်းကို ဖြည်းညှင်းစွာခါလိုက်သည်။ ပြီးမှ. . .

"အဖြစ်ကဒီလိုပါ ဦးလေး"

xxxxx



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲ၏စကားသံများတွင် လွှမ်းဆွတ်မှုများ၊ နာကြည်းရိပ်များ၊ ယူကျုံးမရခြင်းများ ပါဝင်နေသလားမသိ။

အားလုံးက သူ့စကားကို ငေးပြီးနားထောင်နေကြသည်။

"အဲဒါပါပဲဗျာ. . . အမှန်တော့ ကျွန်တော်ဘာမှကို မသိခဲ့ရတာပါ၊ အခု ကိုကြီးသောင်းနဲ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်အတွက် ကျွန်တော်ပါဝင်ပတ်သက်နေမိလို့ အဲဒီငွေသုံးသိန်းကို ကျွန်တော်ကပဲ ပြန်စိုက်ပြီးလျော်ပေးပါ့မယ်"

အားလုံးက ကျော်ရဲကို ကရုဏာသက်စွာကြည့်သည်။ ကိုကြီးသောင်းကသာ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလျှော်ရုံနဲ့ ဘယ်ဖြစ်ပါ့မလဲကွ"

"ဟင်. . . ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ ပထမကလည်း ဒီကောင်မပစ္စည်းပြုပြီး ငွေနှစ်သိန်း ယူထားပြီးပြီ"

"ပစ္စည်းက ဘာပစ္စည်းလဲဗျ"

"ကျောက်ဗျ. . . ကျောက်"

"ဟင်. . . သူပြောတော့ အိမ်ဖော်ဆို"

"ဘယ့်နှယ်အိမ်ဖော်ရမှာလဲ၊ အရည်အသွေးကောင်းတဲ့ ကျောက်ဗျ၊ ကျုပ်ဝယ်လက်ကလည်း အဲဒါကိုလိုချင်တဲ့အခါ သိန်းရာ ချီပေးနိုင်ဖို့ ရှိတဲ့ရွှေတွေကို ထုတ်ရောင်းပြီး ပေးရတာ၊ ရွှေဆိုတာမျိုး က ဝယ်ရင်သာ ဈေးကောင်းကာ၊ ပြန်ရောင်းရင် လျှော့တာချည်းပဲ၊ သိန်းတစ်ရာဖိုးရောင်းရင်တောင် သူဘယ်လောက်ရှုံးမလဲ တွက်ကြည့် ခမ်း၊ ကဲ ဒီမှာ အရောင်းအဝယ်မဖြစ်ဘဲ အလိမ်ခံရတယ်ပဲထားပါ တော့၊ သူရောင်းထားတဲ့ရွှေကို ပြန်ဝယ်မယ်ဆိုရင်တောင် ဘယ် လောက်အရှုံးဆယ်ရမယ်ဆိုတာ စဉ်းစားကြည့်"

"ဟုတ်သား"

အားလုံး ခေါင်းကုတ်သွား၏။ မှန်ပါသည်။ ရွှေဆိုတာမျိုးက ဝယ်လျှင် တစ်ဈေး ရောင်းလျှင်တစ်ဈေး မဟုတ်ပါလား။ ရောင်း သည့်ဈေးနှင့် ဘယ်သောအခါမှ ပြန်ဝယ်၍မရ၊ အနည်းဆုံး အလျော့ တွက်လက်ခလောက်တော့ ရှုံးမည်၊ အများနှင့်လုပ်လျှင် ပို၍ရှုံးမည်၊ ဒါပါပဲ။

ကျော်ရဲက သက်ပြင်းချရင်း. . .

"ကဲဗျာ. . . အဲဒါတော့ ကျွန်တော်လည်းမတတ်နိုင်ဘူး၊ ကျွန်တော်တတ်နိုင်တာကတော့ ကျွန်တော်ပါဝင်ပတ်သက်ခဲ့မိတဲ့ အတွက်ပဲ လျှော်ပေးနိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဦးတင်ထွန်းကပါ. . .

"ဟုတ်သား မောင်ရင်ရာ၊ ကျော်ရဲ အဲဒီလောက်လုပ်ပေးတာကို ကံကောင်းလှပါပြီ၊ အမှန်ဆို ခုနကပြောခဲ့တဲ့အတိုင်း သူမှမပတ်သက်တာပဲ၊ ရတာတောင်ကံကောင်းပေါ့"

ကိုကြီးသောင်း မျက်ရည်ပင့်သုတ်လိုက်သည်။ နောက် အံကြိတ်သံဖြင့်. . .

"တောက်. . . ဒီကောင်မလေး နောက်တစ်ခါတွေ့လို့ကတော့ အရေခွံစုတ်ပစ်မယ်"

သူ၏စကားကြောင့် ကျော်ရဲရင်ထဲ ထိတ်ခနဲ။ ဘယ်သူ့အတွက် စိုးရိမ်မိမှန်းမသိ။

ဘာကြောင့်ရယ်မသိ ရင်ခုန်သံက မြန်လာသည်။

"အင်း. . . ငါလည်း ဒီကောင်မလေးကို မတွေ့တွေ့အောင်ရှာဦးမှပဲ"

စိတ်ထဲမှာ တေးမှတ်၍။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် ခြေရာဖျောက်နေသူကို ရှာရသည်မှာ လွယ်ကူလှသည်တော့မဟုတ်။ နောက် ရန်ကုန်မြို့ဆိုသည်မှာလည်း ခုနစ်အိမ်တန်းမဟုတ်။ နံဘေးနားအိမ်ပင် မရောက်ဘူးဘဲ ကမ္ဘာကြီး ကျဉ်းလွန်းတယ်ဟူသော လူများမှာ သနားစရာကောင်းနေပေလိမ့်မည်။

မြို့လည်ခေါင်မှ ငါးမိနစ်ကြာ ကားနှင့်သွား၍ရသော နေရာရှိသလို နှစ်နာရီသုံးနာရီ ကားတင်းကြမ်းမောင်းမှ ရောက်နိုင်သော နေရာများကလည်း ဒုနဲ့ဒေး။ သည်ကြားထဲ လူသန်းပေါင်းမြောက်မြားစွာရှိသည့်အထဲ၌ လူပျောက်တစ်ယောက်ကို မည်သို့ရှာဖွေနိုင်မည်



www.burmeseclassic.com

www.burmeseclassic.com


နည်း။

လွယ်ကူလှသော အလုပ်တော့မဟုတ်။ မဟာဇနကလို ပင်လယ်ထဲ ခုနစ်ရက်မျှ ကူးလိုက်ချင်တော့သည်။

သို့သော် တွေ့ဆုံလိုစိတ် ပြင်းပြသူအတွက်တော့ ရက်ပေါင်းများစွာမှာ ချုံ့လိုက်သလို ကြုံ့ကြုံ့ရုံ့ရုံ့ကလေး ဖြစ်သွားပေလိမ့်မည်။

ယခုလည်း ဘာရယ်မဟုတ် လူထူထူရှိရာ မြို့လည်ခေါင်ထဲသို့ အကြောင်းမဲ့သဖွယ် လျှောက်သွားနေမိသည်။

ပလက်ဖောင်းနံဘေးမှ ဈေးဆိုင်တန်းများ၊ ထို့အပြင် အဝတ်အထည်ဆိုင်မှစ၍ ပေဒင်ဆရာအဆုံး ပလက်ဖောင်းပေါ် အတုံးအရုံးတွေ့နေရလေသည်။ ပလက်ဖောင်းသည်လည်း ပလက်ဖောင်းမဖြစ်တော့ဘဲ street market ဖြစ်နေပေပြီ။ ဟိုလူ့ကိုရှောင်ရ၊ ဟိုဆိုင်ကို ရှောင်ရနှင့် လွန်စွာစိတ်ပျက်ဖွယ်ကောင်းလှတော့၏၊ ထို့အပြင်. . .

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ နင့်စီးကရက်က ညာဖက်လက်မှာမဟုတ်ဘဲ ဘယ်ဖက်လက်ကိုပြောင်းပြီး အိတ်ကပ်ထဲကို ထည့်လိုက်တာ"

လမ်းဘေးမျက်လှည့်ဝိုင်းတစ်ခုမှ အော်သံ။ လူတွေလည်း ဝိုင်းအုံနေသည်။

"ဟာဗျာ. . . ခင်ဗျားကသိနေတဲ့ဥစ္စာ၊ လိုက်မပြောနေနဲ့လေ"

"အေးလေ. . . ငါသိနေတယ်ဆိုလည်း ငါမသိတာပြလေ၊ မျက်လှည့်ဆိုတာ လူမသိအောင်လိမ်ရတာ၊ လူမသိအောင်လိမ်ပေါ့"

အသံက ကြားဖူးနေသလို။ ခပ်စွာစွာမိန်းမအသံ။

"ကဲ. . . ဒါဆို ဒီမှာကြည့် အံစာတုံးသေးသေးလေးဗျာ၊ ဟောဒါကို ဟောဒီအုပ်ထဲ ထည့်လိုက်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"ကြီးသွားမှာမဟုတ်လား၊ အဲဒါ အံစာတုံးအပေါ်က အုပ်တဲ့ ခက်မှာ အံ့ဝှက်ရှိတယ်လေ၊ ကဲ ဘာမြင်းချင်သေးလဲ"

"ဟာဗျာ. . . အစ်မကြီးသိရင်လည်း ငြိမ်နေလိုက်လေဗျာ၊ ကျန်တဲ့သူတွေက"

"အို. . . ကျန်တဲ့သူတွေဘာတွေ လုပ်မနေနဲ့၊ ငါမသိအောင် လိမ်ပြ၊ ငါမသိအောင်လိမ်နိုင်ရင် ဆရာပဲ"

"အစ်မကြီးက လိမ်နည်းအကုန်သိနေတာ ဘယ်လိုလိမ်လို့ ရမှာလဲဗျ"

"မလိုချင်ဘူး၊ ဒါလေးမှ မလိမ်တတ်ရင်လည်း မျက်လှည့် ပြစားမနေနဲ့"

ကျော်ရဲလည်း စိတ်ဝင်စားပြီး မျက်လှည့်ဝိုင်းထဲ ဝင်ကြည့် သည်။

"ကဲ. . . ဒါဖြင့် ဟောဒီမှာ ကြိုးသုံးချောင်း အတိုအရှည် မတူဘူးဗျာ"

"ဘာလဲ. . . မျှောက်သုံးကောင်အကြောင်း မဟုတ်လား၊ အမြီးချင်းလိမ်လိုက်ရင် အတိုအရှည်တူသွားမှာကို ပြမှာမဟုတ်လား"

မျက်လှည့်ဆရာ ကြိုးစကိုဆောင့်ကြီးအောင့်ကြီးချ၊ ဆောင့် ကြောင့်ထိုင် ခေါင်းကုတ်ကာ. . .

"ဟာဗျာ. . . အစ်မကြီး ဒီလောက်တောင်သိနေရင် ကိုယ့် ဘာသာကိုယ် ပြတော့ဗျာ၊ တကတည်း"

"ဟဲ့. . . ငါပြစရာမလိုဘူး၊ နင်သာ ငါ့ကို မျက်စိမှောက် အောင် လိမ်ပြ၊ ဒါပဲ"

ပြောနေသော မိန်းမနောက်ကျောကိုသာ မြင်ရသည်၊ သို့သော် ရင်းရင်းနှီးနှီး တွေ့ဖူးနေသလို၊

"ကဲ. . . ဒါဖြင့် ဟောဒီမှာ ပိုက်ဆံတစ်မူထောင်တွေ့ဗျား၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်တန်ကို ဟောဒီဘောပင်နဲ့ဖောက်"

"ငါ့ဘောပင်နဲ့ဖောက်လေ"

ခုနက မိန်းမပင်။ မျက်လှည့်ဆရာက သူ့ဘောပင်ကို မျက်နှာနားကပ်ရင်း. . .

"ဘာလို့ဖောက်ရမှာလဲ၊ ကိုယ့်ဘောပင်နဲ့ကိုယ် ဖောက်မှာပေါ့"

"နင့်ဘောပင်နဲ့ပဲ နင်ဖောက်မှာပေါ့၊ နင့်ဘောပင်က ထိပ်ခွဲထားတာကိုး"

"ဟာဗျာ"

မျက်လှည့်ဆရာ ခေါင်းကို ခပ်ကြွမ်းကြွမ်းကုတ်သည်၊ ဘေးနားလူများက မျက်လှည့်ဆရာကိုကြည့်ပြီး ဝိုင်းရယ်ကြသည်၊ ထိုကောင်မလေးက ရယ်သံကို ဂရုမစိုက်ဘဲ သူ့ရဲ့ဆယ့်ငါးကျပ်တန်ဘောကျားကိုသာ အတင်းကမ်းပေးနေသည်။

"ရော့လေ. . . ယူပါ၊ ဒီဘောပင်နဲ့ လုပ်ထည့်လိုက်စမ်းပါ"

မျက်လှည့်ဆရာ စိတ်ညစ်စွာ ခေါင်းကုတ်သည်။ ဘေးနားဝိုင်းကြည့်သူများက ဝိုင်းရယ်သည်။ ကျော်ရဲလည်း အရွှေ့အနည်းငယ် ထပ်တိုးလိုက်သည်။

"စိန်ပု"

မျက်နှာကို အနည်းငယ်မြင်လိုက်ရသည်နှင့် မှတ်မိသည်၊ ဟုတ်ပါသည်။ မျက်လှည့်ဆရာကို ဒုက္ခရောက်အောင် ထိုင်ကြပ်နေသော မစိန်ပုပါ။

တွေ့ရန် လက်လျှော့ရတော့မလို ဖြစ်နေရာမှ ရုတ်တရက် ပြန်တွေ့လိုက်ရ၍ ကျော်ရဲ ဝမ်းသာသွားသည်။

"ရော့လေ. . . ဒီဘောပင်ယူလေ၊ ဒီဘောပင်နဲ့"

"မစိန်ပု"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲ၏ ကျယ်လောင်သောခေါ်သံကြောင့် သူမ ရပ်တန့်သွားသည်။ နောက် အသံကြားသည်နှင့် မှတ်မိဟန်နှင့်. . .

"တော်ပြီ. . . ငါမကြည့်တော့ဘူး၊ သွားတော့မယ်"

ဆိုကာ ခပ်သုတ်သုတ် ထသွားလေတော့သည်။

"မစိန်ပု"

ကျော်ရဲ လူကြားထဲမှ တိုးထွက်၍ သူမနောက်လိုက်သည်။

သူမက လှည့်ပင်မကြည့်ဘဲ အရှေ့မှ ခပ်သုတ်သုတ်သွားသည်။

"မစိန်ပု"

သူမ လုံးဝလှည့်မကြည့်ဘဲ မသိဟန်ဆောင်၍ ထူထပ်သောလူကြားထဲ တိုးဝင်သွားသည်။

"ဟင်"

ရုတ်ခြည်း မျက်စိမှောက်သွားသလားတောင် ထင်ရသည်။ ဆိုင်ခန်းများ၊ လမ်းဘေးဈေးသည်များကြား သူမပျောက်ကွယ်သွားသည်။ အနီးနားဝေ့ကြည့်သည်။ မတွေ့ရတော့။

"တောက်. . . ဒီနားလေးတင်ကွ"

မျက်လှည့်အပြခံလိုက်ရသလို ခံလိုက်ရတော့ ရင်ထဲ မခံချိမခံသာဖြစ်သွားရ၏။

လမ်းမပေါ်မှာ မတွေ့ရတာ သေချာမှ. . .

"ဟုတ်ပြီ. . . ဆိုင်တစ်ဆိုင်ဆိုင်ထဲ ဝင်သွားတာဖြစ်မယ်"

ဟု စိတ်ပိုင်းဖြတ်ကာ သပ်ရပ်စွာ စီတန်းထားသော ဆိုင်ခန်းများကို လှည့်ပတ်ကြည့်မိသည်။ စတိုးဆိုင်များ၊ အလှကုန်ရောင်းသောဆိုင်များကို လိုက်ရှာကြည့်သည်။ မတွေ့။ နောက်မှ. . .

"ဟိုမှာ"

တွေ့ပါပြီ။ အလှပြင်ဆိုင်ထဲတွင် ငြိမ်သက်စွာ ဆံပင်ပြင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော သူမ။

ကျော်ရဲလည်း ဝမ်းသာအားရပင် ထိုအလှပြင်ဆိုင်ထဲသို့ ပြေးဝင်လိုက်သည်။

"ဟယ်. . . မောင်လေး မတွေ့တာကြာပြီနော်၊ ဆံပင်ညှပ်မှာလား၊ မိတ်ကပ်ပြင်မှာလား၊ ကဲ ပြော"

ဆိုင်ထဲဝင်သည်နှင့် ယောကျ်ားလား၊ မိန်းမလား မသိသော တစ်ယောက်က အင်မတန် ရင်းနှီးဟန်နှင့် ပြေးဆွဲရင်းပြောသည်၊ ကျော်ရဲလည်း သူ့အစီအစဉ်ထဲတွင် ထိုအရာမပါ၍ ယောင်နနဖြစ်ပြီး. . .

"ကျွန်တော်. . . ဟို. . . ဟို"

"ဩော်. . . ခေါင်းပဲလျှော်မှာလား၊ ကဲ ဒါဆို ဒီဖက်လာလေ မောင်လေးက သူစိမ်းတွေကျနေတာပဲ"

"ဗျာ. . . ကျွန်တော်. . . ကျွန်တော်"

ဘာမှပြန်မပြောနိုင်ခင် ခေါင်းလျှော်ခုံတစ်ခုံဆီကို ဆွဲခေါ်ခြင်းခံရသည်။ သူမကိုကြည့်တော့ ခပ်တည်တည်ပင်။ မသိလိုက်မသိဘာသာနှင့် သူ့ဆံပင်ကို လိုအပ်သည့်နေရာများသို့ အဖျားတွေ့တိခိုင်းနေသည်။

ခေါင်းပေါ်သို့ အေးခနဲအထိအတွေ့။

"မျက်နှာပါဆေးလိုက်နော်၊ အဆီတွေပျံနေပြီ"

"ဟို. . . ဟိုလေ"

"စေတနာနဲ့လုပ်ပေးတာပါ မောင်လေးရဲ့၊ မျက်နှာလေး ဆေးလိုက်ရင် ပြောင်တင်းသွားမှာ"

ဘာမှကိုပြောခွင့်မသာ။ မျက်နှာပေါ် ဘာတွေမှန်းမသိလာလိမ်းထည့်နေသည်။

"ကြာ. . . ကြာမှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒါလေးလိမ်းပြီး ခေါင်းလျှော်လိုက်မယ်လေ၊ ခေါင်းလျှော်ပြီးမှ မျက်နှာပြန်ဆေးတာပေါ့၊ ဒါနဲ့ နာမည်က၊ ဘယ်မှာနေတာလဲဟင်. . . ဟစ် ဟစ်"

ဩော်. . . အရေးထဲ လာကျူနေသေး။ ကျော်ရဲ မော့ကြည့်လိုက်သည်။ နှာခေါင်းထဲမှ အမွေးတွေအတိုင်းသား မြင်နေရ၏။ မြင်းကြီး နဖားကြိုးထိုးထားသလို။

"ဟီး ဟီး ဟီး"

မြင်းဟီသလို အသံကြီးနှင့် ဟီလာတိုက်သံ။ မြင်းကြီးပဲ မြင်နေတော့ ကြက်သီးပင်ထမိသေး။ မစိန်ပုကိုလည်း လွတ်သွားမှာ စိုးနေရသေး၏။

"ပြောလေ. . . နာမည်က ဘယ်မှာနေတာလဲလို့၊ အဟင့်"

"နာမည်က အင်းလျားမြိုင်မှာနေတာ၊ ဘာလုပ်ဖို့လဲ"

"ဟယ်. . . လာလည်မယ်နော်၊ ဟီးဟီး၊ အောင်မလေး ကောင်းချက် လန်ထွက်နေတာ၊ ဟစ် ဟစ်"

ဝက်ရှူးပျံမှာလည်း ကြောက်နေရ၏။ ဒီကြားထဲ နှုတ်ခမ်းခဲထော်ထော်ကြီးက သွားရည်များ လိမ့်ထွက်လာသလို. . .

"ရှလု"

သွေ့ဘာသာသူ ပြန်မျိုချလိုက်ပုံရ၏။

ခေါင်းပေါ် ခေါင်းလျှော်ရည်တွေ ကျလာသည်။ သွားရည်လည်း ဖြစ်နိုင်သည်။ နောက် တဖောက်ဖောက်နှင့် တကြော်ကြော်လျှော်ရှာ၏။

"မမကလေ. . . အစကတည်းက ချမ်းသာတာသိလား၊ အခုမှာဆို ကိုယ်ပိုင်ထော်လာဂျီနဲ့ မမများ ထော်လာဂျီမောင်းသွားရင် သူတွေကို ငေးကျန်ခဲ့တာ"

မာမီကြီး ထော်လာဂျီမောင်းတော့ ဘယ်သူမငေးရှိမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုင်လဲ အခြောက်နဲ့ထော်လာဂျီ။ သူမကိုသာ လှည့်ကြည့်နေမိသည်။ သူမကလည်း မှန်ထဲမှနေ၍ သူ့ကို ပြန်ချောင်းနေသည်ကို တွေ့ရ၏။

"အဲဒါလေ ထော်လာဂျီက ဆောင့်ခုန်တယ်မဟုတ်လား၊ မမလည်း လုံးရာကပြားရော ဟီဟိ"

ထော်လာဂျီဆောင့်လို့ ပြားရကြေးဆို နံပြားဖိုတောင် တက်လုပ်ထားလို့ရသည်။

"တော်ပြီ. . . ရပြီ ညီမလေး"

သူမအသံ။ နောက် ဆံပင်ညှပ်ခုံမှ ထလိုက်သည်ကိုတွေ့ရသည်။ သူလည်း ကမန်းကတန်းဖြင့်. . .

"ကျွန်တော်တော်ပြီ၊ ကျွန်တော်လည်း တော်ပြီ"

ဆံပင်လျှော်ခုံကနေ ကမန်းကတန်းထလိုက်သည်။ ဒါကို မာမီကြီးက ဂုတ်ကနေပြန်ဖိချပြီး. . .

"အို. . . နေပါဦး၊ ဒီမှာ တစ်ကြောင်းတောင် မပြီးသေးတာကို"

သူမငွေရှင်းနေတာ တွေ့ရသည်။ ထို့ကြောင့် ကမန်းကတန်းနှင့်. . .

"ဟာ. . . ဘာတစ်ကြောင်းလဲ၊ တော်ပြီဗျာ၊ တော်ပြီ"

ဆိုကာ ခုန်ထလိုက်သည်။ နောက်

"ဟော့. . . နေဦး"

"ဟော့. . . ဟော့"

ကျော်ရဲ အလောတကြီး ဆံပင်ညှပ်ဆိုင်အပြင်ဖက် ထွက်လိုက်သည်။

"ဟင်"

"ဟာ. . . ဘာကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်မှာ ဆပ်ပြာမြှုပ် တစ်တောင်လောက်နှင့် ခေါင်းလျှော်ဝတ်ရုံကြီး ခြုံထားသော သူ့ကိုမြင်တော့ လူတွေ အံ့အားသင့်ကုန်၏။ မျက်နှာကလည်း မျက်နှာသစ်ဆေးတို့ဖြင့် ဖြူဖွေးနေတာကိုး။ ကျော်ရဲကတော့ သတိမထားမိသေးဘဲ ဘေးဘီဝေ့ကြည့်ရှာလိုက်သည်။

"ဟင်. . . ဘယ်ရောက်သွားပါလိမ့်၊ ဟော. . . ဟိုမှာ"

စလင်းဘက်(ခ) ကလေးလွယ်ပြီး လမ်းဖြတ်ကူးနေသော သူမ။

"ဟိတ်. . . မစိန်ပု မပြေးနဲ့"

"ဟဲ့. . . ဟိုကောင်လေး မပြေးနဲ့"

သူ့အော်သံနှင့်ထပ်တူ အနောက်မှထွက်လာသော မာမီကြီးအော်သံ။

"ဟိတ်. . . စိန်ပု ငါလာပြီ"

ဆပ်ပြာမြှုပ်တစ်တောင်လောက်နှင့် မျက်နှာကြီး ဖြူဖွေးနေသော ကျော်ရဲက ဝတ်စုံကြီးတဖားဖားနှင့် သူမနောက်လိုက်သည်။ သူ့နောက်မှ မျက်နှာမဲကြီးနှင့် မြင်းကြီးက ကပ်ကြေးကိုင်၍လိုက်သည်။

"အို. . . အို. . . ဒါဘာကြီးလဲ"

"ဆာစပိုက်ဒါမင်းကြီးလား"

"စပိုက်ဒါမင်းလုပ်စမ်းပါ"

"အိုး. . . အဲဒီကောင်က ပင့်ကူတစ်ကောင်ပဲ အကိုက်ခံရလို့ စပိုက်ဒါမင်း ဖြစ်တာ၊ ဒီလူက ပင့်ကူနှစ်ကောင်အကိုက်ခံရလို့ ဆာစပိုက်ဒါမင်း ဖြစ်သွားတာဖြစ်မှာပေါ့"

"စာစပိုက်ဒါ ထွီ၊ ရွံစရာကြီး"

ဝေဖန်သံများ။ ကျော်ရဲလည်း ဂရုမစိုက်နိုင်သေးဘဲ သူမကိုသာ မျက်ခြည်မပြတ်အောင် လိုက်နေရသည်။ သူပြေးသွားရာ



www.burmeseclassic.com

www.burmeseclassic.com



တောက်လျှောက် ဝတ်ရုံကလွင့်လျက်။

"ဟာ"

သူမက အလိုက်သင့်လာထိုးရပ်သော လိုင်းကားတစ်စီးပေါ် အနောက်ပေါက်မှ ပြေးတက်သွားသည်။

"ဟာ. . . မြန်မြန်"

ကျော်ရဲလည်း လွတ်သွားမှာစိုး၍ သူမတက်သွားသော ကား အနောက်ပေါက်မှ လိုက်တက်လိုက်သည်။

"ဟဲ့. . . ဟဲ့ ဘာကြီးလဲဟ"

ဆပ်ပြာမြုပ်များနှင့် မျက်နှာဖြူကြီး သူ့ကိုတွေ့တော့ လူတွေ တအံ့တသြကြည့်ကြသည်။

ထို့အပြင် သူ့နောက်ကမှ. . .

"ဟော့. . . ကောင်လေး"

ထိုမြင်းကြီးလည်း ပါသေး၏။ ဝတ်ရုံကို အတင်းလိုက်ဆွဲ သည်။

"ဟဲ့. . . ဆေးတက်ရောင်းတာလား"

"အရူး. . . အရူးလား"

ကျော်ရဲလည်း ပြောသမျှ မကြားချင်ယောင်ဆောင်၍ ကားထဲလိုက်ရှာလိုက်သည်။

"ဟိုမှာ"

အနောက်မှ မာမီကြီး သူ့ကိုဂုတ်ဆွဲ၍ မှိုလုမှိုခင်မှာ သူမကို လှမ်းမြင်လိုက်ရသည်။ သူမက အနောက်ပေါက်မှတက်၍ အရှေ့ ပေါက်မှ ပြန်ဆင်းသွားပြီ။

ကျော်ရဲလည်း သူမကို မီနိုင်စေရန် ကမန်းကတန်း ပြေးဆင်းလိုက်သည်။

"ဟဲ့. . . ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ မာမီကြီးကလည်း ကပ်ကြေးဇာထောင်ထောင်နှင့် တွေ့ကရာအချောင်း(လက်ညှိုး) ဖြတ်မည့် အင်္ဂလိမာလလို အနောက်က ပြေးလိုက်သည်။

"ဟာ"

စိန်ပု ထွက်လုလုလိုင်းကားတစ်စီးကို တား၍ တက်လိုက်သွားလေပြီ။

"ဝလူး. . . လူး. . . လူး"

သူ့ကိုပင် လှည့်၍ပြောင်ပြသွားသေး၏။ သူကတော့ လမ်းမပေါ် ရှပ်ပျက်ပြီး မောတာသာ အဖတ်တင်သည်။ ဆပ်ပြာမြုပ်များနှင့် ခေါင်းလျှော်ဝတ်ရုံကြီး ခြုံထားသောသူ့ကို လူတွေဝိုင်းအံ့ကြည့်ကြသည်။

"ဟာ. . . ဘယ်လိုလူကြီးလဲ"

"စတန့်ထွင်တာလား"

"အခုခေတ်စားနေတဲ့ ပါဖောမင့်ထင်တယ်၊ ဟိုအဆိုတော်နဲ့ ရှပ်တူသား"

"ဟိတ်. . . မိပြီ၊ မပြေးနဲ့"

မပြေးတော့တဲ့ အချိန်မှ မာမီကြီးက သူ့ကိုမီသည်။

"ဟောဟဲ. . . ဟောဟဲ မောလိုက်တာ၊ ဟော့ကောင်လေးနင်က ငါတို့ဆိုင်က ဝတ်ရုံမပြေးတာပေါ့လေ၊ ဒါ ဘာသဘောလဲ"

ကျော်ရဲ စိတ်ညစ်သွား၏။

"အာ. . . ဘာသဘောရမှာလဲ၊ ဟိုမှာ ဟိုကောင်မလေးကိုလိုက်နေတာ မမြင်ဘူးလား"

မာမီမြင်းကြီးက ခါးထောက်၍ လိုက်ကြည့်သည်။

"ဘယ်. . . ဘယ်ကောင်မလေးလဲ၊ ဘာမှမရှိဘဲ နင် ငါ့ကိုပတ်ပြေးနေတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျာ၊ အရှက်ကွဲခံပြီး ဘာလို့ပတ်ပြေးရမှာလဲ၊ ကဲ ရော့ ခင်ဗျားဝတ်စုံ"

"အောင်မာ. . . ဝတ်စုံနဲ့တင် ဘယ်ရမှာလဲ"

ကျော်ရဲ ပိုက်ဆံအိတ် နှိုက်ယူလိုက်သည်။

"ကဲ. . . ဘယ်လောက်လဲ"

ဟိုကလည်း လမ်းပေါ်မှာတင် အလုပ်ဖြစ်အောင် ကျသင့်ငွေတောင်းသည်။ ကျော်ရဲလည်း တောင်းသလောက် ရှင်းပေးလိုက်သည်။ လူများက ကျော်ရဲနှင့် မာမီကြီးကို ဝိုင်းကြည့်နေကြဆဲ။

"ငှ"

မာမီကြီးရဲ့အသံ။ ကျော်ရဲလည်း ကြောင်ပြီး ခါးကိုင်းပေးလိုက်သည်။ နောက်မှ သတိရပြီး. . .

"ဘာ. . . ဘာလုပ်ဖို့လဲ"

"မျက်နှာပေါ်က မိတ်ကပ်ဖျက်ပေးမလို့"

"ဩော်. . . အင်း ဒါနဲ့ ဘာနဲ့ဖျက်မှာလဲ"

"စကဒ်နဲ့"

"ထွီ. . . တော်ပါဗျာ၊ ဘယ်နှခုနှစ်က မလျှော်ထားတဲ့ဟာမှန်းမသိ၊ ကဲ သွားပြီ"

ကျော်ရဲ ရပ်ထားသောကားဆီသို့ ပြန်ပြေးသည်။ လိုင်းကားဆိုတော့ ကိုယ်ပိုင်ကားနှင့်လိုက်လျှင် မီနိုင်သေးသည်ကိုး။ နောက်ပြီး ဒီလိုင်းကား ဘယ်လမ်းကြောသွားမယ်ဆိုတာ သိနေတယ်လေ။

ဤသို့ဖြင့်. . .

xxxxx



www.burmeseclassic.com

www.burmeseclassic.com





"ကျွဲ"

"ဟော့ကောင်. . . ကားကို ဘယ်လိုမောင်းနေတာလဲ၊ သေချင်လို့လား"

"ကျွဲ"

"ဟော့ကောင်. . . ဒုံးပျံမောင်းနေတာလားကွဟေ"

လိုအပ်သည်ထက် ပိုမြန်အောင် မောင်းနှင်နေသော ကျော်ရဲကို အခြားကားသမားများ ထောပနာပြုကြသည်။ ကျော်ရဲကားတော့ ဘုရားတရားနှင့် ရှေ့ကားမှီအောင် အာရုံပြုထားသည်။ မကြွေးကော မြောင်းထဲကျနေကြမို့ ကျန်တာ သိပ်မစိုးရိမ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . မီလာပြီ"

မီးပွိုင့်တစ်ခုတွင် သူမစီးလာသောလိုင်းကားကို မီလာသည်၊ ကားပေါ်တွင် လူများရှုပ်ယှက်ခတ်နေသည်မို့ သူမပါမပါမသိနိုင်သေး။

ကားက မီးပွိုင့်မှ ညင်သာစွာ ချိုးကွေ့သွားသည်။ ကျော်ရဲလည်း ထိုကားနောက်သို့ မျက်ခြည်မပြတ်နိုင်အောင် လိုက်သွား၏၊

"ဟော့ကောင်. . . အဲဒါလိုင်းကားရပ်တဲ့ မှတ်တိုင်ကွ၊ ကိုယ်ပိုင်ကားမရပ်ရဘူး"

အနောက်မှ လိုက်လာသော လိုင်းကားတစ်စီးမှ အော်သံ၊ ဟုတ်သား၊ လိုင်းကားရပ်သည့်မှတ်တိုင်မှာ သူကားဝင်ရပ်ထားတာကိုး။

အနောက်ကားဆရာကို ပြုံးပြရင်း အရှေ့ကားထွက်သည်နှင့် လိုက်ထွက်လိုက်သည်။ နောက် ထိုကားကို ကျော်တက်ကာ အရှေ့မှ ဦးဆောင်လိုက်သည်။

ရည်ရွယ်ချက်ကတော့ ရှေ့မှတ်တိုင်အလွန်နားတွင် ကြိုစောင့်ရန်သာ။ ဖြစ်ချင်တော့ ရှေ့မှတ်တိုင်က ပလာဇာကြီးဖြစ်နေ၍ လူတွေရှုပ်ယှက်ခတ်နေသည်။

မျှော်လင့်နေသော ကားလေးထိုးဆိုက်လာ၏။ ပလာဇာရှေ့မို့ လူတွေက ရှုပ်ယှက်ခတ်အောင် တိုးတက်တိုးဆင်းနေသည်၊

"မြန်းဖြည်းလုပ်ကြပါ၊ အဆင်းဦးစားပေးပါ၊ အားလုံးကိုပါအောင် တင်သွားမယ်"

စပယ်ယာ၏အော်သံ၊ ကျော်ရဲဘက်(ခ်)မှန်မှတစ်ဆင့် အဆင်းအတက်ကို မလွတ်တမ်းကြည့်နေ၏။

"ကျွီ"

ဒရိုင်ဘာဘေးမှ ကားရှေ့တံခါးပေါက် ပွင့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

ဘယ်ကြည့်သည်၊ ပြီးတော့ ညာကြည့်သည်၊ အားလုံးစိတ်ချရသောအနေအထားရှိ၍ထင့် သူမဆင်းလာ၏။

ခပ်တည်တည်ပင် စလင်းဘက်(ခ်)ကလေးယမ်းပြီး ပလာဇာဘက် တက်သွားလေသည်။

"တွေ့ကြပြီပေါ့"

ကျော်ရဲ ကားမှန်တံခါးကိုပိတ်ပြီး သူမနောက် ပြေးလိုက်သွား၏။

ပလာဇာထဲရောက်တော့ သူမ ပထမထပ်တက်ရန် စက်လှေကားပေါ် ရောက်နေပြီ။ ကျော်ရဲလည်း သူမကိုမှီစေရန် စက်လှေကားပေါ် ပြေးတက်လိုက်သည်။

သူမက စက်လှေကားအပေါ်နားမှာ ရှိနေ၍ ဘယ်လိုမှမမီနိုင်၊ သူမ စက်လှေကားပေါ်မှ ဆင်းသွားသည်ကိုသာ ဆွေ့ဆွေ့ခုန်အောင် ကြည့်နေရသည်။

ကျော်ရဲ ပထမထပ်ရောက်တော့ သူမ အမျိုးသမီးသီးသန့်ဆိုင်ထဲ ဖျတ်ခနဲ ချိုးဝင်သွားသည်။

ကျော်ရဲ လိုက်ဝင်ခါနီးမှာမှ သတိရပြီး ပြန်လှည့်ထွက်လာရသည်။ လိုက်ဝင်သွားပါက အထဲမှ အရောင်းစာရေးမများ မီးရာနှင့်လှမ်းအုပ်၍ ထုံးသုတ်ဖွယ်ရှိ၏။ (အဲ. . ဘယ်ကထုံးအိုးက ပါလာတာတုန်း။ ထားပါတော့ မရှိလည်း ရှိတဲ့အိုးက. . . ဟယ်. . . ပိုဆိုးကုန်ပြီ)

ကျော်ရဲ မယောင်မလည်နှင့် သူမကို လှမ်းကြည့်သည်။

"ဝေါ့"

မဖွယ်မရာတွေချည်း ဝယ်ယူနေတာပဲ။ မိန်းကလေးများကိုနှစ်သက်တတ်ကြသော်လည်း မိန်းမအသုံးအဆောင်များကို ဒီအတိုင်းအစိမ်းကြီးမြင်ရလျှင် ယောကျ်ားအတော်များများက နှစ်သက်လေ့



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ထိုပစ္စည်းများ မိန်းမ၏ခန္ဓာကိုယ်ပေါ်ရောက်မှ ကြည့်ရှု၍ ကောင်းခြင်းဖြစ်ပါသည်။

သူမ ပန်းပွင့်ပုံဖော်ထားသော အခွံခွာထားသည့် သုံးနှစ်အုန်းအရွယ် မျက်မှန်အိတ်တစ်ခုကို လုံခြုံစွာထုပ်ပိုးရင်း စက္ကူအိတ်တစ်ခုထဲထည့်ကာ ပြန်ထွက်လာသည်။

ကျော်ရဲက သူမနောက်လိုက်သည်။

ဖိနပ်များရောင်းသော ဆိုင်ရှေ့တွင် သူမရပ်လိုက်သည်။ မနောက် အပြင်မှနေ၍ ရှိုးကေ့(စ်)ထဲ ထည့်ထားသော ခွာမြင့်ဖိနပ်များကို လိုက်လံငေးကြည့်နေသည်။ ကျော်ရဲလည်း အခွင့်သာပြီမို့ အနောက်မှနေ၍ သူ့ပခုံးပုတ်ရန် လက်ဆန့်တန်းလိုက်သည်။

တွေ့ကြပြီပေါ့ဟု စိတ်ထဲတေးရင်း. . .

"နင် ဘာလို့ ငါ့နောက်လိုက်နေတာလဲ"

"ဟင်"

လှည့်မကြည့်ဘဲ ပြောလိုက်သောစကားကြောင့် ကျော်ရဲလက် လေထဲတန့်သွားသည်။

"ပြောလေ. . . ဘာကိစ္စနဲ့ အသည်းအသန်လိုက်နေရတာလဲ"

သူမလှည့်မကြည့်သေး၊ ဖိနပ်များကို ငေးရင်း ဖြစ်သလိုပြောလိုက်သည့်ဟန်။ သူမ၏ ရုတ်တရက်အမေးကြောင့် ကျော်ရဲလည်း ကြောင်ပြီး. . .

"အဲ. . . ဟိုလေ ဘာရယ်မဟုတ်ပါဘူး၊ အဲ ဘာလို့မဟုတ်ရမှာလဲ၊ အဲ. . . ဟုတ်တယ်လေ လိုက်တယ်"

သူမက လှည့်ပင်မကြည့်သေးဘဲ. . .

"အေးလေ. . . လိုက်တယ်ဆို ဘာလို့လိုက်နေတာလဲ မေးပြီလေ"

www.burmeseclassic.com



"ဘာရှင်းပြစရာလိုလို့လဲ၊ ဟိုတစ်နေ့က နင်လိမ်သွားတာ"

သူမက ဂရုမစိုက်ဟန်နှင့် အင်္ကျီဆိုင်ဖက်ကူးသွားသည်။ ကျော်ရဲလည်း အနောက်မှလိုက်၍. . .

"နင်က လိမ်ကောင်းကောင်းနဲ့ လိမ်သွားတာ၊ ငါ့မှာ ဘယ်လောက်ရှင်းလိုက်ရလဲ သိလား"

သူမက အင်္ကျီတစ်ထည်ကိုကိုင်ရင်း. . .

"ငါမလိမ်ပါဘူး၊ ငါဘယ်တုန်းက ဘယ်သူ့ကိုလိမ်မိလို့လဲ"

"နင်. . . အခုပြောတာကိုက လိမ်နေတာ"

ကျော်ရဲ၏အသံက နည်းနည်းကျယ်သွားသည်။ အရောင်းစာရေးမလေးပင် သူတို့ကို ဝေ့ကြည့်သည်။ သူမက မသိလိုက်မသိဘာသာနှင့် ကိုင်ထားသောအင်္ကျီကို မပြရင်း. . .

"ဒါဘယ်လောက်လဲ ညီမ"

"၃၈၀၀ ပါအစ်မ"

သူမက ခေါင်းညိတ်ရင်း အင်္ကျီကို ပြန်ချိတ်သည်။ ပြီးတော့ သူမ ကျော်ရဲဖက်လှည့်ကာ. . .

"မှတ်ထား. . . ငါဘယ်တော့မှမလိမ်ဘူး၊ အလိမ်ခံရတဲ့သူက သူ့ဘာသာသူရောက်လာလို့ ငါတို့လိုလူမျိုးတွေ နာမည်ပျက်နေတာ"

"အောင်မာ. . . ပြောပုံက ငါတို့လိုလူမျိုးတဲ့၊ မသိရင်ဘဲမျိုးနဲ့ရိုးနဲ့"

"ဒီမှာ နင့်လိုပဲပြောလိုက်မယ် မှတ်ထား၊ လိမ်တဲ့သူဟာ ဘယ်နေရာရောက်ရောက် လိမ်တာပဲ၊ ဒါပေမဲ့ နင်သိထားရမှာက လိမ်လို့ရတဲ့သူကိုမှ လိမ်သင့်တယ်၊ ငါတို့လို လိမ်လို့မရတဲ့သူမျိုးကို မလိမ်သင့်ဘူး"

"လိမ်လို့မရတဲ့သူ"

သူမ လိုက်လံရေရွတ်ပြီး တွေခနဲဖြစ်သွားသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲကို စိုက်ကြည့်ပြီး. . .

"နင်က လိမ်လို့မရတဲ့သူ"

ကျော်ရဲက ပခုံးတွန့်ပြရင်း. . .

"လိမ်လို့မရတဲ့သူမို့ နင့်ကိုမိနေတာပေါ့၊ မဟုတ်ဘူးလား"

သူမငြိမ်သက်နေသည်။ အတန်ကြာမှ. . .

"လိမ်လို့မရတဲ့သူဆိုလို့ ငါတစ်ခါမှမမြင်ဖူးဘူး"

"မယုံရင် ငါ့ကိုလိမ်ကြည့်လေ"

သူမ တွေနေသည်။ နောက် လေသံတိုးတိုးဖြင့်. . .

"မလိမ်ချင်ပါဘူး"

"မရလို့မဟုတ်လား"

ကျော်ရဲက မထိတထိကလိသည်။ သူမကတော့ ခပ်တည်တည်ပင် အင်္ကျီများကိုရွေးပြီး ကောင်တာဆီသွား၏။ ကျော်ရဲက အနောက်ကလိုက်ရင်း. . .

"မှတ်ထား. . . နင့်ခေါင်းသေးသေးလေးနဲ့ ငါ့လိုလူမျိုးကို ဘယ်တော့မှလိမ်လို့ရမှာ မဟုတ်ဘူး"

ဘာရယ်မဟုတ် ကျော်ရဲက သူမနာရန် ရည်ရွယ်ချက်ဖြင့်သာ ပြော၏။ သူမကတော့ ခပ်တည်တည်ပင် ခုနရွေးထားသော အင်္ကျီကို ကောင်တာရှေ့တွင် ဖြန့်လိုက်သည်။ နောက် သူမခန္ဓာကိုယ်ကိုကပ်၍

"ဒါလေး. . . မမနဲ့လိုက်ရဲ့လားဟင်"

"အင်း. . . လိုက်ပါတယ် မမ၊ မမက အသားလေးဝင်းတော့ လေ"

ကောင်တာမှ ကောင်မလေးက အလိုက်သင့်ပြော၏။ လိုက်လည်းလိုက်ပါသည်။ ဒါကို သူမက ကျော်ရဲဖက် ပြုံးရွှင်စွာကြည့်ပြီး

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ဟင်"

မထင်မှတ်ဘဲ ခေါ်လိုက်သည်မို့ ကျော်ရဲလည်း ကြောင်ပြီး ငြိမ်ထူးသည်။

"ဒါလေးကလိုက်တယ်တဲ့၊ ဒါလေးပဲယူလိုက်မယ်နော် မောင်၊ ပိုက်ဆံရှင်းလိုက်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဟင်. . . ဟင်"

ကျော်ရဲ ဘာမှမဖြေရှင်းနိုင်မီ သူမက အကျီကို အိတ်ထဲ ထည့်၍ ဆတ်ခနဲထွက်သွားလေပြီ။

"ဟင်. . . ဟော့ နေနေ"

ကျော်ရဲက သူမနောက်လိုက်ရန် ပြင်စဉ်မှာပင် ကောင်တာ က ကောင်မလေးက

"ဒီကအစ်ကိုကြီး ပိုက်ဆံမရှင်းရသေးဘူးလေ"

"ဗျာ. . . ဟင်"

ရုတ်တရက်ကြောင်သွားသေး၏။ နောက်မှသတိရပြီး. . .

"ဟာ. . . ဘာလို့ရှင်းရမှာလဲ၊ ကျုပ်နဲ့ဘာဆိုင်လို့ ရှင်းရမှာ လဲ"

"ဩော်. . . ခုနက ရှင်ပဲခေါင်းညိတ်ပြီးတော့လေ၊ နောက်ပြီး ဘာမှမဆိုင်ရင် မိန်းကလေးက ရှင့်ကို မောင်ခေါ်ပါ့မလား၊ ဘာလဲ ယောကျ်ားတွေဟာ ဒီအတိုင်းချည်းပဲ၊ ပိုက်ဆံမရှင်းရရင်တစ်မျိုး၊ ပိုက်ဆံရှင်းရရင်တစ်မျိုး တစ်ခါလောက်ရှင်းရရင် သီချင်းထဲတောင် ထည့်ဆိုသေး"

"မဟုတ်ဘူးလေဗျာ. . . သူနဲ့ကျွန်တော်က"

"အတူတူလာတာပဲလေ၊ အကျီလည်း ရှင်ပဲရွေးပေးနေတာ ပဲ အခု ပိုက်ဆံရှင်းကာနီးမှ အူကြောင်ကြောင်လုပ်မနေနဲ့၊ ပိုက်ဆံပေး မလား၊ လုံခြုံရေးခေါ်ရမလား၊ ဒါပဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကျော်ရဲ ဘာမှမတတ်နိုင်တော့၊ ပိုက်ဆံထုတ်ရှင်းလိုက်ရသည်၊

"တောက်"

အလိမ်မခံရအောင်နေပါမှ ကပ်လိမ်သွားခြင်းခံရသည်ပဲ၊ ကျော်ရဲလည်း တင်းတင်းနှင့် သူမနောက်လိုက်သွားမိသည်၊

သူမကတော့ ခါတ်လှေကားနှင့် အောက်ထပ်ပြန်ဆင်းသွားသည်၊ ကျော်ရဲ၏စိတ်ထဲ သူမကို မကျေနပ်၍ လိုက်နေတာလား၊ ကျေနပ်လို့ လိုက်နေတာလားမသိတော့၊ သူမကားလမ်းကိုဖြတ်ပြီး လမ်းချိုးတစ်ခုထဲ ဝင်သွားသည်၊ ကျော်ရဲက မျက်ခြည်မပြတ်လိုက်လျက်. . .

"ဟယ်"

လမ်းချိုးနှစ်ခုသုံးခု ချိုးပြီး သန့်ရှင်းသပ်ရပ်သော ရပ်ကွက်ကြီးတစ်ခုထဲ ရောက်သွား၏၊ ကျော်ရဲ ဤကဲ့သို့ ကိုးချောင်းကိုးကျင်းတစ်ခါမှ မရောက်ဖူး၍ မသိ၊ လမ်းထဲတွင် အိမ်ကြီးအိမ်ကောင်းများသာ၊

သူမက လမ်းထောင့်ချိုး အုတ်နံရံကပ်၍ တစ်နေရာသို့ ချောင်းနေသည်ကို အံ့အားသင့်စွာ တွေ့လိုက်ရသည်၊ ကျော်ရဲ အနားကပ်သွားပြီး. . .

"ဟဲ့. . . နင်ဘာလုပ်"

"ရှူး"

ကျော်ရဲစကားစစဉ်မှာပဲ သူမနှုတ်ခမ်းပေါ် လက်တင်၍ တိတ်တိတ်နေရန် ပြောသည်၊ ပြီးနောက် လမ်းချိုးလေးကို ပြန်ချောင်းနေသည်၊ ကျော်ရဲလည်း သိချင်စိတ်နှင့် သူမနောက်က လိုက်ချောင်းမိသည်၊ ဘာမှမတွေ့၊ ရှင်းနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



သူမဆီကထွက်သော ချွေးနံ့လား၊ ကိုယ်သင်းနံ့လား၊ ရေမွှေးနံ့လားမသိ သင်းသင်းလေးရနေသည်။ ကျော်ရဲရင်တွေ ဘိုင်းဒိုင်းနှင့် ခုန်နေသည်။ ဖြစ်နိုင်လျှင် ထိုကောင်မလေးကို ကိုက်စားချင်စိတ်ပင် ပေါက်နေမိသည်။ သွားယားလာ၏။

"ကကျိ. . . ကကျိ"

အံကြိတ်သံကြား၍ သူမ ဖျတ်ခနဲပြန်လှည့်ကြည့်သည်။ သူ့ကို စိုက်ကြည့်နေသော ကျော်ရဲကိုတွေ့တော့ အံ့အားသင့်သွားပြီး

"ဘာကြည့်တာလဲ"

"သွားယားလို့"

သူမ ကျော်ရဲကို အသေအချာစိုက်ကြည့်သည်။ သူမ၏ အကြည့်များ ပြောင်းလဲနေသလို ထင်ရ၏။ အုတ်နံရံမှာ ပိတ်မိနေသည်မို့ သူမအနေကျုံ့သလို ခံစားနေရသည်။ အတန်ကြာမှ ဖျတ်ခနဲ မျက်လုံးလွှဲသွားပြီး လမ်းချိုးလေးကို ပြန်ချောင်းနေသည်။ လမ်းကြားထဲ အစွန်ခပ်ကျကျ အိမ်တစ်လုံး တံခါးဖွင့်တာတွေ့ရ၏။

"ဟော"

သူမဆီမှအသံ၊ နောက် ထိုအိမ်မှ အကောင်းစားကားကြီး တစ်စီး ထွက်သွားတာမြင်တော့ သူမ အုတ်နံရံကို ပြန်ကပ်နေလိုက်သည်။

"သွားပြီလား"

ကျော်ရဲကို လှမ်းမေး၏။ ကျော်ရဲက ပြန်ချောင်းကြည့်ပြီး

"အင်း. . . သွားပြီ၊ ကားနောက်မြီးတောင် မမြင်ရတော့ဘူး"

ကျော်ရဲစကားကို မယုံသေးဘဲ သူမပြန်ချောင်းကြည့်သည်။

"အီးယား"

လမ်းမပေါ် ဘာမှမမြင်ရတော့မှ သူမလမ်းမပေါ် ခုန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပုံစံက ခုနကလို ကုပ်ချောင်းချောင်းမဟုတ်တော့၊ ကိုယ့်အိမ်ရှေ့လမ်း ကိုယ်လျှောက်နေသလို အေးအေးဆေးဆေးနှင့် မြောက်ကြွမြောက်ကြွပါ ဖြစ်နေသေး၏။

"နေပါဦး. . . နင်အခုဘယ်သွားနေတာလဲ"

သူမ ကျော်ရဲကိုလှည့်ကြည့်ပြီး. . .

"လမ်းလျှောက်နေတာလေ၊ ဘာဖြစ်လို့လဲ"

ကျော်ရဲ ခေါင်းကုတ်မိသည်။ ဘာဆက်ပြောရမှန်းမသိ၊ ခြေလှမ်းများက အလိုလိုနေရင်း သူမနောက်လိုက်နေမိ၏။

"ဒါနဲ့. . . နင့်ကို လူတွေက နာမည်အမျိုးမျိုးခေါ်ကြတယ်၊ နာမည်ရင်းက"

သူမ ခြေလှမ်းတန့်သွား၏။

"ညောင်"

ကြောင်တစ်ကောင်အော်သံ။

"ရွှေဝါ"

"ဘာ"

"ရွှေဝါလေ. . . ငါ့နာမည်ရွှေဝါ"

"ဟာ. . . မဖြစ်နိုင်တာ"

"မယုံရင်နေပေါ့"

သူမ ခုနအော်မြည်လိုက်သော ကြောင်ကလေးဆီ လှမ်းသွား၏။

"ပူစီလေး. . . မမကိုစောင့်နေတာလား"

ကြောင်က ကြောင်ကြည့်သည်။ သူမကြောင်ကလေးကို မပွေ့ရင်း ကျော်ရဲဖက်လှည့်၍

"ချစ်စရာလေးနော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲ ဘာရယ်မဟုတ် အလိုက်သင့် ပြန်ဖြေပေးလိုက်သည်။

"မဆလာလေးအုပ်လိုက်ရင် ပိုကောင်းမယ်ထင်တယ်"

"အင်း. . . အဲ ဘာလို့မဆလာအုပ်ရမှာလဲ၊ ကြောင်က သူ့ဘာသာသူနေတာ"

"နင်ဘာသိလို့လဲ၊ မဆလာနိုင်နိုင်၊ ဂျင်းနိုင်နိုင်နဲ့ဆို ပိုမွှေးမှာ၊ သူငယ်နာလည်း စင်တယ်လေ"

"အာ. . . နင်. . . နင်ကလဲ"

သူမ ကြောင်ကို သူ့နဂိုနေရာပြန်တင်ရင်း. . .

"ပူစီလေး နေခဲ့နော်၊ နောက်မှ မမလာဖမ်းပြီး မဆလာနိုင်နိုင်နဲ့ လာချွတ်ဦးမယ်"

"ညောင်"

ကြောင်ကလေးက သိလားမသိလားမသိ နှုတ်ဆက်နေသယောင်။

သူမက ခပ်တည်တည်နှင့်ပင် လမ်းပြန်လျှောက်ပြန်၏။

"ဒါနဲ့နေပါဦး နင့်အိမ်က"

"ခုနကားထွက်သွားတဲ့အိမ်လေ၊ ခုနထွက်သွားတာ အိမ်ကကား"

"ဟယ်. . . ပေါက်ကရ"

သူမ ခြေလှမ်းတန့်သွား၏။

"နင်မယုံလို့လား"

"မယုံပါဘူး"

"မယုံရင်လိုက်ကြည့်"

သူမအရှေ့မှ ထွက်သွားပြန်သည်။ နောက် လမ်းဖော်မှ တွေ့ကရာခဲနှစ်လုံးသုံးလုံး ကောက်သွား၏။ ဟုတ်လေလားမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လေလားမသိသော ကျော်ရဲက တထိတ်ထိတ်။

သူမအရိပ်အခြည်ကြည့်၍ အိမ်ရှေ့မှာရပ်လိုက်သည်။

"အိမ်ကလူတွေ ငါ့ကိုဆိုကြောက်တယ်၊ မယုံရင်ကြည့်နေ ငါ့ကိုတွေ့ရင် ပြေးလာမယ်"

အိမ်ကလူတွေတော့ မသိ ကျော်ရဲက သူမကိုကြည့်ရင်း ကြောက်နေမိ၏။

ကျော်ရဲ ကြည့်နေစဉ်မှာပင် သူမလက်ထဲမှ ခဲကို အားကုန်လွှဲ၍ ထိုအိမ်ပေါ်ပစ်တင်လိုက်သည်။

"ဟင်. . . နင်ဘာလုပ်"

"ဒုန်း"

တားချိန်ပင်မရလိုက် သူမပစ်လိုက်သောခဲက အိမ်ခေါင်မိုးပေါ် အရှိန်ပြင်းပြင်းနှင့် သွားမှန်သည်။

"ဟော့. . . အိမ်ထဲကကောင်တွေ ဘာလုပ်နေကြတာလဲ၊ ငါလာပြီလေ၊ မသိကြဘူးလား"

သူမ၏အသံကျယ်ကျယ် အော်သံ။

"ဟော့ ဟော့"

ကျော်ရဲ သူမကိုပဲ ပြေးဆွဲရမလား။ ထွက်ပြေးရမလား မသိဖြစ်နေမိသည်။ သူမကတော့ ခပ်တည်တည်ပင် လက်ထဲမှခဲကို အားကုန်လွှဲပစ်လိုက်သည်။

ခလွမ်းခနဲမြည်သံ။

"ဟာ"

တံခါးမှန်တစ်ချပ် ကွဲသွားပြီ။

"ဟော့. . . ဒီလောက်သတိပေးနေတာ မကြားကြဘူးလား၊ ငါလာပြီလေ၊ ထွက်ခဲ့ကြစမ်း"

အိမ်အပေါ်ထပ်မှ လူတစ်ယောက် ပြေး၍ထွက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူမက. . .

"ဟေ့ကောင်. . . ဘာလုပ်နေတာလဲ၊ မြန်မြန်လာစမ်း"

ထိုသူက သူမကိုကြည့်သည်။ နောက် အိမ်ထဲပြန်ပြေးဝင်သွားသည်။ သိပ်မကြာပါ သူမပြောသည့်အတိုင်း အိမ်ထဲမှလူများ ပြေးထွက်လာတာ တွေ့ရ၏။ ထိုတော့မှ သူမက. . .

"ဟိတ်. . . ဟိုမှာလူတွေလာနေပြီ၊ ပြေးပြေး"

"ဟင်. . . ပြေးရမှာ"

ကျော်ရဲ ကြောင်တောင်တောင်နှင့် ပြန်မေးသည်၊ ဒါကို သူမက ကျော်ရဲလက်ကိုဆွဲရင်း. . .

"အာ. . . ဒီကောင် ဘာကြောင်နေတာလဲ၊ ပြေးပြေး"

နှစ်ဦးသားတိုင်ပင်ထားသလို ခြေလှမ်းမှန်စွာ ပြေးမိသည်၊ အိမ်ကခြံတံခါးသော့ ဖွင့်နေရသည်မို့ တော်ရုံနှင့်အပြင်မရောက်လာ။

သို့သော်. . .

"ဟိုမှာ ပြေးပြီ၊ လိုက်လိုက်"

"ဒီတစ်ခါမလွတ်စေနဲ့ဟေ့"

တံခါးပွင့်သည်နှင့် ခြံထဲမှ ယောကျ်ားသားများ လေးငါး ယောက် ပြေးထွက်လာ၏။

"ပြေး. . . ပြေး မြန်မြန်ပြေး"

သူမအော်သံ။

"ဘယ်ကိုပြေးရမှာလဲ၊ ကျွန်တော်လမ်းမသိဘူး"

"ဘယ်ဖက်ကိုချိုး"

သူမပြောသည့်အတိုင်း ဘယ်ဖက်သို့ချိုးလိုက်သည်၊

"ဟင်"

ချိုးလိုက်သည့်ထောင့်မှာ မြင်ရသည်က ပလတ်စတင် အမှိုက်ပုံးကြီး။



www.burmeseclassic.com

www.burmeseclassic.com


"ဝင်. . . ဝင် အမှိုက်ပုံးထဲခုန်ဝင်"

"ဗျာ"

သူမက လမ်းထောင့်တွင်ချထားသော အမှိုက်ပုံးကိုပြ၍ ဝင်ခိုင်းနေသည်။

"မြန်မြန်ဝင်လေ. . . သေသွားချင်လို့လား၊ မြန်မြန်လုပ်"

"ဟား"

ကျော်ရဲလည်း စဉ်းစားမနေနိုင်ဘဲ သူမပြောသည့်အတိုင်း ပလတ်စတစ်အမှိုက်ပုံးထဲ ခုန်ဝင်လိုက်သည်။ ပလတ်စတစ်ပုံးထဲ ယောင်လည်လည်။

"ဘုတ်"

"အင့်"

သိပ်မကြာပါ။ ကျော်ရဲအပေါ်ကျလာသော သူမ၏ခန္ဓာ၊

"ဟီဟိ. . . ရှူး"

အမှိုက်ပုံးအဖုံးကို ပြန်အုပ်ပြီး အူမြူးနေသေး၏၊ နှစ်ယောက်လုံးက ခန္ဓာကိုယ်ချင်း ပူးကပ်လျက်။ သူမက ကျော်ရဲ ခန္ဓာကိုယ်ပေါ်မှာ။ သူမခြေထောက်က ကျော်ရဲရင်ပေါ်။

"ရှူး. . . ဟီဟိ"

သူမ၏ ဝင်သက်ထွက်သက်က မျက်နှာပေါ်မှာ။

"တောက်. . . ဒီနားတင်ပျောက်သွားတာကွ ရှာကြစမ်း"

"မြောင်းထဲတော့ ဆင်းမပုန်းလောက်ပါဘူး၊ တစ်အိမ်အိမ်ထဲ ဝင်သွားတာဖြစ်မယ်"

အပြင်မှ ကြိတ်မနိုင်ခဲမရအသံများ။

"ဟီဟိ. . . ခစ်ခစ်ခစ်"

သူမက အမှိုက်ပုံးထဲ အူမြူးနေ၏။ ကျော်ရဲ မနေနိုင်တော့၊

"ရှူး"


www.burmeseclassic.com

www.burmeseclassic.com



"အို"

ရုတ်တရက်မို့ သူမခံလိုက်ရသည် ထင်ပုံရ၏။ သို့သော်

"ရှူး. . . ရှူး. . . ရှူး"

"အို. . . ဘယ်လို"

"ရှူး. . . "

မြန်မာ့နှာခေါင်းအကြောင်း သိကောင်းစရာ။

"ကလုံ. . . ကလုံ. . . ကလုံ"

အမှိုက်ပုံးကြီး လှုပ်နေတာမြင်တော့ လိုက်လာသူများ အံ့အားသင့်သွားသည်။ နောက် တစ်ယောက်က

"တောက်. . . အရေးထဲမှာ အမှိုက်ပုံးထဲ ခွေးဝင်နေရတယ်လို့"

သူမက ဖမ်းဆိတ်သည်။ ကျော်ရဲလည်း သဏ္ဍာန်တူစေရန် ခွေးလိုဟောင်၏။

"အာဝု"

နောက်တော့လည်း

"ဝင်သက်ထွက်သက်ကို သတိပြုရမယ်၊ ဘယ်အပိုင်းကို ရောက်ပြီလဲ"

"ဝင်သက်ထွက်သက်ပါဘုရား"

ဘယ်အိမ်က တရားခွေအကျယ်ကြီး ဖွင့်သည်မသိ။

xxxx



www.burmeseclassic.com

www.burmeseclassic.com



လူစင်စစ်ဖြစ်ပါလျှင်
အမှိုက်ပုံးထဲတွင်လည်း
ချစ်လို့ရပါသည်၊
ချစ်သူရနံ့က
ပိုမွှေးကြိုင်နေ၍ဖြစ်၏၊
××××



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ တကယ့်နာမည်အစစ်အမှန်က သန္တာရွှေစင်ပါ"

ကော်ဖီဆိုင်က အဲယားကွန်းက အေးနေသည်။

"အဖြစ်မှန်ကလည်း အဲဒါပါပဲ၊ ဦးကျော်မင်းဆွေဆိုတာ ရွှေစင်ရဲ့ပထွေးပါ။ အမေဆုံးပြီးနောက်ပိုင်းမှာမှ သူ့ရဲ့ဇာတိရုပ်က ပေါ်လာပါတော့တယ်၊ သူ့မှာ တင်ဆွေတို့လို တပည့်လက်သား အမြောက်အမြားနဲ့ ဘာအလုပ်တွေလုပ်ကြတယ်တော့ မသိပါဘူး၊ ခန့်မှန်းရလည်း ခက်လှပါတယ်၊ ရံဖန်ရံခါ ရွှေစင်ကိုတောင် အဖိုးတန်ကျောက်တွေယူပြီး ပို့ခိုင်းတတ်ပါတယ်"

ကော်ဖီခွက်က အေးခဲနေပြီ။ သူမဘာဝက်ကို သောက်သုံးမိ



www.burmeseclassic.com

www.burmeseclassic.com




ကျော်ရဲ
သူမလက်ကို
အသာဆွဲ
ယူလိုက်သည်။
သူမ၏
အမူအရာများ
လုံးဝပျော့ပျောင်း
သွားသယောင်။

ကတည်းက ရင်ပြည့်နေပေပြီ။

"အဲဒီနေ့ကလည်း ကျောက်အရောင်းအဝယ်ကိစ္စနဲ့ဆိုပြီး အဲဒီကိုချိန်းခဲ့ပါတယ် ရွှေစင်က သူတို့ဆီက ကျောက်ကိုယူပြီး ကျော်ရဲတို့ကားနဲ့ပြေးခဲ့တာ၊ ကိုကြီးသောင်းကို ပြခဲ့တယ်လေ၊ ပြဿနာကအဲဒီလိုပဲ စခဲ့တာပေါ့"

သက်ပြင်းတို့မည်သည် အေးနေရိုးထုံးစံမရှိ။

ခန္ဓာကိုယ်တွင်းမှ ထွက်လာတတ်သည်မို့ နွေးနေမြဲ။

"ဘာပဲပြောပြော ကိုယ်ရွှေစင်ကိုချစ်တယ်"

သူမ ရွှန်းရွှန်းစားစားပြန်ကြည့်သည်၊

"မယုံလို့လား"

"ယုံပါတယ်၊ အမှိုက်ပုံးထဲမှာတောင်"

သူမ ရှက်ပြုံးပြုံးရင်း ခေါင်းငုံ့သွားသည်။ ကျော်ရဲက သူမ လက်ကို ဆွဲယူရင်း. . .

"ရွှေစင်"

သူမမော့ကြည့်ပါသည်။ ကျော်ရဲ သူမလက်ကို အသာဆွဲ ယူလိုက်သည်၊ သူမ၏ အမူအရာများလုံးဝပျော့ပျောင်းသွားသယောင်၊ သူမ၏ မျက်ဝန်းကအစ မာရေကျောရည်များ မမြင်ရ၊ မေတ္တာစိတ်များသာ ကြီးစိုးနေသည်၊

"ဘာပဲဖြစ်ဖြစ် ရွှေစင့်ဘဝထဲ ကျွန်တော်ဝင်ခဲ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပြောရမဲ့စကားပါ။

သို့သော်. . .

"နောက်ပြီး ဦးကျော်မင်းဆွေတို့လို လူမျိုးလက်ထဲက လွတ်မြောက်အောင် ကျွန်တော်ကူညီမယ်"

သူမ ကျော်ရဲကို အားကိုးစွာကြည့်သည်။ ကျော်ရဲရင်ထဲ တစ်သက်မမေ့နိုင်မည် မထင်။

"ပြီးရင် ကျွန်တော်တို့ ဘဝတစ်ခု တည်ထောင်ရအောင်နော်"

သူမပြုံးရင်း ခေါင်းငုံ့သွားသည်။

"ရွှေစင် ကျွန်တော့်ကိုချစ်လား"

ဒါလည်း မိန်းကလေးပြောရမဲ့ စကားပါပဲ။



သူမ ကျော်ရဲကို ရှက်ကိုးရှက်ကန်းနှင့် ပြန်ကြည့်သည်။ သူမ၏ ပါးပြင်ကလေးကရဲလို့။

"ရွှေစင်. . . ရွှေစင် မညာတတ်တော့ပါဘူး"

ထိုစကားက ရင်အေးစေပါသည်။

"ပြန်ကြရအောင်နော်"

"ဟင်. . . ရွှေစင် ဘယ်ကိုပြန်မှာလဲ"

ကျော်ရဲရင်ထဲ ထိတ်ခနဲ။ မသမာသူတွေ လက်ထဲတော့ ပြန်မသွားစေချင်။

သူမကပြုံး၍. . .

"ရွှေစင်က အခုအဆောင်မှာနေ

နောက်ပြီး
ဦးကျော်မင်းဆွေ
တို့လို
လူမျိုးလက်ထဲက
လွတ်မြောက်
အောင်
ကျွန်တော်
ကူညီမယ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလေ၊ အဆောင်ကိုပဲ ပြန်မှာပေါ့"

"ကျွန်တော်နဲ့ တစ်ခါတည်းလိုက်ခဲ့ပါလား"

ချစ်အဖျားက အတော်တက်နေပြီ။ ဝက်ရူးပင်ပြန်နိုင်သည့် အနေအထား။

"မဖြစ်သေးပါဘူး"

သူမလေသံက တိုးတိုးယဲ့ယဲ့လေး။ ဟုတ်ပါသည်။ ဦးကျော်မင်းဆွေတို့၏ရန်က ရှိသေးသည်မဟုတ်ပါလား။

"ဒါဆို အဆောင်ထိ ကျွန်တော်လိုက်ပို့မယ်လေ"

သူမ တိုးဖွဖွရယ်ပါသည်။ ပြီးမှ. . .

"ဘာလဲ. . . မယုံလို့လား"

"မဟုတ်ပါဘူး"

"လိုက်ပို့လေ၊ အဆောင်လည်းသိရတာပေါ့"

ကျော်ရဲ ဝမ်းသာသွားသည်။ သူမ မလိမ်တတ်တော့တာ သေချာပြီ။

xxxxx



www.burmeseclassic.com

www.burmeseclassic.com


သူမညွှန်ပြရာအဆောင်ရှေ့ ကားကို ဖြည်းညှင်းစွာ ရပ်ပေးလိုက်သည်။

"ဒီမှာနေတာလား"

"အင်း"

သူမကပြုံးရင်း ခေါင်းညိတ်သည်။

"သွားတော့နော်"

ကျော်ရဲက ခေါင်းခါရင်း. . .

"အဆောင်ထဲဝင်တဲ့အထိ ကြည့်နေမယ်"

သူမထံမှ ရယ်သံကြားရ၏။ အတန်ကြာမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"မယုံသေးတာလား"

"မဟုတ်ပါဘူး ကြည့်ချင်သေးလို့"

သူမရယ်ပါသည်။ ပြီးမှ

သွားပြီနော် နှုတ်ဆက်ကာ အဆောင်ထဲဝင်သွားသည်။ သူမ အဆောင်ထဲ ဝင်ရောက်ပျောက်ကွယ်သွားမှ ကျော်ရဲလည်း ကားဘီးလှိမ့်လိုက်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာကို
ယုံကြည်သူတိုင်း
သစ်တစ်ပင်စိုက်ပျိုး
ထားမိသူများဖြစ်၏။

ထို့ကြောင့်
ချစ်ခြင်းကို ယုံကြည်သူများလေလေ
တောအုပ်က စိမ်းလန်းလေလေ။

ထို့ကြောင့်
ချစ်ခြင်းမေတ္တာ၏
အရိပ်အာဝါသသည်
အမြဲ အေးချမ်းလေလေဖြစ်၏။

×××××



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက် ဒေါက်"

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ ကြားရ၏။ ညက အစဉ်းစားလွန်ပြီး တော်ရုံနှင့် အိပ်မပျော်ခဲ့သမျှ မနက်ကျမှ အတိုးချအိပ်စက်နေမိခြင်းဖြစ်၏၊ (မထနိုင်တာလည်းပါတာပေါ့။)

"ဒေါက် ဒေါက် ဒေါက်"

"ဘယ်သူလဲ"

နှစ်ယောက်တည်းရှိတာကို မေးစရာပင်မလို၊ သူ၏မိန်းလေး ကဗျာဆရာပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသူငယ်ချင်းရဲ့အဖေတဲ့"

ဦးလေး၏စကားကြောင့် ခေါင်းထောင်သွားမိသည်။

သူငယ်ချင်းအဖေတဲ့။ ဘယ်သူ့အဖေပါလိမ့်။

မင်းမခတို့အဖေလည်း ဖြစ်နိုင်သည်။

မင်းမခ ဆတ်ဆတ်ဆော့ဆော့လုပ်လို့ အကူအညီလာတောင်းပြန်တာလား။ ဒါမျိုးက ဖြစ်တတ်သည်။

မဟုတ်သေးပါဘူး။ မင်းမခအဖေဆို ဦးအောင်ခလို့ပြောမှာပေါ့။

"ဘယ်သူ့အဖေတဲ့လဲ"

"ငါမသိဘူး၊ သန့်တော့သန့်သန့်ပဲ"

ပြန်ထွက်သွားသော ခြေသံကြားရ၏။ သူလည်း သိချင်စိတ်နှင့် ကမန်းကတန်းထပြီး မျက်နှာသစ်လိုက်သည်။ နောက် အလျှင်အမြန်ပင် အိမ်အောက်ထပ် ဧည့်ခန်းရှိရာ ပြေးဆင်းလိုက်သည်။

"ဟင်"

ဧည့်ခန်းထဲထိုင်နေသော လူကြီးတစ်ဦး၊ ရွှေစင်၏ ပထွေးလူဆိုးကြီး။

"ဦးကျော်မင်းဆွေ"

ကျော်ရဲကိုမြင်တော့ ဦးကျော်မင်းဆွေ လူကြီးလူကောင်းတို့၏ ထုံးစံအတိုင်း မတ်တပ်ထရပ်လိုက်သည်။

"မောင်ကျော်ရဲ"

မနက်အစောကြီး ဒီလူကြီးကိုမြင်တော့ ကျော်ရဲစိတ်ထဲ မနှစ်မြို့ဖြစ်မိသည်။ ထို့ကြောင့်

"ဘာကိစ္စလဲ"

ဦးကျော်မင်းဆွေက ဟန်ဆောင်တာလား။ တကယ်လား မသိသော ယဉ်ကျေးဟန်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး မောင်ကျော်ရဲ"

ကိုယ့်အိမ်လာပြီး ကိုယ့်ကိုညွှဲ့ဝတ်ပြုနေတော့ ကျော်ရဲ၏ စိတ်ထဲ စနိုးစနောင့်ဖြစ်မိသည်။ ဝတ်ပုံဆင်ပုံကလည်း အနောက်တိုင်းဝတ်စုံအပြည့်မို့ ကြည့်ရဆိုးနေ၏။ သူပြောသည့်အတိုင်း ကျော်ရဲ ဝင်ထိုင်လိုက်သည်။

"ဘာကိစ္စလဲ၊ လိုရင်းသာပြောပါ၊ ကျွန်တော်မအားဘူး"

အမြဲအားနေတဲ့သူက မအားဘူးဆို၍ ဦးလေးဖြစ်သူပါ အံ့အားသင့်သွား၏။ လူကြီးက သက်ပြင်းချရင်း. . .

"ဒီလိုပါ၊ ဦးရဲ့သမီး မဥ္စူနဲ့ မောင်ကျော်ရဲတို့ ခင်မင်နေကြတယ်ဆိုလို့ လာစုံစမ်းတာပါ"

"ဗျာ. . . ဘယ်သူ"

မကြားဘူးသော နာမည်မို့ ကျော်ရဲ ကြောင်သွားသည်။ လူကြီးက သူ့အိတ်ထဲမှ ဓာတ်ပုံတစ်ခု ထုတ်ပြသည်။

ဦးကျော်မင်းဆွေရယ်၊ အမျိုးသမီးကြီးတစ်ဦးရယ်၊ နောက် စိန်ပု၊ နွယ်နွယ်လှိုင်၊ တင်တင်အေး၊ ရွှေဝါ၊ ရွှေစင် စသည့်နာမည် များနှင့် သိထားခဲ့သော သူမပြုံးရယ်နေပုံများ။ နောက် သူမ မှတ်ပုံ တင်ကို ထုတ်ပြ၏။

မှတ်ပုံတင်အမည်က မြမဥ္စူ၊ အဖေ ဦးကျော်မင်းဆွေ၊ အမိ ဒေါ်သင်းမြမြ။

ကျော်ရဲက မှတ်ပုံတင်နှင့် ဓာတ်ပုံများယူကြည့်ပြီး. . .

"ဟင်. . . ဒါ. . . ဒါတွေက"

လူကြီးက သက်ပြင်းချရင်း. . .

"အဲဒါ. . . ဦးသမီး မြမဥ္စူပါကွယ်"

"ဟင်. . . သူပြောတော့ ဦးလေးက သူ့ပထွေးဆို"

ဦးကျော်မင်းဆွေ မျက်နှာပျက်သွားသည်။ နောက် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မသက်မသာဟန်နှင့် ရယ်၏။

"ပထွေးမဟုတ်ပါဘူး၊ အဖေအရင်းပါ"

"ဒါဆိုသူက"

"ဒီလိုပါမောင်ရင်"

ဦးကျော်မင်းဆွေက စကားဖြတ်ပြောသည်၊

"ပြောရင် ပုံပြင်လို ယုံတမ်းစကားလိုတောင် ဖြစ်နေလိမ့်မယ်"

ကျော်ရဲ ပါးစပ်အဟောင်းသားနဲ့ နားထောင်နေမိ၏။

"မဠူက ငယ်ငယ်ကတည်းက လိမ်တတ်တဲ့အကျင့်ပါလာခဲ့တာလေ"

"ဗျာ"

"အဖေဖက်က အမေဖက်က မျိုးရိုးဗီဇမပါခဲ့ပေမဲ့ သူ့မှာတော့ လိမ်တတ်တဲ့အကျင့်ပါခဲ့တာ၊ အဲဒါကို ဘယ်အချိန်က စသိရလဲဆို သူသုံးနှစ်သမီးကတည်းကပေါ့၊ ဘယ်သူကမှ သင်မပေးပါဘဲ"

မကြားဘူးသော အကြောင်းအရာများမို့ သူပြောသလို ယုံတမ်းစကားများလား။

xxxx



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး. . . မြန်မြန်လာ၊ မြန်မြန်လာ၊ ဟီး"

ဦးကျော်မင်းဆွေ အိမ်ထဲဝင်လိုက်သည်နှင့် စကားပီကာစ သမီးမြမဥ္ဇူ ငိုရင်းပြေးထွက်လာသည်ကို တွေ့ရ၏။

"ဟင်. . . ဘာဖြစ်. . . ဘာဖြစ်လို့လဲသမီး"

ကလေးကငိုရင်းနှင့်. . .

"ဟီး. . . မေမေ. . . မေမေလေ"

"ဟင်. . . မေမေ ဘာဖြစ်လို့လဲ"

"အိမ်ပေါ်ထပ်ကနေ လှေကားအတိုင်း ဒုန်းဒုန်းဒိုင်းနဲ့ လိမ့်ကျပြီး"



www.burmeseclassic.com

www.burmeseclassic.com



"လိမ့်ကျတယ်၊ ဘာဖြစ်သွားသေးလဲ"

"ဘာဖြစ်လဲမသိဘူး၊ အဲဒီထဲက မျက်ရည်တွေထွက်ပြီး ဓား တစ်လက်နဲ့ ဟီး"

"ဟင်. . . ဓား. . . ဓားကြီးနဲ့ ခေါင်းများထိသွားလို့လား၊ အခုဘယ်မှာလဲ"

"မီး. . . မီးဖိုမှာ"

"ခဏ ခဏနေဦး၊ အဖေသွားကြည့်ဦးမယ်"

ဦးကျော်မင်းဆွေ စိုးရိမ်တကြီးနှင့် မီးဖိုဖက်ပြေးသွားမိသည်။

"မိန်းမ"

မီးဖိုထဲတွင် ဓားတစ်လက်နှင့် သူ့မိန်းမ ဒေါ်သင်းမြမြကို ထိတ်လန့်စွာ တွေ့လိုက်ရသည်။

"သင်း. . . သင်းမြ. . . ဟာ"

လှည့်ကြည့်လာသော ဒေါ်သင်းမြ၏ မျက်ဝန်းတွင် မျက်ရည် များနှင့် ဦးကျော်မင်းဆွေကို စိမ်းစိမ်းကြီး ကြည့်နေ၏။ ဦးကျော်မင်း ဆွေလည်း ဇနီးဖြစ်သူကိုကြည့်၍ ထိတ်လန့်သွားကာ. . .

"မိန်း. . . မိန်းမ စိတ်ထိန်းပါကွာ၊ ကိုကိုပါ၊ မင်းယောကျ်ား လေ"

"ဟင်. . . ရှင်. . . ရှင် ဘာတွေပြောနေတာလဲ"

"ဟာ"

ဦးကျော်မင်းဆွေ ပို၍ထိတ်လန့်သွား၏။ ဒေါ်သင်းမြမြက မျက်ရည်များနှင့် ဓားကြီးကိုင်၍ ရှေ့တိုးလာသည်။ ဦးကျော်မင်းဆွေ ဒူးများပင် တဆတ်ဆတ်တုန်လာ၏။

"မြ. . . မြ. . . ကိုယ်. . . ကိုယ်လေ၊ ကျော်. . . ကျော်မင်း ဆွေလေ"

"အဲဒီတော့ဘာဖြစ်လဲ၊ ဒီနားကိုလာပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဒေါ်သင်းမြမြက ဓားကြီးရွှေ့ထုတ်ပြီး ခေါ်သည်။ ဦးကျော်မင်းဆွေလည်း မနေရဲတော့။

"ဟင်. . . စိတ်ထိန်းစမ်းပါမိန်းမရာ၊ ဖြစ်ကြောင်းကုန်စင်လေးတော့ ပြော ပြောပြပါ"

"ကျွန်မက ဘာရှင်းရမှာလဲ၊ ရှင်သာရှေ့တိုးလာစမ်းပါ"

"ဟင်. . . ဟင်"

ဓားကြီးနှင့် ရှေ့တိုးလာသော မိန်းမကိုကြည့်၍ ဦးကျော်မင်းဆွေ မနေရဲတော့၊ ထို့ကြောင့်

"အောင်မလေး. . . လုပ်ကြပါဦးဗျို့၊ ကျွန်တော့်မိန်းမ စိတ်ဖောက်သွားလို့ဗျို့"

ဆိုကာ ကြောက်အားလန့်အားနှင့်အော်ပြီး ထွက်ပြေးရသည်။ ဒေါ်သင်းမြမြကလည်း

"ဟိတ်. . . ရှင်ဘယ်ပြေးတာလဲ"

ဆိုကာ ဓားကြီးနှင့် နောက်ကလိုက်သည်။

"လုပ်. . . လုပ်ကြပါဦးဗျို့၊ ကျွန်တော့်မိန်းမ ဓားကြီးနဲ့လိုက်လို့ဗျို့"

ရပ်ကွက်ကိုအော်ကာ အကူအညီတောင်းရသည်။ ဟိုကလည်း တကယ်လိုက်သည်။ ရပ်ကွက်က ဒေါ်သင်းမြကို ဝိုင်းဖမ်းတော့မှ. . . .

"မိန်းမ. . . မိန်းမ စိတ်ထိန်းပါကွာ၊ စိတ်ထိန်းပါ"

"ဟင်. . . ဘာဖြစ်လို့ စိတ်ထိန်းရမှာလဲ၊ ကျွန်မက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူးဆို ကိုယ့်ကိုဘာလို့လိုက်နေရတာလဲ"

"ဟင်. . . အဲဒါ ဘုမသိဘမသိနဲ့ ရှင်ထွက်ပြေးလို့လေ"

"ဒါဆို. . . ဒီ. . . ဒီဓားကြီးက"



www.burmeseclassic.com

www.burmeseclassic.com



"ခါးက မီးဖိုထဲဝင်ချက်ပြုတ်နေတာ ခါးမကိုင်လို့မှမရဘဲ"

"နောက်. . . နောက် မျက်ရည်တွေက"

"ရှင်ပဲ မုန့်ဟင်းခါးစားချင်တယ်ဆို အဲဒါ ကြက်သွန်နီထိုင်ခွာနေတော့ မျက်စိပူပြီး မျက်ရည်ကျတာပေါ့"

"ဒါ. . . ဒါဖြင့် လှေကားပေါ်က ဒုန်းဒုန်းဒုန်းနဲ့ ကျသွားတာဆို"

"ဟင်. . . အဲဒါဘယ်သူပြောလဲ"

"နင့်. . . နင့်သမီး မဥ္စူလေ"

"ဟင်"

×××××

"အဲဒီလိုပါပဲ မောင်ရင်ရယ်၊ ငယ်စဉ်ကတည်းက လိမ်ဖို့ဆိုဘယ်လိုညာဏ်တွေထွက်မှန်း မသိပါဘူး၊ အမြဲတမ်း သူနဲ့ဒုက္ခရောက်ခဲ့ကြရတာပါ၊ သူ့အမေဆို သူ့ကိုမနိုင်လို့ နိုင်ငံခြားပြောင်းနေရတဲ့အထိပါပဲ၊ အဓိကပြဿနာက သူပဲလေ၊ ကြီးလာတော့ ပိုဆိုးလာတာပေါ့"

×××××



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန် ကုမ္ပဏီတွင် ပင်ပန်းပြီးပြန်လာသော ဦးကျော်မင်းဆွေ အိမ်ပေါ်တက်သည်နှင့် ဇနီးဖြစ်သူနှင့် သမီးဖြစ်သူတို့၏ နာကြည်းစွာကြည့်နေသော အကြည့်ကို ခံစားရသည်။

"ဘာ. . . ဘာဖြစ်နေကြတာလဲ"

သူ၏အမေးကို ဇနီးဖြစ်သူက နှုတ်နှင့်အဖြေမပေးဘဲ လက်ထဲမှ စာအိတ်တစ်အိတ်ကို စားပွဲပေါ်ပစ်ချလိုက်သည်။ ဦးကျော်မင်းဆွေလည်း ဇဝေဇဝါနှင့် စာအိတ်ကိုဆွဲယူကာ. . .

"ဘာ. . . ဘာတွေလဲ၊ ဟာ"

အထဲမှာမြင်လိုက်ရသော ဓာတ်ပုံတွေကြောင့် ဦးကျော်မင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွေ ခေါင်းနားပန်းပင် ကြီးသွားမိ၏။ ဓာတ်ပုံက သူနှင့်ရှုံးက စက္ကူတေရီကလေးတို့ ဟိုတယ်ခုတင်တစ်ခုပေါ် ဟီလာတိုက်နေပုံ။

"ဟင် . . . ဒါ . . . ဒါတွေက ဘယ်လို"

"အခုမှ ရှုးချင်ယောင်ဆောင်မနေပါနဲ့၊ ကဲ ဒီလိုလက်ပူးလက်ကြပ်ဆိုတော့ ရှင် ဘာပြောင်းချင်သေးလဲ"

ဦးကျော်မင်းဆွေ ခေါင်းပါမူးသွား၏။ ထိုဓာတ်ပုံများ ဘယ်ကဘယ်လို ဖြစ်ပေါ်လာသည်ကို သူပင်မသိ။ မျက်စိတွေလည်နေ၏။

"ဟာ . . . မဟုတ်သေးပါဘူး၊ ဒါတွေ ဒါတွေ ဒီနေရာတွေ ငါမှမသွားတာ"

"ဟင် . . . ရှင်က အဲဒီနေရာတွေမသွားရင် ဘယ်နေရာတွေသွားလို့ ဒီပုံတွေထွက်လာရတာလဲ၊ ကဲ ပြောစမ်းပါဦး"

ဦးကျော်မင်းဆွေ ခေါင်းကုတ်သွားသည်။

"အေး . . . ပုံကတော့ ငါတို့ပုံတွေပဲ"

"မှန်ဘီလူးယူဦးမလား"

ဦးကျော်မင်းဆွေ နဖူးပေါ်မှ ကျလာသော ချွေးများကို ဝင့်သုတ်လိုက်သည်။

"ဒါနဲ့ ဒီဓာတ်ပုံက ဘယ်ကဘယ်လို ဒီကိုရောက်လာတာလဲ"

"အဲဒီမှာ စာရေးထားတယ်မတွေ့လား၊ ဒေါ်သင်းသင်းမြ ဘက်က မခံရပ်နိုင်သူတစ်ဦးတဲ့၊ သူက စာတိုက်က ပို့ပေးလိုက်တာ"

"စာတိုက်ကပို့တာ"

"ကဲ . . . ရှင်ဘာပြောင်းဦးမလဲ"

"ဟာ . . . ငါမှဒီလိုမလုပ်တာ"

"ဒီလိုမလုပ်ရင် ဘယ်လိုလုပ်တာတုန်း"

"ဟာ . . . ဒီပုံစံမျိုးမဟုတ်ဘူးလို့ပြောတာ၊ ဟာ ရှုပ်ကုန်ပါ

www.burmeseclassic.com





စက္ကူထရိုလေးနှင့် ကာရာအိုကေ တွင်သီချင်း ဆိုပြီး ဟီလာတိုက်နေပုံ၊ ဟိုတယ် တည်းခိုခန်းတွင် ထိုကောင်မလေး ကို ဗလည့်စ်ပြနေပုံ

ဖြို"

"ဟုတ်သား အဖေရာ၊ ဒီအသက်အရွယ်ကြီးမှ"

မိန်းမဖက်သမီးပါ ပါနေတော့ ဦးကျော်မင်းဆွေ ဖြေရှင်းရန် မစွမ်းသာတော့။

ထိုမျှသာမက နောက်နေ့တွင်လည်း ထိုကဲ့သို့ ဓာတ်ပုံများ စာတိုက်မှတစ်ဆင့် ရောက်လာပြန်သည်။ ထိုစက္ကူထရိုလေးနှင့် ကာရာအိုကေတွင် သီချင်းဆိုပြီး ဟီလာတိုက်နေပုံ၊ ဟိုတယ်တည်းခိုခန်းတွင် ထိုကောင်မလေးကို ဗလည့်စ်ပြနေပုံ စသည်ဖြင့် မရိုးအောင် ရောက်နေသည်။

ထိုကဲ့သို့ ကိစ္စမျိုးကို သူလည်းမကျူးလွန်ရ။ ဘယ်တုန်းကမှလည်း မလုပ်ခဲ့ဘူး၊ သို့သော် ဓာတ်ပုံများက အတိအကျပေါ်နေပေပြီ။ မိန်းမကလည်း အခေါ်အပြောမလုပ်တော့၊ သမီးလည်း မျက်ထောင့်နီပြီ။

ဆရာဝန်များဆီ သွားပြကြည့်သည်၊

"ဆရာ. . . ကျွန်တော့်မှာ လူတစ်ကိုယ်၊ စိတ်နှစ်မျိုးများဖြစ် နေသလားဆရာ"

"ဘာဖြစ်လို့လဲဗျ"

"ဟိုလေ. . . ကျွန်တော့်မသိစိတ်က တစ်ခုခုကိုများ လုပ်နေမိသလားလို့"

"ဒါဆိုရင် စိတ်ကျန်းမာရေးဆေးရုံ သွားပြသင့်တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကုမ္ပဏီပိုင်ရှင်တစ်ယောက်က စိတ်ကျန်းမာရေးဆေးရုံ ပြရတယ်ဆိုတာ လူကြားလို့တောင် ကောင်းမည်မဟုတ်။

နောက်ဆုံး အပြစ်မရှိသော စက္ကူထရီကိုသာ စိတ်မကောင်းခြင်းများစွာနှင့် အလုပ်ဖြုတ်လိုက်ရသည်။ ကောင်မလေးက မျက်ရည်လည်ရွဲ၊ မတတ်နိုင်တော့၊ ထိုတော့မှ ထိုစာတ်ပုံများလည်း ဆက်မရောက်လာတော့။

အကျိုးဆက်ကတော့ မိန်းမကလည်း အိမ်ပေါ်ကဆင်းသွားပေပြီ၊ ရုံးလုပ်သားများ၏ ငြိုငြင်ခြင်းကိုလည်း ခံလိုက်ရသည်၊

××××



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှရိုပ်မိပြီး သူ့ကွန်ပျူတာမှာ ရှာကြည့်မှ တွေ့ပါလေရောလား၊ ဦးရဲ့ဓာတ်ပုံတွေကို မျက်နှာတွေဖြုတ်၊ စတ္တထရီရဲ့မျက်နှာတွေကိုလည်း မသိမသာနဲ့ခိုးရိုက်ထားပြီး ကွန်ပျူတာထဲဖြုတ်ကပ်ထားတာ၊ ကောင်မလေးမျက်နှာနဲ့ ဘရစ်တနီစပီးယားကိုယ်လုံး ဖြစ်လိုဖြစ်၊ ဦးပုံနဲ့ ရစ်ချက်ဂီရီကိုယ်လုံးတွေထည့်၊ ပြီးရင် နှစ်ပုံပြန်ကပ်တော့ မဖွယ်မရာတွေဖြစ်နေတာပေါ့"

ရယ်ရမလား၊ ငိုရမလားပင်မသိတော့။

"ကိုယ်ကလည်း ကိုယ့်အလုပ်သာ ကိုယ်ကျွမ်းကျင်တာ၊ ကွန်ပျူတာဖိုတိုရှော့ထဲ အဲလိုလုပ်လို့ရမှန်းကို မသိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တော့ စက္ကူထရီကို မကြိုက်လို့လုပ်တာတဲ့။ ဒါပေမဲ့ ဦးအနေနဲ့ အလုပ်သမားကောင်းတစ်ဦး ဆုံးရှုံးရသလို ရုံးဝန်ထမ်းတွေရဲ့ သံသယကိုလည်း ခံရတယ်လေ။ အဆိုးဆုံးကတော့ သူ့အမေရဲ့ ယုံကြည်မှု ဆုံးရှုံးသွားရတာပေါ့"

ဘယ်သူက အမှန်ပြောနေမှန်းမသိတော့။ ခေါင်းတွေ ရှုပ်ထွေးလာ၏။

"နောက်ဆုံး သူ့ကို စိတ်ပြောင်းသွားလိုပြောင်းငြား တပည့်မောင်တင်ဆွေနဲ့ စေ့စပ်ပေးဖို့လုပ်ခဲ့တယ်၊ အဲဒီနေ့ကပဲ မောင်ကျော်ရဲ့ရဲ့ အကူအညီနဲ့ ထွက်ပြေးသွားတာပါပဲ"

သူတစ်ပါး မင်္ဂလာယူခါနီး ဝင်နှောင့်ယှက်မိသည့်အတွက် စိတ်မကောင်းဖြစ်ရမလား၊ ဝမ်းသာရမလားမသိ။ ရင်တထိတ်ထိတ်ခုန်နေမိသည်။ အရှုပ်ထုပ်ထဲ ကိုယ်တိုင်ပါဝင်သလိုဖြစ်နေ၍ စိတ်မလုံဖြစ်ရသေး၏။

"ဒါနဲ့. . . ဟို လမ်းကြားထဲကအိမ်က သူ့အိမ်ဆို"

ဦးကျော်မင်းဆွေ သက်ပြင်းချသည်။

"မောင်တင်ဆွေအိမ်ပါကွယ်၊ သူမကျေနပ်တိုင်း လမ်းကြုံတိုင်း အဲဒီအိမ်ဝင်ပြီး ခဲနဲ့ဝင်ချနေကြပါပဲ၊ ဟိုကလိုက်ရင် ထွက်ပြေးတယ်၊ မိရင်လည်း ဦးအရှိန်နဲ့မို့ မဖမ်းရဲဘူးလေ၊ ဒါကြောင့် သူလုပ်ချင်တာလုပ်နေတာ၊ အခုတော့ မောင်တင်ဆွေလည်း လုပ်ငန်းခွဲသွားပြီလေ၊ မခံနိုင်တော့လို့ထင်တယ်၊ ဒါပေမဲ့ သမီးကတော့ မပြောင်းလဲဘူး၊ အခွင့်အခါသင့်တိုင်း အဲဒီအိမ်သွားပြီး ခဲနဲ့ချတုန်းပဲ"

အလိုလိုနေရင်း ရေငတ်သလိုဖြစ်လာ၏။ စကားတွေကလည်း ဟိုကပြောတာတစ်မျိုး၊ ဒီကပြောတာတစ်မျိုးမို့ ဘယ်ဟာကိုယုံကြည်ရမှန်းမသိတော့။

"အခုသိရတာက မောင်ကျော်ရဲ့နဲ့ ဦးသမီး မြမျှကို တွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဆိုတာပါပဲ"

"ဟုတ်. . . ဦးလေး၊ မနေ့ကတောင် တွေ့ပါသေးတယ်"

"ဒါဆို ဦးသမီးလေး ဘယ်မှာနေတယ်ဆိုတာ မောင်ကျော်ရဲ သိမှာပေါ့"

ကျော်ရဲ ဇဝေဇဝါဖြစ်သွားသည်။ ဒါကိုရိပ်မိသော ဦးကျော်မင်းဆွေက ရယ်လိုက်ပြီး. . .

"ဦးက အဖေအရင်းပါကွယ်၊ ပထွေးလည်းမဟုတ်ပါဘူး၊ နောက်ပြီး ညာလည်းမပြောတတ်ပါဘူး"

သူ့အရိပ်အခြေသိနေ၍ ကျော်ရဲ အားတုံ့အားနာဖြစ်သွားသည်။

"မဟုတ်ပါဘူး ဦးလေး၊ ကျွန်တော့်ကားနဲ့သွားရင် ကောင်းမလား၊ ဦးလေးကားနဲ့ပဲလိုက်ရမလား စဉ်းစားနေတာပါ"

ဦးကျော်မင်းဆွေက ပြုံးရင်း. . .

"ဦးကားနဲ့ပဲ လိုက်ခဲ့ပါကွယ်"

ဤသို့ဖြင့်. . .


xxxxx



www.burmeseclassic.com

www.burmeseclassic.com





"မနေ့တုန်းက ကျွန်တော်လိုက်ပို့ခဲ့တာ ဒီအဆောင်ပဲ ဦးလေး"

ဦးကျော်မင်းဆွေ အဆောင်ကိုငေးကြည့်ပြီး. . .

"သေချာရဲ့လား မောင်ကျော်ရဲ"

"သေချာပါတယ် ဦးလေး၊ သူအဆောင်ထဲဝင်သွားတဲ့အထိ ကျွန်တော် စောင့်ကြည့်နေခဲ့တာပါ"

"ကဲ. . . ဒါဆိုလည်း အဆောင်ထဲဝင်မေးကြည့်ကြတာပေါ့"

နှစ်ယောက်လုံး ကားပေါ်မှဆင်း၍ အဆောင်ထဲဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်သူနဲ့တွေ့ချင်ပါသလဲရှင်၊ ကျွန်မကိုပြောပါ"

ညည့်ခန်းမှာပင် မိန်းမကြီးတစ်ဦးနှင့် ဆုံသည်။ နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်မိကြသည်။ နောက်လူငယ်ဖြစ်သော ကျော်ရဲမှပင်. . .

"ဟိုလေ. . . ဒီလိုပါ၊ ဒီအဆောင်မှာနေတဲ့ မမြမဥ္စူနဲ့ တွေ့ချင်လို့ပါ"

မိန်းမကြီးမျက်မှောင်ကျုံ့သွား၏။

"မြမဥ္စူ. . . ဒီနာမည်နဲ့တော့ ဒီမှာတစ်ယောက်မှမရှိဘူး"

"ဗျာ"

"ဟင်"

တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်မိသည်။ ကျော်ရဲက ခေါင်းကုတ်ပြီး. . .

"ဩော်. . . သိပြီ သိပြီ၊ စိန်ပု. . . စိန်ပုရောရှိလား"

"စိန်ပု အဝတ်လျှော်တဲ့ ဒေါ်စိန်ပုလား၊ သူက ဟိုးဖက်လမ်းမှာ၊ တလောက လေထိသွားလို့တဲ့ ထတောင်မနိုင်ဘူး၊ ဘာလဲ ဒေါ်စိန်ပုအမျိုးတွေလား"

"ဟုတ်. . . အဲ ဟုတ်ပါဘူး၊ ဟိုလေ"

ဘယ်လိုဆက်မေးရမှန်းမသိ။ သူမ၏နာမည်တွေက အများကြီးကိုး။ ဦးကျော်မင်းဆွေက လက်ကုတ်သည်။ ကျော်ရဲကသာ. . .

"ဩော်. . . မှတ်မိပြီ၊ မနေ့ညနေကပဲ ကျွန်တော်ဒီအဆောင်ကိုလာပြန်ပို့လိုက်တယ်လေ"

"ဒီအဆောင်ကို၊ ဒီမှာက မိန်းကလေးတွေချည်းဆိုတော့ ဘယ်သူ့ကိုပြောမှန်းမသိဘူး၊ ဘယ်အချိန်လောက်ကလဲ"

"ငါးနာရီ၊ အင်း. . . ငါးနာရီကျော်ကျော်လောက်ပေါ့"

"ငါးနာရီကျော်ကျော်က၊ ဩော် သိပြီ၊ ဖက်ဖူးမ်းရောင်နဲ့


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးလား"

ဟိုကမှတ်မိ၍ ကျော်ရဲတို့လည်း ဝမ်းသာသွားသည်။

"အား. . . ဟုတ်တယ်၊ ဟုတ်တယ်၊ ဖက်ဖူးစိမ်းရောင်နဲ့ ကောင်မလေး"

ကျော်ရဲအဖြေကြားသည်နှင့် အဆောင်ပိုင်ရှင် အဒေါ်ကြီး မျက်နှာ ရဲတက်သွားသည်။ နောက် အမူအရာချက်ချင်းပြောင်းသွားပြီး. . .

"အောင်မလေး. . . အဲဒီကောင်မလေးအကြောင်းတော့ မပြောချင်ပါဘူး"

"ဘာဖြစ်လို့လဲဟင်"

နှစ်ယောက်သား မျက်လုံးအပြူးသား ဖြစ်နေ၏။

"ဘာဖြစ်ရမှာလဲ၊ အဲဒီကောင်မလေးက ဒီအဆောင်က လည်းမဟုတ်ဘူးလေ၊ ပြောရရင်မကောင်းပါဘူး၊ ကိုယ်ကပဲတုံးလား၊ သူကပဲ လည်လားမသိပါဘူး၊ ဖြစ်ပုံက. . ."

xxxxx



www.burmeseclassic.com

www.burmeseclassic.com



မသင်းမာအပျိုကြီး၊ မြင်းထီးဝယ်လို့စီးရန် စိတ်ကူးယဉ်နေသည်။ အကြောင်းကား တစ်နေ့က သူတို့အိမ်ရှေ့ဖြတ်လာသော မြင်းသမားကို ပိုက်ဆံပေး၍ မြင်းတစ်ပတ်စီးရန် စည်းရုံးသေး၏၊

"မရဘူး အဒေါ်ကြီး၊ ကျွန်တော့်မြင်းက ကလေးတွေကိုပဲ တင်တာ၊ ဒေါ်ကြီးတို့လို ကိုယ်လုံးမျိုးဆို မြင်းလေး ခါးကျိုးရချည်ရဲ့"

အဲသည်ထဲက မသင်းမာအပျိုကြီး မြင်းထီးဝယ်၍စီးရန် စိတ်ကူးပေါက်သွား၏။ မြင်းသမားကို စိတ်နာသွားသည်။

"တောက် . . . ငါ့ကိုများ အဒေါ်ကြီးတဲ့၊ ပြီးတော့ သူ့မြင်းစီးရင်ပဲ ခါးကျိုးဦးမတဲ့၊ ဟင်း ကိုယ်ပိုင်မြင်းဝယ်ပြီး မြို့ပတ်ပြီးစီးပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်သေး"

သူကိုယ်သူလည်း စိတ်ကူးယဉ်၏။

"အင်း. . . ငါသာ မြင်းထီးကြီးဝယ်စီးသွားလို့ကတော့ ကာလသားတွေ ဝိုင်းကြည့်ပြီး ဟယ်. . . ကျား. . ကျား. . ကျား ခင်စိန် ဆိုပြီးခေါ်ကြမှာ၊ ဟီဟိ ငါက ကိုယ်လုံးကတောင့်တော့"

အမှန်တော့ မြို့ထဲမြင်းစီးသွားလျှင်တောင် ကျားခင်စိန်မ ခေါ် ဖားဖင်ပိန်ဟုသာ ခေါ်ကြပေမည်။ ရှပ်က နှစ်ချို့ဖားဂုံညင်းနှင့် နင်လားငါလား။ ဗိုက်ကြီးအယ်ထွက်ပြီး တင်ကရှုံ့ဝင်နေသည်။ သည်ကြားထဲ ပါးစပ်နှစ်ခုက ထိလို့ရတယ်မရှိ၊ အမြဲဖားရေငတ်သလို ဟစိဟစိဖြစ်နေ၏။ ဒါကိုပင် သူကိုယ်သူ ဆွဲဆောင်မှုရှိလှပြီထင်သည်။

သူကိုယ်သူလည်းသိသည်။ ဒါပေမဲ့ ဘာဖြစ်ဖြစ် ကျားခင်စိန်ထက်တော့ မလျှော့။

"အန်တီ"

"ဟဲ့. . . ကျားခင်စိန်"

အတွေးကောင်းနေဆဲ အနီးကပ်ခေါ်လိုက်သော အသံကြောင့် မျက်လုံးထဲပေါ်နေသော မြင်းထီးကြီး ခုန်ပျံပျောက်ကုန်၏။

ကြည့်လိုက်တော့ ကောင်မလေးချောချောလေး တစ်ယောက်။

"ဘာကိစ္စရှိလို့လဲကွယ်၊ အဆောင်ငှားနေဖို့လားသမီး"

အဆောင်မှူးတို့ရဲ့ ထုံးစံအတိုင်း နောက်မှဘာဖြစ်ဖြစ် ရောက်လာစလူကို ပျူငှာစွာဆက်ဆံ၏။

ကောင်မလေးက ရှိုးသားစွာခေါင်းခါပြီး. . .

"အဆောင်ငှားဖို့မဟုတ်ပါဘူး အန်တီ၊ ဟိုလေ သိချင်တာလေး"

www.burmeseclassic.com



"ဩော်. . . မေးလေ အန်တီသိရင်ဖြေပေးမှာပေါ့၊ ဟင်း ဟင်း"

ကောင်မလေးက အဆောင်ကိုဝေ့ကြည့်ပြီး. . .

"ဟိုလေ. . . ဒီအဆောင်မှာ သီတာကြာမြင့်ဆိုတာ ရှိလား ဟင်"

ဒေါ်သင်းမာ မျက်မှောင်ကျုံ့သွား၏။

"သီတာကြာမြင့် အဲဒါဘာလဲဟင်"

"ကောင်မလေးလေ အန်တီ၊ သမီးတို့အရွယ်ပါပဲ၊ ပုပုမြင့်မြင့်လေး၊ ဟိုလေ ပိန်ပိန်ဝဝနဲ့ပါ"

"ပုပုမြင့်မြင့်၊ ပိန်ပိန်ဝဝနဲ့ သီတာကြာမြင့်၊ အင်း ဒီအဆောင်မှာတော့ ဒီနာမည်မျိုး မရှိပါဘူးကွယ်"

"ဒုက္ခပါပဲ"

ကောင်မလေးက စိတ်ညစ်ဟန်နှင့် ညည်းညူသည်။ ပြီးနောက်

"သီတာကြာမြင့်လေ အန်တီ၊ သူ့ပုံစံက ပုပုဝဝ၊ ပိန်ပိန်မြင့်မြင့်လေး"

"အင်း. . . ပုပုဝဝ ပိန်ပိန်မြင့်မြင့်တွေကတော့ ဒီအဆောင်မှာ အများကြီးပါပဲ၊ ဒါပေမယ့် သီတာကြာမြင့်ဆိုတဲ့ နာမည်ကတော့ ဒီအဆောင်မှာမရှိပါဘူး"

"ဒုက္ခပါပဲ၊ သေသာသေလိုက်ချင်တယ်"

ကောင်မလေးက ငိုမဲ့မဲ့ပြောသည်။ ဒေါ်သင်းမာပင် သူမကို ကြည့်ပြီး သနားနေမိသည်။

"သီတာကြာမြင့်နဲ့ ဘာကိစ္စရှိလို့လဲသမီးရဲ့"

"သူကသမီးကို ဒီအဆောင်မှာချိန်းထားတာ၊ အဆင့်"

"အေးကွယ်. . . သူမှမရှိတာပဲ ဘယ်တတ်နိုင်မှာလဲ၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ သူနဲ့က ဘာလုပ်ဖို့ချိန်းထားတာလဲဟင်"

"ရေခဲထုပ်သွားဝယ်စားဖို့လေ၊ အရေးကြီးပါတယ်ဆိုမှ"

"ဟင် ရေခဲထုပ်ကို ကိုယ်ဘာကိုယ်"

ဒေါ်သင်းမာ ဇဝေဇဝါဖြစ်သွားသည်။

"သမီးက သူငယ်ချင်းနဲ့မှ အတူစားချင်တာ"

"ဩော်"

သူငယ်ချင်းကို ခင်လွန်းသော သူငယ်မကိုမြင်တော့ ပို၍ ကရုဏာသက်သွားသည်။ ထို့ကြောင့် သက်ပြင်းကိုချရင်း. . .

"အေးကွယ်. . . သူမှမရှိတာကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ"

"ဟုတ်. . . ဟုတ် အန်တီ၊ သူရောက်လာရင် သမီးလာရှာသွားတယ်လို့ ပြောပေးပါ"

ကောင်မလေး ပြန်ထွက်သွားသည်။ ဒေါ်သင်းမာက ဖားပါး စပ်နှင့် ငေးလျက်။

×××××

www.burmeseclassic.com

www.burmeseclassic.com



မသင်းမာအပျိုကြီး ဂျစ်ကားဝယ်လို့စီးရန် စိတ်ကူးယဉ်နေသည်။ အကြောင်းကား မနက်ဈေးကအပြန် လေးဘီးကားငှားစီးရာ သူ့ကို ခေါင်းခန်းကပေးမထိုင်၍ ဖြစ်သည်။

"ဖြစ်မလား အဒေါ်ကြီးရာ အဒေါ့်ကိုယ်လုံးကြီးနဲ့ ခေါင်းခန်းကစီးလိုက်ရင် ကားလေးတွေကျိုးကုန်မှာပေါ့၊ အနောက်မှာပဲထိုင်၊ အဲ အနောက်မှာတောင် အလယ်မှာပဲထိုင်၊ အနံ့တစ်ဖက်ကပ်ထိုင်လိုက်ရင် ကားမှောက်သွားမှာစိုးလို့"

အဲဒီထဲက မသင်းမာအပျိုကြီး ဂျစ်ကားဝယ်သို့စီးရန် စိတ်ကူးပေါက်သွား၏။ လေးဘီးသမားကိုလည်း စိတ်နာသွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . . ငါ့ကိုများ အဒေါ်ကြီးတဲ့၊ သူလေးဘီးခေါင်း ခန်းကထိုင်စီးရင်ပဲ လေးကျိုးမတဲ့၊ ဟင်း. . . ကိုယ်ပိုင်ဂျစ်ကားဝယ် ပြီး မြို့တစ်ပတ်စီးပြလိုက်ချင်သေး"

သူကိုယ်သူလည်း စိတ်ကူးယဉ်၏။

"အင်း. . . ငါသာ ဂျစ်ကားဝယ်စီးသွားလို့ကတော့ ကာလ သားတွေဝိုင်းကြည့်ပြီး ဟယ်. . . မြန်မာဂျက်မ၊ မြန်မာဂျက်မဆိုပြီး ခေါ်ကြမှာ၊ ငါက မျက်နှာကခန့်တော့"

အမှန်တော့ သူ့ပုံက ဝက်နှင့်ဖားစပ်ကျထားသည့်ပုံမျိုး။ သည်ကြားထဲ ရေချိုးရပျင်းသေးဆိုတော့ အဲသည်လိုသွားရင်တောင်

"ဟယ်. . . ဂွတ်မ. . . ဂွတ်မ"

ဟုသာ ဝိုင်းခေါ်ခံရဖွယ်ရှိ၏။ အသက်အရွယ်က အိုမင်း ခင်ခွေနေပြီမို့ မျက်နှာက အရေးအကြောင်းများက ဂွတ်သဖွယ်ထူ ထပ်နေပြီ။ (ဒါတောင် အိမ်နေရင်း နေကာမျက်မှန်တပ်လိုတပ်သေး) ဒါပေမဲ့ သူကိုယ်သူတော့

"လူတွေအသေအချာမကြည့်တတ်လို့၊ ကြည့်တတ်ရင် ဝက် သားဘယ်ဝယ်စားတော့မလဲ"

ဟု ဘဝင်ဟပ်ချင်၏။

သူကိုယ်သူလည်းသိသည်။ ဒီရုပ်ဒီရည်နှင့် မီရာလှမ်းဟပ် ဘာတောင် တစ်ကောင်မှမမိသေးဘဲကို။

"အန်တီ"

"ဟဲ့. . . ဂျက်မကွ၊ အဲ"

အနီးကပ်ခေါ်သံကြောင့် လန့်ပြီးထအော်မိသည်၊ ကြည့် လိုက်တော့ မနေ့ကကောင်မလေးပင်။ မျက်နှာငယ်ကလေးနှင့်. . .

"သီတာကြာမြင့်၊ ရောက်ပြီလားဟင်"

"သီတာကြာမြင့်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သင်းမာ မျက်မှောင်ကျုံ့သွား၏။ နောက်မှသတိရပြီး

"ဪ. . . သီတာကြာမြင့်က မရှိဘူးလေ သမီးရဲ့၊ မင့်ကတည်းက ပြောထားသားပဲ"

"ဒုက္ခပါပဲ"

ကောင်မလေးက ခေါင်းကုတ်သည်။

"ဒါဆို သီတာကြာမြင့်ရှိရင်ပြောနော် အန်တီ"

"ဪ. . . အေး အေး ပြောပါ့မယ်၊ ဟဲ့ ရှိမှမရှိဘဲ"

"ကျေးဇူးပဲနော် အန်တီ၊ သူရှိတဲ့အချိန်ကျရင် သမီးလာသွားတယ်ပြောပေးပါ"

ဒေါ်သင်းမာ သက်ပြင်းချမိသည်။

"မရှိပါဘူးဆိုနေမှ"


xxxxx



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်သင်းမာအမျိုကြီး လှည်းလုပ်လို့စီးချင်နေသည်။

"အင်း. . . ငါသာလှည်းစီးသွားရင်"

"ငါ့ခန္ဓာကိုယ်က တောင့်တာကိုး"

မုန့်ကျွဲသဲအိုးပျက်ကြီးသဖွယ် ပျော့တွဲနေသော သူ့ခန္ဓာ။

"အန်တီ"

"ဟဲ့. . . တန်းစီးခင်စိန်၊ အဲလေ"

မနေ့ကကောင်မလေးပင်။

"ရှိပြီလားဟင်"

"ဘာ. . . ဘာရှိရမှာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သီတာကြာမြင့်လေ"

"ဟဲ့. . . မရှိဘူးလို့ ဘယ်နှခါပြောရမှာလဲ၊ အခုလည်း မရှိဘူး၊ နောင်လည်းမရှိဘူး လာမမေးနဲ့တော့"

"ဟုတ်. . . ဟုတ်. . . ရှိရင်ပြောနော်"

"ပြောဘူး"

စိတ်တိုနေပြီမို့ ဒေါ်သင်းမာ ဘုတောလိုက်သည်။


×××××



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်သင်းမာအပျိုကြီး ရထားလုပ်လို့ စီးချင်နေသည်၊

အကြောင်းမှာ. . .

"အန်တီ"

"ဟဲ့. . . ဂါတ်ဘိုမကြီး၊ အဲ. . . အဲလေ ဘာ ဘာလဲဟင်"

"သီတာကြာမြင့်ရှိပြီလားလို့"

ဒေါ်သင်းမာ စိတ်ဆိုးသွားသည်၊

"ဟဲ့. . . နင့်ကိုမရှိဘူးလို့ ဘယ်နှခါပြောရမှာလဲ၊ ဒီမှာ သီတာကြာမြင့်လည်းမရှိဘူး၊ နီလာဝါရင့်လည်းမရှိဘူး၊ ကြည်ပြာစွာ ဝင့်လည်းမရှိဘူး၊ နင့်ကိုမရှိဘူးလို့ ဘယ်နှခါပြောရမှာလဲ၊ နင်လာ

www.burmeseclassic.com

www.burmeseclassic.com


နောင့်ယှက်ပေါင်းများပြီ၊ နောက်တစ်ခါလာရင် ငါရဲခေါ်ထားမယ်၊ ရဲနဲ့ဖမ်းခိုင်းမယ်၊ ဒါပဲ သွားတော့"

"ဟုတ် . . . ဟုတ်ကဲ့ ခွင့်ပြုပါဦးအန်တီ၊ သီတာကြာမြင့်ရှိရင်သာ"

"ဟဲ့ . . . မရှိဘူးလို့ ငါဘယ်နှခါပြောရမလဲ၊ ဘယ်နှခါပြောရမလဲ၊ . . . . . . . . . . . . . . . . . . . . . . . . ၊ အဟွတ် အဟွတ်"

ကောင်မလေး ထွက်သွားသည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့ အပျိုကြီးမသင်းမာ ဘာလုပ်စီးရမှန်းမသိ ဖြစ်နေသည်။ တစ်နေကုန် အဆင်ပြေနေသည်ကို။ ထို့ကြောင့် ဘာလုပ်စီးရမှန်းမသိနှင့် ယောင်လည်လည်ဖြစ်နေသည်။ ထိုအချိန်မှာပင်

"အန်တီ"

လာနေကျကောင်မလေးပင်။ ဘာမှအဖြေမပေးဘဲ ဘုကြည့်ကြည့်နေလိုက်သည်။ ကောင်မလေးက ဘေးဘီဝေ့ကြည့်ရင်း

"ရဲခေါ်ထားပြီးပြီလားဟင်"

"မခေါ်ရသေးဘူး၊ ဘာလုပ်ဖို့လဲ"

"သေချာလား"

"သေချာတယ်"

"ဒါဆို သီတာကြာမြင့်ရှိလားဟင်"

"ဟဲ့.......................... ရှော်တ်ဘစ်ခါလာရင် နင့်ကို ကြိုးတုပ်ပြီး"

×××××

www.burmeseclassic.com



ကောင်းပါပြီ၊ ကောင်းပါပြီ တော်၊ အဲဒီ ကောင်မလေး တွေ့ရင်သာ ဒီကိုထပ် မလာနဲ့လို့၊ လာရင် ကံဆိုးပြီ မှတ်လို့ ပြောပေးပါ

"အဲဒါပါပဲတော်. . . နေ့တိုင်း နေ့တိုင်း လာပြီး လာကြပ်နေတာ၊ ကျွန်မလည်းရှူးချင် နေပြီ"

စိတ်ပျက်လက်ပျက် ပြောနေသော ဒေါ်သင်းမာကိုကြည့်ပြီး ရယ်ရမလို ငိုရမလိုပင် ဖြစ်နေမိ၏။

ဦးကျော်မင်းဆွေကသာသက်ပြင်းချ၍

"တဲ. . . သူဒီမှာမရှိဘူးဆိုရင်လည်း ပြန်ကြတာပေါ့၊ အ နောင့်အယှက်ပေးမိတဲ့ အတွက်တောင်းပန်ပါတယ်၊ ကဲ သွားရအောင်"

"ကောင်းပါပြီ၊ ကောင်းပါပြီတော်၊ အဲဒီကောင်မလေးတွေ့ရင်သာ ဒီကိုထပ် မလာနဲ့လို့၊ လာရင်ကံဆိုးပြီမှတ်လို့ပြောပေးပါ၊ တကတည်းတော်"

ဒေါ်သင်းမာရဲ့စကားသံများ။ ကျော်ရဲ ကခေါင်းညိတ် ပြီး. . .

"ဟုတ်ကဲ့. . . ပြောလိုက်ပါ့မယ် အန် တီ၊ ဒါနဲ့ တစ်ခုမေးလို့ ရမလားဟင်"

အပျိုကြီး လူပျိုလေးရှေ့မို့ ခါးကို နံကြားမှာထောက်လိုက်သည်။

"ဘာမေးမလို့လဲ မေး"

"သီတာကြာမြင့်ရှိလားဟင်"

"ဟဲ့ . . . . . . . . . . . . . . . . . . . . . . . . . . . ."


×××××



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်သင်းမာအပျိုကြီး ကျိန်လို့မှမပြီးနိုင်။

"အန်တီ"

"ဟင်. . . ဟိုကောင်မလေး နင်လာပြန်ပြီ၊ ဟောဒီမှာကြိုးတွေလား၊ သီတာကြာမြင့်ရှိလားလို့ နင်တစ်ခွန်းမေးတာနဲ့ နင့်ကိုကြိုးတုပ်ပြီး ရဲလက်အပ်မယ်"

"အန်တီကလည်း သမီးမမေးတော့ပါဘူး၊ အခုလာတာကအခြားကိစ္စပါ"

ဒေါ်သင်းမာ အနည်းငယ် စိတ်ပျော့သွား၏။ ကြိုးတော့ ဆွဲတွတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဒါဆိုလည်း ဘာကိစ္စဆိုတာပြော"

"ဟုတ်ကဲ့၊ ဩဪ ခုနကလေ ယောကျ်ားနှစ်ယောက် လာသွားတယ်ဟုတ်လား၊ ဘာလာလုပ်တာလဲဟင်"

"ဘာလာလုပ်ရမှာလဲ၊ နင့်အကြောင်းတွေ လာမေးသွားတာ ပေါ့ဟဲ့"

ကောင်မလေးက စိတ်အေးသွားဟန်နှင့်. . .

"ဩော်. . . တော်သေးတာပေါ့၊ သိပါဘူး သီတာကြာမြင့် အကြောင်းများ လာမေးလားလို့"

"ဟဲ့. . . သီတာကြာမြင့်ဆိုတာ . . . . . . . . . . . . . . . . အဟွတ်. . . အဟွတ်"


×××××



www.burmeseclassic.com

www.burmeseclassic.com





မဖိတ်ခေါ်ဘဲ ရောက်လာတတ်သည်က အချစ်စိတ်ပင် မဟုတ်လား။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း သူ့အလိုလိုဝင်လာပြီး ငြင်းဆန်ရခက်ခဲလှသည်ကလည်း ထိုအချစ်စိတ်ပင်ဖြစ်သည်။

မလိုအပ်ဘူးလို့ ရာသက်ပန် ထင်မြင်ခဲ့သော်လည်း မရွေးချယ်ဘဲ ရရှိခဲ့သောခံစားမှုကို ဘယ်သူကမှ ပြန်မောင်းမထုတ်ချင်။ စိတ်ကူးထဲထည့်သိမ်းထားသော ရုပ်ပုံလွှာကို ခဏခဏ ထုတ်ကြည့်နေသော်လည်း ဟောင်းနွမ်းရိုးအီသွားခြင်းမရှိ။ ထာဝရ ရင်ခုန်မှုသာ ပေးစွမ်းနေ၏။

အရာရာကို လိမ်လည်ခဲ့သော်လည်း အချစ်စိတ်ကိုတော့ ဘယ်လိုမှ လှည့်ဖြား၍မရ။ နှုတ်မှလည်း. . .

"ဘယ်တော့မှ မညာတော့ပါဘူးကွယ်"

ဆိုသောစကား ဘယ်နှကြိမ်ပြောမိနေမှန်း မသိတော့။

××××××



www.burmeseclassic.com

www.burmeseclassic.com


မိန်းမမှာ အရွယ်သုံးပါးသာရှိသည်။

၁။ ပထမအရွယ်က မိဘကို ဒုက္ခပေးသည့်အရွယ်။

၂။ ဒုတိယအရွယ်က လင်ယောကျ်ားကို ဒုက္ခပေးသည့် အရွယ်။

၃။ တတိယအရွယ်က သမက်နဲ့ ချွေးမများကို ဒုက္ခပေးသည့် အရွယ်။

ခြွင်းချက်။ ။ အပျိုကြီးဖြစ်ပါက မိဘဆွေမျိုးနှင့် ပတ်ဝန်းကျင်ကို ဒုက္ခပေးသည့်အရွယ်သာ။

×××××

"ဖုန်းလာနေတယ်၊ ကိုင်လိုက်ပါနော်၊ မကိုင်ဘူးလား၊ စိတ်ဆိုးပစ်လိုက်မှာ၊ ဟီးဟီး. . . ငိုလိုက်မှာနော်၊ ဟီးဟီး"

လက်ကိုင်ဖုန်းမြည်သံ။ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့လည်း တစ်ခါမှ မမြင်ဘူးသောဖုန်းနံပါတ်။

"ဖုန်းများမှားဝင်တာလား"

ထင်ပြီး ဖုန်းကို အတန်ကြာမကိုင်မိ။ အဆက်မပြတ်မြည်နေဆဲမို့သာ. . .

"ဟဲလို"

တုံ့ပြန်သံမကြားရ။

"ဟဲလို"

အသံတိတ်နေသေး၏။ အတန်ကြာမှ. . .

"ကျော်ရဲလား"

"ဟင်"

ကြားချင်နေသောအသံမို့ ရင်တဒိတ်ဒိတ်ခုန်သွား၏။

"စိန်ပု. . . အဲ. . . ရွှေစင်. . . အဲ. . . မဥ"

"ခစ်. . . ခစ်. . . ခစ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ တိုးတိုးဖွဖွရယ်သံ ကြားရ၏။

"အခု. . . အခုဘယ်မှာလဲဟင်"

"အဆောင်မှာ"

"အဆောင်. . . ဟာ ကိုယ်လိုက်ပို့တဲ့အဆောင်မှာ မရှိပါဘူး"

"ခစ် ခစ် ခစ်"

ရယ်နေသေး၏။

"ဘာဖြစ်လို့ညာရတာလဲ"

"ခစ် ခစ် ခစ်"

ရယ်၍သာနေ၏။

"အရမ်းသတိရနေတယ်"

ရင်ထဲကစကား။

"တကယ်လား"

သူမ၏တုံ့ပြန်သံက တိုးတိုးတိုတိုလေး။

"တကယ်ပြောတာပါ၊ ဘာကြောင့်ရယ်မသိဘူး၊ အရမ်းအရမ်းကို သတိရနေတယ်"

"ယုံလိုက်မယ်နော်"

"တကယ်ပြောတာပါ၊ မဥ္ဓုရော"

မခေါ်ဘူးသောနာမည်မို့ လျှာယားနေသည်။

"အင်း"

သက်ပြင်းချတာလား ပြန်ဖြေတာလားတောင်မသိ။

"တစ်နေရာရာမှာ ဆုံကြရအောင်လေ"

"ခစ် ခစ် ခစ်"

"ဘာရယ်တာလဲ"

"အခုပဲပြောမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဝမ်းသာစရာကြီး ဟီးဟီး၊ ဘယ်မှာဆုံမလဲ"

"အင်း. . . အင်းလျားကန်ကိုလာခဲ့ပါလား"

"အခုလား"

". . . . ."

ထိုင်ရာမှ ထပြေးသွားချင်စိတ်ပင် ပေါက်နေ၏၊ နောက်မှ သတိရပြီး. . .

"မညာရဘူးနော်"

"ခစ် ခစ် ခစ်"

ရယ်နေသေး၏၊ နောက်မှ. . .

"မညာပါဘူး၊ စောင့်နေမယ်နော်"

". . . . . . ."

ဖုန်းချသွားသည်၊ ကျော်ရဲထိုင်နေရာမှ ချက်ချင်းထလိုက်သည်၊ နောက် ဘာကြောင့်မှ အချိန်မကြာစေဘဲ ကားပေါ်ရောက်လာ၏၊


×××××



www.burmeseclassic.com

www.burmeseclassic.com





သူမဘာဝတွင် သည်တစ်ကြိမ် ကတိအတည်ဆုံးလားဟုပင် ဇဝေဇဝါ စဉ်းစားမိသည်။ သို့သော် လိမ်ညာမိသည်။ ဖုန်းဆက်က တည်းက သူမ အင်းလျားကန်ကို ရောက်နေခြင်းပင်။

ရာသီဥတုက သာသာယာယာ။ ရေကိုဖြတ်သန်းပြီး တိုက်ခတ်လာသော ဆောင်းလေမို့ အေးနေသည်။

ကန်ရေပြင်ကို ငေးကြည့်မိသည်။

သူမဘာဝတွင် ဤကဲ့သို့ သဘာဝကို အရသာခံ၍ မကြည့်ခဲ့ဘူး။ အမြဲတစေ ပြေးရင်းလွှားရင်း ညက်နီညက်နက်ထုံးရင်းသာ အချိန်ကုန်ခဲ့မိသည်ထင်၏။ ယခုကဲ့သို့ ကြည့်နှူးမှုများ တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မခံစားခဲ့ဖူးဘူးတောင် ထင်ရသည်။ 'ဘာကြောင့်ပြောင်းလဲသွားပါလိမ့်' သူမကိုယ်ပင် သူမမယုံချင်။ ရုတ်တရက်ကြီး မျက်လုံးကိုမှိတ် လက်နှစ်ဖက်ကို ဆန့်တန်းပြီး အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်သည်။

ရင်ထဲ လန်းဆန်းသွားသည်ဟု ထင်မိသည်။ အကြာကြီး ထိုအတိုင်းရပ်နေမိသည်။ ပြေးလာသောခြေလှမ်းသံများ

"မဋ္ဌ"

အလိုလိုနေရင်း ပြုံးမိသွားသည်။ ဘာကြောင့်ရယ်မသိ ရင်တထိတ်ထိတ် ခုန်နေမိသည်။ အမှန်အတိုင်းဝန်ခံရလျှင် မည်မျှကြီးမားသည့် လှည့်စားမှုကိုမဆို သူမရင်မခုန်ခဲ့ဘူးပါ။ ယခုမှ "ဘာလို့ ရုတ်တရက်ကြီး ပြောင်းလဲသွားပါလိမ့်"။ သူမ နားမလည်ပြီ။

"ရောက်နေတာကြာပြီလား"

"အခုလေးတင်ပါ"

အကျင့်ပါ၍ လွှတ်ခနဲထွက်သွားသော လိမ်လည်ခြင်း၊ ကိုယ့်ကိုယ်ကို မနှစ်မြို့ ဖြစ်သွားမိသည်။

သူ့မျက်နှာလည်း ရဲရဲမကြည့်ရဲ။ ဘာကြောင့် ရယ်ချင်နေမှန်းမသိ။ အလိုလိုနေရင်း အူရွှင်နေ၏။

"ခစ် ခစ် ခစ်"

သူ မျက်မှောင်ကျုံ့သွားသည်။

"ဘာလို့ရယ်တာလဲဟင်"

"ဘာမှမဟုတ်ပါဘူး၊ ခစ် ခစ်"

ဘာရယ်မဟုတ်ဘဲ ရင်ထဲကကို လှိုက်လှိုက်ပြီး ပျော်နေမိ၏။ အမှန်အတိုင်းဆိုရလျှင် ဒါမျိုးလည်း တစ်ခါမှမဖြစ်ဘူး။

"လာလေ. . . ခုံတန်းမှာထိုင်ရအောင်"

လူရှင်းသော ခုံတန်းတစ်ခုကို ရွေးပြီး ကန့်မရပြင်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှူလိုက်သည်။ အေးမြသောလေက ပူနွေးသောပါးပြင်ကို ဖြတ်တိုက်နေသည်။ ရင်ခုန်သံက နံဘေးနားကလူ ကြားသွားမှာစိုး၍ အသက်အောင့်နေမိ၏။ ဤသို့နေရတာကို ဒုက္ခကြီးတာလား၊ အပျော်လွန်နေတာလားမသိ။ အထူးခြားဆုံး ခံစားမှုပင်။ သူ့မျက်နှာကို ဘာလို့ မကြည့်ရဲလဲမသိ။ ကြည့်မိလျှင်လည်း ရယ်မိမှာသေချာသည်။

"ကိုယ်တို့လက်ထပ်ကြရအောင်"

"ဟင်"

ထင်မှတ်မထားသော စကားလုံးမို့ ရယ်ချင်စိတ်ပါ တိတ်သွား၏။ သူ၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်မိသည်။ ယခုတော့လည်း ရယ်ချင်စိတ်မရှိ။ ပြေပြစ်သော နေရောင်အောက်တွင် သူ့ပုံရိပ်မှာ နတ်သားတစ်ပါးလို လင်းလက်နေတာသေချာ၏။

"သဘောပဲလေ"

နှုတ်ဖျားမှ အလိုလိုခုန်ထွက်သွားသောစကား။ သူ၏လက်တစ်ဖက်က ပခုံးပေါ်ကျလာ၏။ စိတ်ထဲ နေရထိုင်ရ ပိုလုံခြုံသွားသယောင်ထင်ရ၏။

"ဘာပဲဖြစ်ဖြစ် ကိုယ်ရင်ဆိုင်ချင်တယ်၊ ပြီးခဲ့တဲ့အမှားတွေကိုလည်း ပြင်ဆင်ချင်တယ်၊ ကိုယ်နဲ့မတွေ့ခင် ဘာပဲလုပ်ခဲ့လုပ်ခဲ့ ကိုယ်မသိချင်တော့ပါဘူး၊ ဒါပေမဲ့"

သူစကားဖြတ်လိုက်သည်။ သူ့မမော့ကြည့်မိသည်။

"ကတိတစ်ခုတော့လိုချင်တယ်"

"ဘာလဲဟင်"

"ဘယ်တော့မှ မလိမ်တော့ဘူးဆိုတာ"

သူမပြုံးမိသွားသည်။ နောက်မှ သူ့မျက်နှာကိုကြည့်ရင်း. .

"စိတ်ချပါ"

ထိုစကားလုံးက ကမ္ဘာကြီးကို ပြည့်စုံစေပါသည်။

xxxx



www.burmeseclassic.com

www.burmeseclassic.com



"စွမ်းလှချည်လား ကျော်ရဲရာ"

မင်းမခတ ကျော်ရဲ၏အကျီလည်စေ့ ကြယ်သီးများကို တပ်ပေးရင်း အားရစွာပြောသည်။

"အေးလေကွာ. . . အဖြစ်အပျက်က သိပ်တောင်မကြာ သေးဘဲ စေ့စပ်ဆွေးနွေးပွဲတောင် ဖြစ်နေပြီ"

ရဲနောင်က ဝင်ထောက်သည်။

"ခေတ်လေကွာ. . . ခေတ်ကိုက မြန်ဆန်လွန်းနေတာ တစ်သက်လုံး ရည်းစားမရတဲ့ကောင်၊ ရတာနဲ့ အိမ်ထောင်ကျတော့ မယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်သူရက ဖိနပ်များကို ပြောင်စင်အောင်တိုက်ပေးရင်း သုံးသပ်သည်။

"ဒီကောင့်ဇာတာကလည်း ထူးပါ့ကွာ"

"ဘာလို့လဲ"

ရဲနောင်စကားကြောင့် အားလုံး စိတ်ဝင်စားသွား၏။

"စဉ်းစားကြည့်လေကွာ၊ တစ်သက်လုံးလည်း အလုပ်မလုပ်၊ တဲ အိမ်ထောင်ကျတော့လည်း တကယ့်သူဌေးသမီးနဲ့ညားတော့ ပြီးပြီ ပေါ့၊ ထဘီနားခိုစားပြီး တူတူရေဝါးလုပ်နေရုံပဲ"

အားလုံး ခေါင်းညိတ်ထောက်ခံကြသည်။ မဥ္ဇူ၏ဖခင်မှာ မည်မျှချမ်းသာကြောင်း မခန့်မှန်းနိုင်။ ဒါကြောင့် သူ့သမီးလုပ်သမျှ ဒိုင်ခံရှင်းပေးနေနိုင်ခြင်း ဖြစ်၏။ လျှော်စရာရှိလျှော်သည်၊ တောင်းပန်စရာရှိ ကိုယ်တိုင်လိုက်တောင်းပန်တတ်၏။

"အေး. . . ဒါပေမဲ့ သတိတော့ထားရမယ်ကွ"

"ဘာကိုလဲ"

ရဲနောင်စကားကို ကျော်ရဲ စိတ်ဝင်စားသွားသည်။

"ကြားဖူးတယ်မဟုတ်လား စကားပုံရှိတယ်လေ၊ မိန်းမတွေ ဟာ ပထမအရွယ်က မိဘကို ဒုက္ခပေးတဲ့အရွယ်၊ ဒုတိယအရွယ်က သင်ယောကျ်ားကို ဒုက္ခပေးတဲ့အရွယ်၊ တတိယအရွယ်က သမက်နဲ့ ချွေးမကို ဒုက္ခပေးတဲ့အရွယ်တဲ့၊ ကဲ. . . အခု မဥ္ဇူက ဒုတိယအရွယ် ရောက်ပြီ"

"ဟာ. . မင်းကလည်းကွာ"

ရင်ထဲ တထိတ်ထိတ်ခုန်သွား၏။

"သူ. . . သူ ပြောင်းလဲနေပါပြီ"

ဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ ယုံကြည်စွာရေရွတ်မိသည်၊

"အေးကွာ. . . မင်းအဖေနဲ့အမေ မလာနိုင်တာတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပဲ"

အောင်သူရကပြောသည်။ ကျော်ရဲက သက်ပြင်းချရင်း. .

"ရှုတ်တရက်ကြီးဆိုတော့ ဘယ်လွယ်ပါ့မလဲကွာ၊ ငါလည်း လှမ်းခေါ်တာပဲ၊ ဒါပေမဲ့ ဘယ်လိုမှ လာလို့မလွယ်တော့ မင်္ဂလာဆောင်ကျမှပဲ ကြိုတင်လာတော့မယ်တဲ့၊ နောက်ပြီး သူတို့ချင်းလည်း စကားပြောပြီးပြီလေ"

"ဘယ်သူနဲ့"

"မဥ္ဇူအဖေနဲ့လေ၊ သူတို့ချင်းတော့ နာမည်ကြားဖူးနေတယ်တဲ့ကွ"

"ဆရာကြီးတွေပဲ"

အားလုံးရယ်မိကြသည်။

"ဒါနဲ့ မဥ္ဇူအဖေရဲ့ တပည့် တင်ဆွေဆိုတဲ့သူက မကျေနပ်ဘူးဆို"

ကျော်ရဲ သက်ပြင်းချမိသည်။

"ဘယ်ကြည်ပါ့မလဲကွာ၊ သူ့မှာလည်း ပါးစပ်နားရောက်မှ ပုတ်အချခံရတဲ့အပြင် အလုပ်လည်းအထုတ်ခံလိုက်ရတာကိုး သူ့အနေနဲ့ကတော့ နာကြည်းစရာပေါ့၊ ဒါကိုပေါက်ကွဲပြီး စေ့စပ်ပွဲကိုလည်း သူလိုပဲ ပျက်သွားအောင်လုပ်မယ်ဆိုပြီး ကြိမ်းဝါးနေတယ်"

"ကြည့်လုပ်ပါဦး၊ တကယ်ဝင်ဖျက်နေဦးမယ်"

ရဲနောင်၏ စိုးရိမ်စကား။ ကျော်ရဲက ပြုံးလိုက်ပြီး. . .

"ဘယ်လိုဖျက်လို့ရမှာလဲကွာ၊ အခုပဲ ပွဲကဖြစ်တော့မယ် နောက်ပြီး မဥ္ဇူအဖေ ဦးကျော်မင်းဆွေကို သူ မလွန်ဆန်ရဲပါဘူး ဒါကြောင့် စေ့စပ်ပွဲကိုတော့ သူလာရဲမှာမဟုတ်ဘူး"

"လာရင်"

"ဟိုကထုလွှတ်လိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းလာနေတယ် ကိုင်လိုက်ပါနော်၊ မကိုင်ဘူးလား၊ စိတ်ဆိုးလိုက်မှာနော်"

ဖုန်းသံမြည်လာ၏။ ယူကြည့်လိုက်တော့ သူမတို့အိမ်ဖုန်း။

"ဟဲလို"

"မောင်ကျော်ရဲလား"

ဦးကျော်မင်းဆွေ အသံ။ ရင်ထဲထိတ်ခနဲ။

"ဟုတ်ကဲ့ဦး၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဦးဘာပြောမလို့လဲ"

"ဪ. . . အိမ်ကမထွက်သေးဘူးလားလို့၊ အဲဒါလှမ်းမေးတာ"

"ဪ. . . ဟုတ်. . . ဟုတ် ဦး၊ အခုထွက်လာပါပြီ၊ ဒါနဲ့ မဥ္စူရော"

"အင်း. . . အခု ဦးနဲ့အတူထွက်လာမလို့ပဲ၊ အဲဒါလွဲနေမှာစိုးလို့"

"စိတ်ချ. . . စိတ်ချဦး၊ မလွဲစေရပါဘူး"

"အေး. . . အေး ဒါပဲနော်"

ဖုန်းချသွားသည်။

"ဘာတဲ့လဲ"

မင်းမခမေးသည်။

"လွဲနေမှာစိုးလို့တဲ့"

"လွဲစရာလားကွာ၊ ဒါနဲ့ မဥ္စူရော"

"သူ့အိမ်မှာပဲလေ"

"ရှိနေတာပေါ့"

"အင်း. . . သူ့အဖေကတော့ အတော်ပြောင်းလဲသွားလို့ အံ့အားသင့်နေရတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com





မဥ္စူတို့အိမ်က
အေးအေးချမ်းချမ်း
ရှိသော
မြို့ပြင်တွင်
ရှိသဖြင့်
အတော်
လှမ်းသည်ဟု
ဆိုရပေမည်

အားလုံးရယ်မိကြသည်။ အောင်သူရက ကျော်ရဲပခုံးကိုပုတ်ပြီး. . .

"ဒါ. . . ကျော်ရဲရဲ့အစွမ်းပေါ့ကွာ၊ စူပါပါဝါကျော်ရဲလို့ နာမည်ပြောင်းရမယ်"

အားလုံးရယ်ကြရပြန်သည်။

"ကဲ. . . သွားကြရအောင်၊ ကိုယ်က နောက်ကျနေရင် မကောင်းဘူး၊ အချိန်က သိပ်ကပ်နေပြီ"

"မီပါတယ်ကွာ၊ ငါတို့က နီးနီးလေး၊ သူတို့သာဝေးတာ"

ဟုတ်ပါသည်။ မဥ္စူတို့အိမ်က အေးအေးချမ်းချမ်းရှိသော မြို့ပြင်တွင်ရှိသဖြင့် အတော် လှမ်းသည်ဟုဆိုရပေမည်။

"ဘာပဲဖြစ်ဖြစ်ကွာ သွားရအောင်"

"အေးပါ၊ သတို့သားလောင်းရာ၊ ဒီမိန်းမက ထွက်မပြေးပါဘူး"

အားလုံး ပျော်ပျော်ရွှင်ရွှင်ပင်။

×××××



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဦးကျော်မင်းဆွေ စိတ်မရှည်နိုင်တော့။ သွားနေကျလမ်းက ဒီနေ့မှ လမ်းပိတ်နေသည်။ လမ်းပြင်နေ၍ဖြစ်သည်။ ခါတိုင်းလည်း လမ်းတစ်ဖက်ကပိတ်ပြီး ပြင်နေတာပါပဲ။ ဒါပေမဲ့ ကားနှစ်စီးချောင်ချောင်လေး သွားလျှင်ရနေသည်မို့ ကိစ္စမရှိ။ ယခုမှ ထူးခြားစွာလမ်းပိတ်နေသည်။

"တီ. . . တီ. . . တီ. . . တီ"

ကားဟွန်းသံများဖြင့် ဆူညံနေသည်။ လမ်းကနှစ်လမ်းသွားမှာ တစ်လမ်းကို ပိတ်ပြီးပြင်နေ၍ နှစ်ဖက်သွားသော ကားများ ခေါင်း

www.burmeseclassic.com


ချင်းဆိုင်ပြီး ပိတ်ကုန်၏။ သည်ကြားထဲ ကိုယ့်နောက်မှာကလည်း ကားတန်းရှည်ကြီးမို့ ပြန်ကွေ့ထွက်၍လည်းမရ။ ရှေ့တိုးလို့လည်း မရနှင့် အလယ်မှာ ကန့်လန့်ကြီးရပ်နေရ၏။

"ဒုက္ခပါပဲ"

မဉ္ဇူ၏ညည်းသံ။ ဒီနေရာမှာ ကားပိတ်နေတာ အတော်ကြာပြီ။ ကားကို ဒရိုင်ဘာခေါ်မမောင်းဘဲ ကိုယ်တိုင်မောင်းမှ စိတ်ချသူမို့ ကားကိုပစ်ပြီးတော့လည်းသွားမရ။

မဉ္ဇူကအလှပြင်တာ ဝါသနာမပါ၍ အဖော်အလော့် ပင်မပါ။ နှစ်ယောက်တည်းမို့ ဒုက္ခရောက်နေသည်။

နာရီကြည့်တော့ ကိုးနာရီခွဲနေပြီ။

မင်္ဂလာအချိန်က ကိုးနာရီမှ ဆယ့်တစ်နာရီထိ။ ကျော်ရဲတို့ စောင့်နေမှာသေချာသည်။

"တောက်. . . လိုင်းကားနှစ်စီးကွာ တစ်စီးနောက်ဆုတ်ပေးလိုက်ရင် ရတဲ့ဟာကို"

မှန်ပါသည်။ လမ်းပိတ်သည့်ထိပ်တွင် လိုင်းကားနှစ်စီးက ညစ်ပြီး ခေါင်းချင်းဆိုင်ရပ်နေကြခြင်း ဖြစ်၏။ ကားဟွန်းကိုလည်း ဆူညံစွာ တီးနေကြသည်။ ထူးခြားသည်က ထိုကားနှစ်စီးပေါ်တွင်လည်း ခရီးသည်လည်း ဖြစ်ဖြစ်မြောက်မြောက် မတွေ့ရ။ ရှင်းနေသည်။

အမှန် တစ်ယောက်ယောက် နောက်ဆုတ်၍ လမ်းဖယ်ပေးလိုက်လျှင် တစ်ဖက်ကတော့ သေချာပေါက် ထွက်သွား၍ရနိုင်သည်။

"တီ. . . တီ. . . တီ"

ဖုန်းမြည်သံ။

"ဟဲလို"

"ဟဲလို. . . ဦး ကျွန်တော်တို့စောင့်နေပြီ၊ ဦးမလေးဦးသဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရော လူကြီးတွေရော ရောက်နေပါပြီ"

ကျော်ရဲအသံ။

"ဩော်. . . အင်း မောင်ကျော်ရဲ၊ ဒီမှာ သမီးမဥ္ဇူလည်းပါတယ်၊ ကားလမ်းတွေပိတ်နေလို့ နည်းနည်းနောက်ကျမယ်ထင်တယ်"

"ဩော်. . . ဟုတ်ကဲ့ဦး၊ ရတယ်လေ ကျွန်တော်တို့ စောင့်လိုက်ပါ့မယ်၊ အန္တရာယ်ကင်းအောင်သာလုပ် ပါ"

"အေး. . . အေး လာခဲ့ပါပြီကွယ်"

ဖုန်းကိုချလိုက်သည်။

"ဘာတဲ့လဲဖေဖေ"

မဥ္ဇူ၏အမေး။

"ကျော်ရဲတို့ စောင့်နေတာပေါ့၊ ဖေဖေတို့မရောက်သေးလို့ စိပ်ပူနေတာ"

"ဟင်း"

မဥ္ဇူထံမှ သက်ပြင်းချသံ။

"ဒီလိုလုပ်ပါလား ဖေဖေ၊ သမီး ဒီကလမ်းဆင်းလျှောက်သွားလိုက်မယ်"

ဦးကျော်မင်းဆွေ သမီးကို ပြန်ကြည့်မိသည်။

"ဟောဒီလမ်းချိုးရောက်ရင် ဟိုဖက်ကိုသွားနေတဲ့ကားအများကြီးရှိတာပဲ၊ အဲဒီကနေ သမီး တက္ကစီပဲငှားသွားလိုက်မယ်"

ဦးကျော်မင်းဆွေ သမီးဖြစ်သူကို အသေအချာပြန်ကြည့်မိသည်။ မဥ္ဇူက ကိုယ်လေးကျုံ့ပြီး. . .

"မမီမှာစိုးလို့ ပြောတာပါဖေဖေ"

ဦးကျော်မင်းဆွေ သက်ပြင်းချမိသည်။ သမီးပြောတာက သဘာဝကျနေသည်။ ဒီအတိုင်းဆို ဘယ်အချိန်ထိ လှမ်းပိတ်နေမယ်



www.burmeseclassic.com

www.burmeseclassic.com



မသိ၊ ထို့ကြောင့်. . .

"အင်းလေ. . . အခုအတိုင်းဆို အဲဒီအစီအစဉ်ပဲ ကောင်း မှာပေါ့"

"ကျေးဇူး ဖေဖေ"

မဋ္ဌ ဖျတ်ခနဲ ကားပေါ်မှဆင်းလိုက်သည်၊

"သမီး"

မဋ္ဌ လှည့်ကြည့်သည်၊

"ရောက်အောင်သွားနော်"

သူမပြုံးလိုက်သည်၊

"သမီးမညာတတ်တော့ပါဘူး ဖေဖေ"

xxxx



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကောင်းစားလှနှင့်မို့ မဥူလမ်းလျှောက်ရတာ မလုံမလဲ ဖြစ်နေမိ၏။ ကားများကလည်း လမ်းပိတ်ရပ်နေသည်မို့ အားလုံး ဝိုင်းကြည့်နေသယောင် ခံစားရသည်။ ထို့ကြောင့် ခပ်သုတ်သုတ် လျှောက်ရင်း လမ်းချိုးမှကားများ ဖြတ်သန်းသွားလာရာသို့။

ကိုယ်ပိုင်ကားများသာ အသွားအလာများသည်မို့. . .

"တက္ကစီငှားမရရင်တော့ ဒုက္ခပါပဲ"

ရင်ထဲထိတ်ခနဲ စိုးရိမ်သွားမိသေး၏။ သို့သော် ထင်သလို မဟုတ်ဘဲ တက္ကစီကားများ ဆယ်စီးမျှတန်းစီရပ်ထား၍ ဝမ်းသာ သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဘယ်တုန်းက တက္ကစီဂိတ်ဖြစ်သွားပါလိမ့်"

စိတ်ထဲမှာ ဇဝေဇဝါ။

သူမလည်း လမ်းပေါ်မှာအနေများ၍ သတိထားမိသည်၊ သို့သော် နောက်ကျနေမည်စိုး၍ အရန်သင့်ရပ်ထားသော တက္ကစီကားပေါ် အလျင်အမြန်တက်လိုက်သည်။

ကားကလေးက ငြိမ့်ခနဲထွက်သည်၊

"ကားဆရာ. . . ကရဝိက်ကိုမောင်းပေးပါ"

"သိတယ်အစ်မ"

"ဟင်"

ကားဆရာပြောလိုက်သော စကားကြောင့် မဠူ အံ့အားသင့်သွားသည်။

"ဘယ်လိုလုပ်သိတာလဲဟင်"

ကားဆရာက ဘာမှပြန်အဖြေမပေးဘဲ ကားကိုသာ ဂရုတစိုက်မောင်းနေသည်။ သူလည်း ဒါမျိုးအတွေ့အကြုံ များစွာရှိသူမို့ အေးဘီဝေ့ကြည့်မိသည်။ ခုနရပ်ထားသော တက္ကစီကားများ တစ်ပြိုင်တည်းထွက်လာသလို။

"စိတ်ထင်လို့ဖြစ်မှာပါလေ"

ဟုတွေးရင်း စိတ်လျှော့ထားလိုက်သည်။ ကရဝိက်ရောက်လျှင် ကျော်ရဲနှင့်ဆုံတွေ့ရမှာမို့ ရင်ခုန်ချင်ချင်။ သူမ၏ တစ်သက်တာတွင်လည်း လိမ်ညာခြင်းကို ရာသက်ပန် စွန့်လွှတ်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ မျက်လုံးမှိတ်ပြီး ရှေ့ရေးကိုတွေးနေမိသည်၊

ကားလေးက ဖျတ်ခနဲ လမ်းဘေးထိုးရပ်လိုက်သည်။

"ဟာ. . . ဘာလို့ရပ်တာလဲဟင်"

ရင်ထဲထိတ်ခနဲ မျက်လုံးဖွင့်ကြည့်မိသည်။ သို့သော်. . .

"လူတစ်ယောက်တင်မလို့ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ကားခေါင်းခန်းကို ဝင်ထိုင်သည်။ ရုတ်တရက်မို့ မမြင်လိုက်ရ။

"အရေးထဲ"

တက္ကစီသမားများမှာ လမ်းကြုံလူတင်နေကျမို့ ထိုသို့သာ ထင်မိသည်။ စိတ်အနည်းငယ် ပျက်သွားမိသည်။

ကားလေးက အရှိန်မှန်မှန် ပြန်မောင်းနေသည်။

××××

www.burmeseclassic.com

www.burmeseclassic.com



မဉ္ဇူထွက်သွားပြီး သိပ်မကြာမီမှာပင် ပိတ်နေသောကား တစ်စီး နောက်ဆုတ်ပေး၍ လမ်းရှင်းသွားသည်မို့ ဦးကျော်မင်းဆွေ ဖြည်းညင်းစွာ ကားမောင်းထွက်လာသည်။ လမ်းကွေ့လေးနား မဉ္ဇူကို တွေ့ရလေမလားဟူ၍ လိုက်ကြည့်မိသေးသည်။ မတွေ့တော့။

"အေးလေ. . . တက္ကစီငှားသွားတာဖြစ်မှာပေါ့၊ ရောက်ရင်လည်း ရှေ့ဆင့်နောက်ဆင့်ပါပဲ"

နာရီကြည့်တော့ ဆယ်နာရီထိုးရန် ဆယ်မိနစ်။

×××××



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲတို့လူစု လည်တဆန့်ဆန့် ဖြစ်နေသည်။ ဒီဖက် တစ်ခြမ်းက စုံနေပြီ။ သူတို့ဖက်က တစ်ခြမ်းကလည်း အသိသက်သေ နှင့် ရောက်သင့်သူများ ရောက်နေပြီ။ အဓိကကျသူတို့ကသာ မရောက်သေး။

ကျော်ရဲ ဇောချွေးတို့ စိမ့်ထွက်နေသည်၊ ရင်ထဲမှာလည်း တထိတ်ထိတ်နှင့်။

"ဟော့ကောင် ကျော်ရဲ ဖုန်းဆက်ကြည့်စမ်းပါဦး"

ဦးသဲမောင်စကား။ ကျော်ရဲက ခေါင်းကုတ်ပြီး. . .

"ခဏခဏဆက်လို့ ကောင်းပါ့မလား၊ တော်ကြာ မယုံသလို ဖြစ်နေဦးမယ်"

"အာ. . . ဆက်ရမှာပေါ့ကွ၊ ဒါက အရေးကြီးတဲ့အချိန်ပဲ"

ရဲနောင်က ဝင်ပြောသည်။

"ကဲ. . . ဒါဆိုလည်း ဆက်ကြည့်တာပေါ့ကွာ"

ဖုန်းနံပါတ်နှိပ်လိုက်သည်။

"တူ. . . တူ"

ဖုန်းဝင်သွားသည်။

"လာနေပြီ ကျော်ရဲရေ၊ လာနေပြီ၊ ကားလမ်းက အခုမှရှင်းလို့၊ ဒါပဲနော် ကားမောင်းရင်း ဖုန်းပြောရတာ အဆင်မပြေလို့"

ဖုန်းချသွားသည်။

"ငါပြောသားပဲ လာနေပါပြီဆို၊ လမ်းပိတ်နေတာ၊ အခုမှ ရှင်းလို့တဲ့၊ အားနာစရာကွာ"

ကျော်ရဲစကားကြောင့် အားလုံးသက်ပြင်းချနိုင်သည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com


ဖုန်းကိုချပြီးမှ ဦးကျော်မင်းဆွေ သတိရသည်။

“ဪ. . . သမီးရောရောက်ပြီလား မေးလိုက်ရမှာ မေးတောင်မမေးလိုက်ရဘူး”

ဖုန်းပြန်ဆက်ရန် ပြင်သေးသည်။ နောက်မှ. . .

“အေးလေ. . . ရောက်လည်းရောက်တော့မှာပဲ၊ သမီးရောက်နေလို့ ဖုန်းဆက်တာဖြစ်မယ်”

စိတ်လျှော့၍ ကားကိုသာ ဂရုတစိုက်မောင်းနေလိုက်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်. . . ဘယ်ကိုမောင်းနေတာလဲဟင်"

သွားရမည့်လမ်းမဟုတ်ဘဲ တစ်လမ်းမောင်းလိုင်းထဲ ချိုးဝင်သွား၍ မဥ္ဇူရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"ဒီအစ်ကိုကြီးကို အရင်ပို့မှာအစ်မလေး"

ကားဆရာ၏စကားသံ။ မဥ္ဇူ ဘဝင်မကျဖြစ်သွားသည်၊

"ဒီမှာအရေးကြီးနေပါတယ်ဆိုမှ"

"သိပ်လည်းအရေးမကြီးပါနဲ့ ဒေါ်မဥ္ဇူ၊ စေ့စပ်ပွဲကို မမီတော့ပါဘူး"

"ဟင်"

". . . ."

"ကိုတင်ဆွေ"

xxxxx



www.burmeseclassic.com

www.burmeseclassic.com





ဦးကျော်မင်း
ဆွေကားပေါ်
မှဆင်းလိုက်
သည်။
ပြီးနောက်
ဘေးဘီဝဲ့
ကြည့်ပြီး. .

ဦးကျော်မင်းဆွေ ကပ္ပဝိက်ရှေ့ ကားထိုးရပ်လိုက်သည်၊ ကျော်ရဲက ကမန်းကတန်း ပြေးလာပြီး တံခါးလာဖွင့်ပေးသည်၊

"စောင့်လိုက်ရတာဦးရယ်"

ဦးကျော်မင်းဆွေ ကားပေါ်မှဆင်းလိုက်သည်၊ ပြီးနောက် ဘေးဘီဝဲ့ကြည့်ပြီး. . .

"မဥ္စုရော"

"ဟင်"

အားလုံးမျက်လုံး ပြူးသွားကြသည်၊

×××××



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်ဆွေ. . . ရှင်. . . ရှင်"

ကားခေါင်းခန်းမှ လိုက်လာသောတင်ဆွေ၊ ခုန ကားဆရာ က လူတင်မည်ဆို၍ တင်လိုက်သောသူ၊ ကားလေး၏အရှိန် မြင့်တက်သွား၏။

"သိပ်မကြောက်ပါနဲ့ မညို၊ ဘာမှမလုပ်ပါဘူး၊ စေ့စပ်ပွဲမမီ ရုံကလေးပါ"

"ဟင်. . ရှင်. . ရှင် ယုတ်မာလှချည်လား၊ ဘာသဘောနဲ့ လုပ်တာလဲ"

မညို၏ ဒေါသတကြီးအသံ၊ မျက်ရည်များက ဘယ်တမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိ စိမ့်ထွက်လာ၏။

"ဟား. . . ဟား ဘယ့်နှယ်ယုတ်မာရမှာလဲ ကလေးရဲ့၊ မင်း ကိုယ့်ကို လုပ်ခဲ့တဲ့အတိုင်း ပြန်လက်စားချေတာလေ၊ ဟဲ ဟဲ ဟဲ"

ကားက ဘယ်ကိုမောင်းနေမှန်း မသိရ။ မျက်ရည်များ ပိုးပိုး ပေါက်ပေါက် ကျလာ၏။

"ဒီမှာကိုတင်ဆွေ ဒီ. . . ဒီလိုတော့မလုပ်ပါနဲ့၊ ရှင် ကျွန်မကို အရှက်မခွဲချင်ပါနဲ့"

"ဟား. . . ဟား ကိုယ့်အလှည့်ကျ ကြောက်သလား မဥ္စု၊ မင်း ငါ့ကိုအရှက်ခွဲခဲ့တာရော မေ့သွားပြီလား"

ဘယ်ကဘယ်လို ပြောရမှန်းပင်မသိတော့၊

"ဒီမှာကိုတင်ဆွေ ရှင်ဒီလိုလုပ်တာ အဖေသိသွားမှာ မကြောက်ဘူးလား"

တင်ဆွေ ပခုံးတွန့်လိုက်သည်၊

"ဘာကြောက်စရာရှိလဲ မဥ္စုရယ်၊ ကိုယ်က မင်းအဖေရွေ့လို့ ရတဲ့ အရုပ်ကလေးမှမဟုတ်တော့တာပဲ၊ ဟဲ ဟဲ"

ဖြေရှင်းရန် စကားမရှိတော့၊

"ကျွန်မ. . . ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မကို ပြန်ပို့ ပေးပါ၊ ရှင်. . . ရှင် လိုချင်တယ်ဆိုရင် လိုသလောက်ငွေ ကျွန်မ ကျွန်မပေးပါ့မယ်၊ အဟင့်. . . ကျွန်မကိုတော့ ပြန်ပို့ပေးပါ"

"ဟား. . . ဟား. . . ဟား"

တင်ဆွေ၏ရယ်သံ၊

"ဟား. . . ဟား ငွေဟုတ်လား၊ ငွေကရှာလို့ရနေတာပဲ အရေးကြီးလို့လား ဟားဟား"

တင်ဆွေ၏မျက်နှာက ကြောက်မက်ဖွယ်ကောင်းနေ၏။

"အရေးကြီးတာ ဂုဏ်သိက္ခာ"



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်သိက္ခာ၊ ရှင့်ရဲ့ဂုဏ်သိက္ခာအတွက်၊ ဘာလုပ်ပေးရမလဲ"

"နိုးနိုး ကိုယ့်ရဲ့ဂုဏ်သိက္ခာမဟုတ်ဘူး၊ မင်းအဖေ ဦးကျော်မင်းဆွေနဲ့ မင်းရဲ့ဂုဏ်သိက္ခာ"

"အဖေနဲ့ကျွန်မ"

တင်ဆွေ ခေါင်းညိတ်သည်။

"မှန်တာပေါ့၊ စေ့စပ်ပွဲ နှစ်ခါပျက်ခဲ့တဲ့ သမီးကညာ အလိမ်အညာလေးရဲ့ အဖေဆိုတဲ့ ဂုဏ်သိက္ခာ၊ ကျွတ် ကျွတ် ကျွတ် သနားစရာကောင်းလိုက်တာ၊ ဟား ဟား ဟား"

"အား. . . ဟား ဟား"

မဥ္ဇူ အာခေါင်ခြစ်၍ အော်ငိုမိသည်။ သူမအဖြစ်က ဖြည့်တွေးစရာမရှိတော့။ ယခင်က လိမ်ညာခဲ့သောအကျင့်ဆိုးက ဒုက္ခပေးလေပြီ။

"အိုး. . . ဆယ့်တစ်နာရီတောင် ထိုးတော့မှာပဲ၊ ကျွတ်. . . ကျွတ် သနားစရာ"

ပြေး၍လည်း လွတ်မည်မဟုတ်။ ကားပေါ်ကခုန်ချလျှင်လည်း သေရုံသာရှိမည်။ ထို့ကြောင့်. . .

"ကယ်ကြပါဦးရှင်၊ ဒီမှာ ကျွန်မကိုကားတင်ပြေးလို့၊ ကယ်ကြပါဦးရှင်"

"ဟင်"

မဥ္ဇူ၏ ကျယ်လောင်သောအော်သံကြောင့် တင်ဆွေမျက်လုံးပြူးသွားသည်။

"ဟေ့. . . ဟေ့ မအော်. . . မအော်နဲ့လေ"

ပါးစပ်ကို အတင်းလိုက်ပိတ်ဖို့ ကြိုးစားသေး၏။ အရှေ့နှင့်အနောက်မှ မမီ။

"ကယ်ကြပါဦးရှင်. . . ဒီမှာ ကျွန်မကို ကားတင်ပြေးလို့၊



www.burmeseclassic.com

www.burmeseclassic.com



တယ်ကြပါဦး"

မဥ္ဇူ၏အော်သံကြောင့် ဘေးနား ကားများက ဝိုင်းကြည့်ကြသည်။

"ဟေ့. . . ဟိုကားက ကောင်မလေးတစ်ယောက် အော်နေပါလား၊ ဘာဖြစ်လို့လဲ"

"သူ့ကို ကားတင်ပြေးလို့တဲ့ဟေ့"

"ဟေ့. . . ဒါဆိုလိုက်၊ လိုက်ကြလေကွာ"

"အေး. . . လိုက်ကြဟေ့၊ သူ့ကားရှေ့ပိတ်ရပ်ကြကွ"

အားလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်၏။

"ဟေ့. . . ဟေ့ မအော်နဲ့လေ၊ ဟေ့ကောင် ကားမှန်တင်လေကွာ"

"မှန်ပျက်နေတယ်အာစရိ"

"ဟာ"

"ကယ်ကြပါဦးရှင်"

"ကွိ. . . ကွိ"

"ဟာ"

တစ်လမ်းမောင်းလမ်းလေး ရှုပ်ပွသွား၏။ ကျော်တက်သံများ၊ ဘရိတ်နင်းသံများ၊

"ကယ်ကြပါဦးရှင်"

"ကွိ"

ကားတစ်စီးက သူတို့ရှေ့ ပိတ်ရပ်လိုက်သည်။

"ဘာဖြစ်တာလဲဟေ့"

"သူ. . . သူ ကျွန်မကို အလိုမတူဘဲ ကားတင်ပြေးလို့"

မဥ္ဇူ၏စကား၊ အားလုံးက. . .

"ဟာ. . . ဒီကောင်အိုကြီးအိုမနဲ့ မကြံကောင်းမစည်အပ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ ချကွာ"

"ဟုတ်တယ်၊ ဒီကောင့်ရုပ်မျိုး ထောင်ထဲမှာတောင် မမြင်စေနဲ့ဟေ့"

အလိုလိုနေရင်း ဒေါသထွက်တတ်သူတို့ ဟင်ဆွေအပေါ် စုပြုံသွား၏။

"မဟုတ်. . . မဟုတ်. . . ကျွန်တော်ရှင်းပြ"

"ကဲဟာ. . . ရှင်းပြဦး"

"ကဲဟာ လုပ်ဦး"

မဥ္ဇူ ကားပေါ်မှဆင်း၍ နောက်ပြန်လမ်းအတိုင်း ပြေးသွားမိသည်။

မျက်ရည်များ၊ ဇောချွေးများ ရွှဲနစ်နေသည်။

ပြေး. . . ပြေး။ တခြားကားလည်း မစီးရဲတော့။ ဘယ်သူ့ကိုမှလည်း စိတ်မချရ။

ပြေးရင်း. . . ပြေးရင်းသာ။

တင်ဆွေကတော့ ဘယ်လိုဖြစ်ကျန်ခဲ့သည်မသိ။

အရေးလည်းမကြီးတော့ ယခုအရေးကြီးနေတာက သူမခြေလှမ်းများသာ။

××××

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်. . . ဒေါင်. . . ဒေါင်"

နာရီသံ ဆယ့်တစ်ချက်ကြားရတော့ အားလုံးတုန်တက်သွားကြသည်။

ကျော်ရဲ၏မျက်နှာ အပျက်ပျက်အယွင်းယွင်းနှင့် ဇောချွေးများ စိမ့်ထွက်နေသည်။ သူ့ရှေ့မှာ စေ့စပ်ပွဲစာချုပ်နှစ်ခု။

ဦးကျော်မင်းဆွေ ကတုန်ကယင်ပါ ဖြစ်နေသည်။ သူလည်း ဘာပြောလို့ပြောရမှန်းမသိတော့။ နောက်ဆုံးအနေဖြင့်သာ. . .

"ဦး. . . ဦး တောင်းပန်ပါတယ်ကွယ်"

အသံက တိုးတိုးယဲ့ယဲ့သာ။ အားလုံး ကြိတ်မနိုင်ခဲမရခြင်း



www.burmeseclassic.com

www.burmeseclassic.com



များ။ ဦးကျော်မင်းဆွေ ထိုင်ရာမှထလိုက်သည်။ ,

"အား. . . ကျွတ်. . . ကျွတ်"

သူ့ကိုယ်သူပင် မဟန်နိုင်တော့။ အောင်သူရ ပြေးတွဲလိုက်ရသည်။ နောက် တရှုပ်ရှုပ်ခြေသံများ။

ကျော်ရဲ စာချုပ်ကိုယူ၍ သူ့ဖက်အခြမ်းကို လက်မှတ်ထိုးလိုက်သည်။ တုန်ယင်နေသောလက်ပေါ်မှကျော်၍ မျက်ရည်တို့လိမ့်ကျ၏။

"စိတ်လျှော့လိုက်ပါတော့ကွာ"

ရဲနောင်၏ နှစ်သိမ့်စကား။

"ဒီအချိန်ဆို သူကားတစ်စီးစီးနဲ့ ပါသွားပြီး ရယ်နေလောက်ပါပြီ"

မင်းမခ၏စကားက စတင်ဆုံစည်းမှုကို အမှတ်ရစေသည်။ သူ့ကားပေါ်မှာ ပျော်၍ပါလာသောပုံရိပ်များ။ ခေါင်းပေါ်မှပန်းများလမ်းမပေါ်ပစ်ချသွားပုံ။

"ဟား ဟား ဟား"

သူမ၏လှောင်ရယ်သံ။ ဖုန်းမြည်သံ။

"ဖုန်းလာနေတယ် ကိုင်လိုက်ပါ"

"ကဲဟာ"

"ခွမ်း"

ဖုန်းကိုယူ၍ နံရံကို ပစ်ပေါက်ခွဲလိုက်သည်၊ ထိုဖုန်းကြောင့်ပင် ဤကဲ့သို့ ပြဿနာများ စတင်ခဲ့သည်မဟုတ်လား။

နောက် စာချုပ်ကိုယူ၍ အလည်တည့်တည့်မှ ဆွဲဖြဲလိုက်သည်။

မျက်ရည်များ။ ရှိုက်သံများ။ တုန်ယင်နေသော. . .

××××



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းသည်"

လမ်းဘေးဖုန်းမှ ဖုန်းခေါ်သော်လည်း ဖုန်းမကိုင်တော့။ မဥ္ဇူ ပို၍ငိုမိသွားသည်။ မျက်ရည်များ၊ ချွေးများ၊ ဝတ်ကောင်းစားလှနှင့် သူမပုံမှာ အရူးတစ်ယောက်လိုဖြစ်နေလေပြီ။ တယ်လီဖုန်းပြန်ချပြီး ရောက်လိုရောက်ငြား ပြန်ပြေးမိသည်။ လူများ သူမကို တအံ့တဩ ကြည့်ကြသည်။ ဂရုမစိုက်နိုင်တော့။

"ပြေး. . . ပြေး"

ထိုမှတစ်ပါး မတတ်နိုင်။ စီးလာမသော ဒေါက်ဖိနပ်ဟလေး လွင့်ပျံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ကတ္တရာလမ်းပေါ်မှ ခြေလှမ်းများ၊ ခြေဖဝါးသို့ စူးဝင်လာသော ခဲစများ၊ သူမ နာကျင်မှုကိုပင် ခံစားရပုံမပေါ်တော့၊

ပြေးနေတုန်း. . .
ပြေးနေတုန်း
တစ်နေရာရာရောက်ရန်သာ
ပြေးနေတုံး၊

ခြေဗလာ ခြေဖဝါးမှ
သွေးတို့
ရဲခနဲ၊

သို့သော်
သူမပြေးနေဆဲ၊

××××

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းကြောင့်လို့ပဲဆိုပါတော့၊
လေပေါ်မှာ ရွက်လွှင့်နေတဲ့သစ်ရွက်လေ့၊
လေရိုင်းကြမ်းတယ်လို့ဆိုဆို၊
လွင့်ချင်ရာလွင့်နေတာ၊
ဒါကို သူက ရွက်လွှင့်သတဲ့၊
ဘယ်မှာနားခိုရမယ်ဆိုတာရော သိရဲ့လား၊
သစ်ရွက်လေ့၊
ဆက်. . . ရွက်လွှင့်လိုက်ပါဦးလေ၊

×××××



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်မောဟိုက်နေသော မိန်းမပျိုတစ်ယောက် ခန်းမထဲ ဝင်လာသည်။ ခြေဖဝါးမှာလည်း သွေးတွေ့ချင်းချင်းနီလို့။ သူမ၏ ခြေလှမ်းတိုင်း သွေးစတွေ့ လွင့်ကျန်ခဲ့သည်။

ခန်းမထဲတွင် ဘယ်သူမှမရှိတော့။

သူမ၏မျက်နှာပေါ် မျက်ရည်လား၊ ချွေးတွေလားမသိ၊ သူမ၏မျက်နှာကလည်း သွေးပျက်နေသူတစ်ယောက်လို ပျက်ယွင်းနေသည်၊ အသက်ရှူသံလား၊ ရှိုက်သံလားမသိ၊ ခပ်ပြင်းပြင်းကြားရသည်။

ဘေးဘီဝေ့ကြည့်သည်၊ လှုပ်ရှားမှုပင် မမြင်ရတော့၊



www.burmeseclassic.com

www.burmeseclassic.com


သူမ သတို့သမီးထိုင်ရမည့်နေရာတွင် ထိုင်လိုက်သည်။

သူမ၏ရှေ့တွင် နှစ်ပိုင်းဖြတ်ထားသော စေ့စပ်ပွဲစာချုပ်၊ သတို့သားနေရာတွင် လက်မှတ်။

"........"

ရှိုက်သံများ၊ နင့်သီးသောရှိုက်သံများ၊

သူမစာရွက်ကို လှမ်းယူလိုက်သည်၊ နောက် ဖွင့်လျက်သား ဘောပင်နှင့် သတို့သမီးနေရာ တုန်ယင်စွာ လက်မှတ်ထိုးလိုက်သည်၊ သူမလက်တို့ ပြင်းထန်စွာ တုန်ယင်နေသည်၊

နောက် ထိုစာချုပ်အပြကိုသာ ရင်၌အပ်၍...

"......"

ရှိုက်သံများ၊ မည်သူကမျှ ကြားနိုင်မည်နည်း။

xxxxx

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

မိသားစုလိုက် နိုင်ငံခြားထွက်သွားသော အိမ်တစ်လုံးဆီသို့ စာအိတ်တစ်ခုရောက်လာသည်။

သို့သော် စာလက်ခံမည့်သူမရှိ၍ စာပို့သမားလေးက မည်သူ့ကိုပေးရမှန်းမသိတော့။

စုံစမ်းတော့လည်း. . .

"သူ့မိဘတွေက ထွက်သွားတာကြာပြီ၊ ကောင်လေးကတော့ မနေ့တစ်နေ့ကပဲ လိုက်သွားတယ်၊ သူ့ဦးလေးက ပါသွားလား၊ နေခဲ့လားမသိဘူး၊ ဒီမှာတော့ မတွေ့တော့ဘူး"

စာပို့သမားလည်း ယောင်လည်လည်နှင့် ဘာလုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ထို့ကြောင့် မူရင်းပို့ သည့်နေရာသို့ ပြန်ပို့ပေးလိုက်သည်။

သို့သော် လိပ်စာမှားနေသည်ဆိုကာ ပြန်ရောက်လာသည်။

ထိုစာအိတ်ကိုဖွင့်ကြည့်တော့ စေ့စပ် စာချုပ်တစ်ခု။

သတို့သား၊ သတို့သမီး လက်မှတ် အ ပြည့်အစုံပါသည်။

သို့သော် အလယ်တည့်တည့်နားက အစအဆုံး စုတ်ပြဲနေ၍ တစ်စုံတစ်ယောက်က အသေအချာ ပြန်ကပ်ထားပုံမျိုး။

ထိုစာအိတ်ကိုပင် လက်ခံမည့်အိမ်ရှင် ပြန်ရောက်လာလျှင် တွေ့လိုတွေ့ငြားအိမ်၏ စာတိုက်ပုံးတွင် ပလတ်စတစ်အိတ်နှင့် ထုပ်၍ သေချာစွာထည့်ထားပေးလိုက်လေသည်။

ေ လ း စ ၁ း စွ ၁ ကြို း စ ၁ း လျ က်

အကြည်တော်

BURMESE CLASSIC



www.burmeseclassic.com